ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့၊ (12-3-2015) (၈၁၄၂)

နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခု ဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့် စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့အမှုထမ်းပေါင်းစုံသမဂ္ဂနှင့် ညစာစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

# ဘဏ်လုပ်ငန်း၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ခရီးသွားလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အလားအလာများ ဆွေးနွေး



**နေပြည်တော် မတ် ၁၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ် ငုယင်သီဒွမ်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာကဏ္ဍ၊ နိုင်ငံတကာနှင့် ဒေသတွင်းရေးရာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ်လုပ်ငန်း၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ခရီးသွားလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးဇေယျာအောင်၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယသမ္မတနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဖန်သန်ဇွန်းလည်း တက်ရောက်သည်။

ယခုနှစ်သည် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေး နှစ်(၄၀)ပြည့်အထိမ်းအမှတ် နှစ်တစ်နှစ်ဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်မှုပမာဏအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃၉ ဒသမ ၂၈ သန်းရှိပြီး မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၀၅ သန်းနှင့် ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈၃ ဒသမ ၂၃ သန်းဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေဖြင့် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ်က ဗီယက်နမ်နိုင်ငံသို့ လေးကြိမ်တိုင်သွားရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတ တစ်ဦးအနေဖြင့် ၂၀၁၂ခုနှစ် မတ်လအတွင်းက ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်စဉ် သမ္မတ မစ္စတာ ကျူးသန်စန်းနှင့် တွေ့ဆုံခဲ့သည်။

အလားတူ ဗီယက်နမ်သမ္မတ မစ္စတာ ကျူးသန်စန်းကလည်း ၂၀၁၂ခုနှစ် နိုဝင်ဘာလအတွင်းက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်တွေ့ဆုံခဲ့ကာ ခရီးစဉ်နှင့်ပတ်သက်၍ နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ **(သတင်းစဉ်)**

# ပါကစ္စတန်နိုင်ငံမှ ချစ်ကြည်ရေးရေတပ်စစ်ရေယာဉ် ရန်ကုန်သို့ ရောက်ရှိ



**ရန်ကုန် မတ် ၁၁**

ပါကစ္စတန်နိုင်ငံမှ ချစ်ကြည်ရေးရေတပ်စစ်ရေယာဉ်သည် မတ် ၁၀ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာကြောင်း ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ သိရသည်။

အဆိုပါရေယာဉ်မှ လိုက်ပါလာသူ ရေယာဉ်မှူးနှင့် စစ်သည်၊ အရာရှိ၊ အရာခံများအား ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက မတ် ၁၀ ရက် ညပိုင်းက သံလျက်စွန်းရေတပ်စခန်းတွင် ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ ရေတပ်မှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၁ ရက် နံနက်ပိုင်းတွင်

**စာမျက်နှာ ၈ ကော်လံ ၄ သို့ ✻**

မြန်မာ့ပညာရေးကို
ဘယ်ပုံဘယ်နည်း
ဖော်ဆောင်ကြမှာလဲ . . .
စာမျက်နှာ - ၆

## ထူးခြားသည့် နေ့အပူချိန်များ

| | |
|---|---|
| ချောက် | ၄၃ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၂ ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၂ ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်း | ၄၁ ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၁ ဒီဂရီစင်တီဂရိတ် |
| ပြည် | ၄၁ ဒီဂရီစင်တီဂရိတ် |
| သာယာဝတီ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၁ ဒီဂရီစင်တီဂရိတ် |

သမရိုးကျခြင်လုံဇကာ ၏ အားနည်းချက် အားလုံး ကို ဖြည့်စွက် ပေး နိုင် သော
Roll-Up™
ရိုလာ(ROLLER) ခြင်လုံဇကာ




☎ 09-25 991 8812 , 09-25 991 8813

အရုံသင့်တပ်ဆင်နိုင်သော ရေချိုးခန်း


V1207
Size :80cm X 120cm X 215cm
- ခေတ်မီသော လှနေမှုဘဝပုံစံ
- ရေပန်းခေါင်း၊ လက်ကိုင်ရေပန်း၊ Radio, Exhaust Fan အပြည့်အစုံပါဝင်
- စွတ်စို ညစ်ပေခြင်း ကင်းဝေးပြီး သန့်ရှင်းရလွယ်ကူ
- အလွယ်တကူ တပ်ဆင်နိုင်
☎ 01 - 400434 , 09 -25 991 8813

Show Room 1 : အမှတ် N 8 / အခန်း (၀၀၁)၊ လေးဒေါင့်ကန် လမ်းမကြီး၊ တာမွေလေး ရပ်ကွက်၊ ( Super One & ILBC အနီး)၊ တာမွေမြို့နယ်။ Show Room 2 : အမှတ် E- 21 ၊ သီရိရတနာ လက္ကားဈေး၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာ။ (အောင်မင်္ဂလာ အဝေးပြေး အနီး)

ကြေးမုံ စာတည်းရှုထောင့် ၁၂-၃-၂၀၁၅၊ ကြာသပတေးနေ့

## မွေးမြူရေးနှင့် ကုသရေး

မိမိတို့နိုင်ငံ၏ ပင်မစီးပွားရေးသည် စိုက်ပျိုးရေးဖြစ်သလို စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုလည်းတွဲဖက်၍ တစ်ပိုင်တစ်နိုင် လုပ်ကိုင်နေကြသည်။ ကျေးလက်ဒေသတွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်း မှီတင်းနေထိုင်လျက်ရှိရာ စိုက်ပျိုးရေးသည် ပင်မအသက်သွေးကြောလုပ်ငန်းဖြစ်သည်။ လယ်ယာလုပ်ငန်း၏ ပင်တိုင်လုပ်အားရှင် ကျွဲ၊ နွားများကို မဖြစ်မနေမွေးမြူကြရသကဲ့သို့ ဝက်၊ ဆိတ်၊ ကြက်၊ ဘဲမွေးမြူရေးကိုလည်း တွဲဖက်မွေးမြူကာ အစဉ်အလာမပျက် လုပ်ကိုင်လျက်ရှိကြသည်။

ယခုအခါ တိုးပွားလာသော လူဦးရေ၊ ဖောက်ပြန်နေသော ရာသီဥတုစသည့် အကြောင်းအမျိုးမျိုးတို့ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတိုးတက်မှုကို အဟန့်အတားဖြစ်လာခဲ့သည်။ ဤအခြေအနေများက စိုက်ပျိုးရေးတွင် ယခင်ကကဲ့သို့ သမားရိုးကျသွား၍မရနိုင်တော့ကြောင်း သိသာလာစေသည်။

ထို့ကြောင့်လည်း စိုက်ပျိုးရေးကိုအဆင့်မြှင့်တင်ပြီး လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာခေတ်သစ်သို့ ဦးတည်လုပ်ဆောင်လာနေရသည်။ ယခင်တစ်သီးစားစနစ်မှသည် ယခုအခါနှစ်သီးစား၊ သုံးသီးစားထိ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးစားနေကြသည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးလာရေးတွင် လိုအပ်သောနည်းပညာများအတွက် စိုက်ပျိုးရေးအတတ်ပညာသင်တန်းကျောင်းများအပြင် စိုက်ပျိုးရေးတက္ကသိုလ်များ ရှိနေပြီဖြစ်သည်။ ကျေးလက်ဒေသစိုက်ပျိုးရေးဖွံ့ဖြိုးမှုတွင် ဤကျောင်းများက "ရေကန်အသင့်ကြာအတင့်"အထောက်အကူပြုနေပေသည်။

ထို့အပြင် နိုင်ငံတော်မှလည်း အတိုးနည်းစိုက်ပျိုးစရိတ်ချေးငွေများ၊ ရိတ်သိမ်းခြွေလှေ့စက်မျိုးစုံတို့ကို သမဝါယမပိုင်း၊ ပုဂ္ဂလိကပိုင်းမှ နိုင်သလောက်အရစ်ကျစနစ်ဖြန့်ဖြူးရောင်းချခြင်းဖြင့် ဖြည့်ဆည်းပေးလျက်ရှိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးမှု၏ ပင်မစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးအဆင့်မီစေရေးကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးလျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျှော့ချရေးတွင် ကျေးလက်နေပြည်သူများ၏ မွေးမြူရေးကိုလည်း စိုက်ပျိုးရေးကဲ့သို့ အဆင့်မြှင့်တင်ပေးသွားရန်လိုအပ်ပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးဟန်ချက်ညီ ဖွံ့ဖြိုးလာပြီဆိုပါလျှင် ရည်မှန်းချက်အောင်မြင်ပေါက်မြောက်ပြီဟု ဆိုရပါမည်။ ထိုသို့ မွေးမြူရေးကိုဖွံ့ဖြိုးစေရန်ဆိုပါလျှင် စိုက်ပျိုးရေးကဲ့သို့ မွေးမြူရေးတွင်လည်း တက္ကသိုလ်တစ်ခုခုမရှိမဖြစ်လိုအပ်လာမည်အမှန်ဖြစ်ပါသည်။ ဤကိစ္စကို မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ဆွေးနွေးအကြံပြုထားကြောင်း သိရသည်။

မွေးမြူရေးနှင့်ကုသရေးတက္ကသိုလ်တစ်ခု အောင်မြင်စွာဖွင့်လှစ်နိုင်ပြီဆိုပါလျှင် အသားထွက်တိရစ္ဆာန်များ (ကျွဲ၊ နွား၊ ဝက်)ဆိုင်ရာ ဆေးပညာ၊ ငါး၊ ပုစွန်ဆိုင်ရာဆေးပညာ၊ အလှမွေးငါးဆိုင်ရာ ဆေးပညာများအပြင် လတ်တလောဖြစ်နေသည့် ကြက်၊ ငှက်တုပ်ကွေးတားဆီးကာကွယ်ရေး ဆိုင်ရာဆေးပညာများကို ဘာသာရပ်အသီးသီးသင်ကြားတတ်မြောက်ကျွမ်းကျင်သည့် ပညာရှင်များ နှစ်စဉ်မွေးထုတ်ပေးလာနိုင်မည်။ မွေးမြူရေးကို ကြီးစွာအထောက်အကူပြုလာနိုင်မည်အမှန်ဖြစ်သည်။

သဘာဝပင်လယ်ကမ်းရိုးတန်းများနှင့် ရေသယံဇာတပေါကြွယ်ဝသော မိမိတို့နိုင်ငံတွင် ငါး၊ ပုစွန်များနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များ မရှိမဖြစ်လိုအပ်လာနေပြီ။ သဘာဝအလှမွေးငါးများပေါကြွယ်ဝသော မိမိတို့နိုင်ငံအတွက် အလှမွေးငါးနှင့်ပတ်သက်၍ ဆေးပညာဘွဲ့ရအထူးကုများနှင့် အလှမွေးငါးသုတေသန၊ ခွဲစိတ်ကုသဆေးခန်းများ မဖြစ်မနေလိုအပ်လာနေပြီ။ ထိုလိုအပ်ချက်များကို မွေးမြူရေးနှင့်ကုသရေးတက္ကသိုလ်က လိုလေသေးမရှိ ဖြည့်ဆည်းပေးသွားပါလိမ့်မည်။ တစ်ဖက်တွင်လည်း သား၊ ငါး၊ ပုစွန်ရရှိရေးတွင် ပင်လယ်ပြင်မှ သဘာဝပေါက်ပွားမှုတစ်ခုတည်းနှင့် အားကိုး၍မရနိုင်တော့ပြီ။ စနစ်တကျမွေးမြူသားဖောက်လုပ်ဆောင်နိုင်ပါမှ အနာဂတ်ငါးသယံဇာတဖွံ့ဖြိုးမှုတွင် အထောက်အကူဖြစ်စေပါမည်။ ပင်လယ်ပြင်မှ ငါးသယံဇာတ တဖြည်းဖြည်းရှားပါးလာနေမှုကို သားဖောက်မွေးမြူရေးစခန်းများနှင့် နည်းပညာများက အထောက်အကူဖြစ်အောင်ဖန်တီးသင့်သည်။

နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျှော့ချရေးတွင် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုလည်း ဟန်ချက်ညီဖွံ့ဖြိုးစေပါမှ ရည်မှန်းချက်ပေါက်မြောက်အောင်မြင်နိုင်ပါမည်။ မြို့ပြနှင့် ရင်ပေါင်တန်းလာနိုင်မည်အမှန်ဖြစ်ပါသည်။ သို့ဆိုပါလျှင် တစ်နိုင်ငံလုံး လွှမ်းခြုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

## တက္ကသိုလ်များပေါင်းစပ်ညှိနှိုင်းရေးစည်းဝေး

**နေပြည်တော် မတ် ၁၁**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန တက္ကသိုလ်များပေါင်းစပ်ညှိနှိုင်းရေး ဒုတိယနေ့အစည်းအဝေးကို မတ် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ဆက်လက်ကျင်းပရာ**(ယာပုံ)** သမ္မတရုံးဝန်ကြီးဌာန(၅) ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးတို့ တက်ရောက်အမှာစကားပြောကြားသည်။

သမ္မတရုံးဝန်ကြီးဌာန(၅) ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြောကြားရာတွင် Autonomous University အဖြစ် အသွင်ကူးပြောင်းသည့်အခါ၌ ကျောင်းအလိုက် စီမံခန့်ခွဲမှုတာဝန်များကို ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများသည် တာဝန်သိသိ တာဝန်ယူဆောင်ရွက်သွားကြမည်ဆိုပါက ယနေ့ တွေ့ကြုံနေရသော ပညာရေးနယ်ပယ်စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ အမျိုးသားပညာရည် မြင့်မားတိုးတက်အောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်၍ ကျရာကဏ္ဍတွင် ဝိုင်းဝန်းကြိုးပမ်းကြစေလိုပါကြောင်း၊ ရှေ့လုပ်ငန်းစဉ်များ တိုးတက်လာစေရေးအတွက် Mindset များကိုလည်း ပြုပြင်ပြောင်းလဲရန်လိုအပ်ပါကြောင်း၊ Mindset ပြောင်းလဲမည်ဆိုပါက Vision လည်း ပြောင်းသွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်အရည်အသွေးအာမခံမှုစနစ်ကို အာဆီယံအရည်အသွေးမူဘောင်နှင့် လိုက်လျောညီထွေစွာ အမျိုးသားအဆင့် အရည်အသွေးမူဘောင်အား ပီပြင်စွာထူထောင်၍ လက်တွေ့အသုံးပြုနိုင်ရေး အစရှိသည်တို့ကိုလည်း ကြိုတင်ညှိနှိုင်းပြင်ဆင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ပြောကြားရာတွင် အသွင်ကူးပြောင်းရေးကာလတွင် နည်းပညာတက္ကသိုလ်များ ညှိနှိုင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဖွဲ့စည်းခြင်းနှင့် ကွန်ပျူတာနှင့်သတင်းအချက်အလက် နည်းပညာဆိုင်ရာတက္ကသိုလ်များညှိနှိုင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအား အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများတွင်ပြဋ္ဌာန်းထားသည့် ပညာရေးဆိုင်ရာမူဝါဒများနှင့် ကိုက်ညီမှုရှိစေရန်အတွက် အမျိုးသားပညာရေးဥပဒေကို သေချာစွာလေ့လာ၍ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တည်ဆဲအမျိုးသားပညာရေးဥပဒေပါပြဋ္ဌာန်းချက်များကို နှိုင်းယှဉ်လေ့လာပြီး ဝိုင်းဝန်းပူးပေါင်းအကြံပြုကြရန်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဘရွှေနှင့် ဒေါက်တာအောင်ကျော်မြတ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာ ကော်မတီများဖွဲ့စည်းခြင်း၊ ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ဆွေးနွေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ယာဉ်အန္တရာယ်ကင်းရှင်းရေး ကူညီဆောင်ရွက်ပေး

**နောင်ချို မတ် ၁၁**

နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၁၁ ရက်က တက္ကသိုလ်ဝင်တန်းစာမေးပွဲ လာရောက်ဖြေဆိုကြသော ကျေးရွာအုပ်စုအသီးသီးတို့မှ ကျောင်းသား ကျောင်းသူများကို ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် နောင်ချိုမြို့မ ရဲစခန်း၊ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ယာဉ်ထိန်းအရာခံ ယွမ်းမောင်းကိုယ်တိုင် ကြီးကြပ်ကာ ယဉ်ထိန်းတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**(စိုးဝင်း-နောင်ချို)**



### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၁**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၅၅၀၀ | - | ၆၆၆၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၄၀၀၀ | - | ၆၆၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၇၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၇၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၀၉၉. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၄. ၀၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၄၁၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၇၆. ၅၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၃၇၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၄၇. ၁၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၁. ၃၅၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၇၈၃. ၂၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၄၁. ၂၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မြင့်မြင့်ခိုင်[၁၄/ပသန (နိုင်) ၀၄၈၂၆၀] ပိုင်ဆိုင်သော ပါမစ် အမှတ် ISP IDV8 14-15-42417 Import declaration 801439 သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph-09421161810

EASY GO TRAVEL & TOURS ခရီးသွားလုပ်ငန်း
လှိုင်ကော်သီးသန့်ခရီးစဉ် ၃ ည ၄ ရက် 26 Mar
ဟိုတယ်တည်း၊ အစားအသောက်(ပြီးမြီး)
Package Order
Tel : 09-43142178, 30330800, 73198845, 420278588, 449011566, 449011577

### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
### စီမံကိန်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ရေတံခွန်တောင်ဂေါက်ကွင်းအား အဆင့်မြင့်တိုးချဲ့တည်ဆောက်ရန်အတွက် တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက်မှာ ၁၆-၃-၂၀၁၅ မှ ၁၀-၄-၂၀၁၅ရက်ထိ ဖြစ်ပါသည်။

၃။ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် BOT (Built Operate Transfer) တည်ဆောက်၊ ဆောင်ရွက်လွှဲပြောင်းခြင်းစနစ်ဖြင့် နှစ်ရှည်ဆောင်ရွက်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းမှ မည်သည့်ကုမ္ပဏီအဖွဲ့အစည်းမဆို တင်ဒါတင်သွင်းနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းလိုသူများအနေဖြင့် မိမိတို့ဆောင်ရွက်မည့်စီမံကိန်းဆိုင်ရာ အချက်အလက်များ ဖော်ပြပါရှိသော Conceptual Plan နှင့်အတူ ၂၃-၄-၂၀၁၅ရက်၊ မွန်းလွဲ ၁၃း၀၀နာရီအတွင်း ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနသို့ ပေးပို့ရပါမည်။ ကော်မတီမှ သတ်မှတ်သည့် ရက်တွင် စီမံကိန်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို Power Point ဖြင့် သီးသန့်ရှင်းလင်း တင်ပြရပါမည်။

၅။ တင်ဒါလျှောက်လွှာတွင် ရေတံခွန်တောင်ဂေါက်ကွင်း၏ လက်ရှိအခြေအနေနှင့် စီမံကိန်းဆိုင်ရာလိုအပ်ချက်များကို ဖော်ပြထားပါသည်။ တင်ဒါလျှောက်လွှာတစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ (၄၀×၄၁) လမ်းကြား၊ (၆၂×၆၃) လမ်းကြား၊ မနော်ရမ္မဥယျာဉ်သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(ဖုန်း-၀၂-၆၂၃၀၈)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ ချေးငွေချေးယူခွင့်နှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြု

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၂၄)ရက် မြောက်နေ့ကို ယနေ့ မွန်းလွဲပိုင်းတွင်ကျင်းပရာ ဥပဒေကြမ်း အစီရင်ခံစာနှစ်ခုတင်သွင်းခြင်း၊ ဥပဒေကြမ်းနှစ်ခုအတည်ပြုခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် တရုတ်ပို့ကုန်/သွင်းကုန်ဘဏ်မှ ချေးငွေချေးယူခွင့်နှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်းနှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ကုန်းလမ်းအကောက်ခွန် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေကြမ်းနှင့် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် တရုတ်ပို့ကုန်/သွင်းကုန်ဘဏ် (EXIM Bank of China)ထံမှ ကူးသန်းရောင်းဝယ်ရေးချေးငွေ ယွမ် ၂၄၆ သန်းချေးယူခွင့်နှင့် စပ်လျဉ်း၍ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်နှင့် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်တို့က ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်တွင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နေရသည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊ ပြည်သူတို့၏ လူနေမှုဘဝ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ယခုအချိန်အခါတွင် ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နေရပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖွဲ့စည်းပုံကို တိုးချဲ့ဖွဲ့စည်းနေပါကြောင်း၊ တပ်ဖွဲ့ဝင်အင်အားများ တိုးချဲ့လာသည့်အတွက် တစ်ဖက်တွင် လုပ်ငန်းသုံး အုပ်ချုပ်ရေးယာဉ်များ၊ စက်ကိရိယာများနှင့် ရေယာဉ်များ လိုအပ်လာပါကြောင်း၊ လက်ရှိအသုံးပြုနေသည့် ယာဉ်စီးရေမှာ ၂၉၄၅ စီးသာရှိသည့်အတွက် ဖွဲ့စည်းပုံအရ ၆၉ ဒသမ ၂၅ ရာခိုင်နှုန်းခန့်လိုအပ်လျက်ရှိပါကြောင်း။

ချေးငွေရရှိပါက လုပ်ငန်းသုံးအုပ်ချုပ်ရေးယာဉ်များ၊ စက်ကိရိယာများနှင့် ရေယာဉ်များ ဝယ်ယူဖြည့်တင်းနိုင်မည်ဖြစ်ပြီး ၎င်းယာဉ်များဖြင့် ရည်မှန်းချက်တာဝန်များ အောင်မြင်ရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေး၊ မှုခင်းဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားလာသည့် ပြစ်မှုများကို အချိန်မီဖော်ထုတ်နိုင်ရေး၊ ယခင်က ဆောင်ရွက်နိုင်ခြင်းမရှိသည့် ပင်လယ်ကမ်းရိုးတန်း၊ ဆိပ်ကမ်း၊ မြစ်ကြောင်းများ၏ လုံခြုံရေး စသည့်လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်းနှင့် ယာဉ်များဝယ်ယူရာတွင်လည်း ပွင့်လင်းမြင်သာစွာ တင်ဒါစနစ်အသုံးပြု၍ ဝယ်ယူသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် **၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ**က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်ဟု သိရှိရပါကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ယခင်က ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံပြီး ယခုအခါ ကုန်သွယ်လုပ်ငန်းခွန် ၂ ရာခိုင်နှုန်း ကောက်ခံသွားမည်ဟုသိရှိရပါကြောင်း၊ ထိုသို့ ပြောင်းလဲကောက်ခံမှုအခြေအနေများကိုလည်း သိရှိလိုပါကြောင်း၊ အခြားနိုင်ငံများတွင် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံမှုများကို လေ့လာပြီး အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပေးစေလိုပါကြောင်း၊ အခွန်ကောက်ခံရာတွင် တိကျရှင်းလင်းသည့် ဥပဒေ၊ နည်းဥပဒေများဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

**ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး**က အခွန်အကောက် ဥပဒေကြမ်းသည် တစ်နှစ်ထက် တစ်နှစ် ပိုမိုကောင်းမွန်သည့် ဥပဒေဖြစ်စေရေး၊ နိုင်ငံအနေဖြင့် ရရှိသင့်သည့် အခွန်များရရှိပြီး နိုင်ငံသားများကလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ လိုက်နာပေးဆောင်နိုင်ရေး၊ ယနေ့ချိန်ခါနှင့် လိုက်လျောညီထွေသော ဥပဒေဖြစ်ရေး၊ ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပြီး ပြည်ပ ပို့ကုန်တိုးတက်စေရေး၊ ပြည်တွင်း SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေသော ဥပဒေဖြစ်စေရန် ရည်ရွယ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးသည့်အခါ အခွန်အကောက်ဥပဒေကြမ်းသည် နှစ်စဉ်ပြောင်းလဲမှုများပြုလုပ်နေလျှင် ရင်းနှီးမြှုပ်နှံသူများသည် အခက်အခဲများရှိနိုင်ကြောင်း၊ ထို့ကြောင့် ၂၀၁၄ ခုနှစ် ပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိစေလိုကြောင်းဖြင့် ဆွေးနွေးသည်။

**ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဦးနေဝင်းထွန်း**က အခွန်ထမ်းဆောင်ပေးထားခြင်းကြောင့် နိုင်ငံသားများသည် မိမိတို့မိသားစုဘဝအတွက် အခွန်ဥပဒေ၏ အကာအကွယ် အစောင့်အရှောက်ရရှိစေမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံသားများသည် ခေတ်အဆက်ဆက်မှ ယနေ့အချိန်အထိ အခွန်ဥပဒေ၏ အခွင့်အရေးကို အကျိုးရှိစွာ ရယူအသုံးချမှုနည်းပါးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အခွန်ထမ်းဆောင်မှုနည်းပါးပြီး အခွန်ယဉ်ကျေးမှုမရှိခဲ့ဟုဆိုရမည်ဖြစ်ပါကြောင်း၊ အခွန်ဥပဒေ အကူအညီစောင့်ရှောက်မှုကြောင့် စီးပွားရေးလုပ်ငန်းများကို ရဲရဲဝံ့ဝံ့ထူထောင်နိုင်ပြီး ပြည်သူများလုပ်ငန်းရှင်ဖြစ်လာနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အင်အားဖြစ်လာမည်ဖြစ်ပါကြောင်း၊ အခွန်ရရှိမှုကို အဓိကမထားဘဲ နိုင်ငံသားများ သက်သာချောင်ချိမှုကို အဓိကထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အခွန်ရာခိုင်နှုန်းများ လျှော့ထားပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၂၅)ရက် မြောက်နေ့ကို မတ် ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး(၂၄)ရက် မြောက်နေ့ကျင်းပစဉ်။(သတင်းစဉ်)

## ဟန်ဂေရီနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူ

**နေပြည်တော် မတ် ၁၂**

သံအမတ်ကြီး ဒေါက်တာပီတာဂျာကပ်အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဟန်ဂေရီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

သံအမတ်ကြီး ဒေါက်တာပီတာဂျာကပ်အား ၁၉၆၉ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဟန်ဂေရီနိုင်ငံ ဘူဒါပတ်စ်မြို့တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၉၅ ခုနှစ်တွင် ဟန်ဂေရီနိုင်ငံ အီဂါဆရာအတတ်သင်ကောလိပ်မှ ဝိဇ္ဇာဘွဲ့ကို လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ဘူဒါပတ်စ်စီးပွားရေးသိပ္ပံဆိုင်ရာ တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးမဟာဘွဲ့ကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် ဘူဒါပတ်စ်မြို့အော့ဗိုစ်လိုရန် တက္ကသိုလ်မှ ယဉ်ကျေးမှုချင်းဆက်သွယ်ရေးပါရဂူဘွဲ့ကို လည်းကောင်း အသီးသီးရရှိခဲ့ပါသည်။ ၎င်းသည် ၁၉၉၆ ခုနှစ် မှ ၂၀၀၃ ခုနှစ်အထိ ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအက်စ်စီအီး)နှင့် ဟန်ဂေရီနိုင်ငံ ပညာရေးဝန်ကြီးဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဌာန အာရှပစိဖိတ်ဌာနနှင့် ဗန်ကောက်မြို့ရှိ ဟန်ဂေရီသံရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဒေါက်တာပီတာဂျာကပ်အား ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဘူဒါပတ်စ်မြို့အခြေစိုက်သည့် မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီအထူးသံတမန်အဖြစ် ခန့်အပ်ခဲ့ပါသည်။ သံအမတ်ကြီး ဒေါက်တာပီတာ ဂျာကပ်သည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစ၍ ထိုင်းနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးတစ်ဦးရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားလိုသူများ ဧပြီ ၃၀ ရက် နောက်ဆုံးထားလျှောက်ထားရန် အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
သတင်းထုတ်ပြန်ချက်
၂၀၁၅ ခုနှစ်၊ မတ်လ ၁၁ ရက်

၁။ နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်လိုသူ အနည်းဆုံး ၁၅ ဦးမှ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃(က)နှင့်အညီ ပါတီတည်ထောင်ခွင့်များ လျှောက်ထားလာမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီစိစစ်၍ မှတ်ပုံတင်ခွင့်ပြုလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများကို အောက်တိုဘာလကုန်၊ နိုဝင်ဘာလဆန်းတွင် ကျင်းပတော့မည်ဖြစ်ရာ အချိန်ကာလ ၇ လကျော်သာ ကျန်ရှိပါသည်။ နိုင်ငံရေးပါတီ တည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများအား ရွေးကောက်ပွဲအမီ ဆောင်ရွက်နိုင်ရန်နှင့် ပါတီများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း/မဲဆွယ်စည်းရုံးခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အချိန်ရရှိစေရန်အလို့ငှာ နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားလိုသူများသည် ၂၀၁၅ ခုနှစ် ဧပြီလ ၃၀ ရက် နောက်ဆုံးထား၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားကြရန် အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်**

## ၂၀၁၄-၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ညောင်တုန်း၌ အေးချမ်းစွာ စတင်ဖြေဆို

**ညောင်တုန်း မတ် ၁၁**

၂၀၁၄-၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ စာစစ်ဌာနအသီးသီး၌ မတ် ၁၁ ရက် နံနက်က ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

ညောင်တုန်းမြို့တွင် ယခုနှစ်၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုသူ ကျောင်းသား ကျောင်းသူအရေအတွက်သည် ယခင်နှစ်ကထက်ပို၍ များသည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ညောင်တုန်းတစ်မြို့နယ်လုံးတွင် တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၉၀၀ ကျော်ရှိပြီး ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ၁၉၅၁ ဦး ဖြေဆိုကြကြောင်း သိရသည်။

ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်တန်းဖြေဆိုသည့် စာစစ်ဌာနများမှာ အထက(၁) ညောင်တုန်း၊ အထကချောင်းကြီး၊ အထက နတ်ပေးနှင့် အထက ဆားမလောက် လေးနေရာရှိပြီး တစ်မြို့နယ်လုံးရှိ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ ၁၉၅၁ ဦးရှိပြီး ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၈၁၉ ဦးရှိကြောင်းသိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

ဦးရဲမင်းပိုင် နွေသင်ရိုးကုန်
(သချာ်)
၉တန်း၊ ၁၀တန်း (သိပ္ပံ၊ ဝိပ္ပံ) ဘာသာစုံ
၈တန်း (တိုင်းစစ်)ဘာသာစုံနှင့်
သင်္ချာ၊ အင်္ဂလိပ်သီးသန့်
မတ်လ ၁၆ ဖွင့်
နေ့စဉ် ၁၂း၃၀ မှ ၃း၃၀
၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ကျောက်တံတား၊ ပန်းဆိုးတန်းမှတ်တိုင်ဆင်းပါ။ ဖုန်း - ၀၉-၇၃၁၆၁၁၃၄၀

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အဂတိလိုက်စားမှုကျူးလွန်ကြောင်းတွေ့ရှိသည့်အခါ တရားစွဲတင်နိုင်ရေးအတွက် ခိုင်လုံသည့်သတင်းအချက်အလက်ရရှိရန်လိုအပ်

**နေပြည်တော် မတ် ၁၁**

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ မြေပုံရေးဆွဲခွင့်နှင့်ဂရန်လျှောက်ထားရေး၊ စက်မှုလယ်ယာစနစ် လယ်ကွက်များ ဖော်ထုတ်ရေးတို့နှင့် သက်ဆိုင်သည့်မေးခွန်းများ မေးမြန်းဖြေကြားကြပြီး တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခဲ့သည်။

အစည်းအဝေးတွင် ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **“ဥပဒေရုံး၊ တရားရုံးတို့တွင် ဥပဒေကို လက်တစ်လုံးခြားလုပ်မှုနှင့် အခွင့်အာဏာကို အလွဲသုံးစားလုပ်မှုပပျောက်စေရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အမှုသည်အသွင်ယူ၍ စုံစမ်းဖော်ထုတ်အရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက ကော်မရှင်သည် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ ရရှိသော အခြားခိုင်လုံသည့် သတင်းအချက်အလက်အရဖြစ်စေ အဂတိလိုက်စားမှုကျူးလွန်ကြောင်း တွေ့ရှိသည့်အခါ တရားစွဲတင်နိုင်ကြောင်း



ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးမြင့်စိုး။

ပြဋ္ဌာန်းထားသည့်အတွက် တရားစွဲတင်နိုင်ရေးအတွက် ခိုင်လုံသည့် သတင်းအချက်အလက်ရရှိရန် လိုအပ်ပါကြောင်း၊ ထိုသို့ ခိုင်လုံသည့် သတင်းအချက်အလက် ရရှိမှသာ စုံစမ်းစစ်ဆေး ဖော်ထုတ်အရေးယူနိုင်မည်ဖြစ်ပါကြောင်း။

လာဘ်ပေးလာဘ်ယူမှုဆိုသည်မှာ မမြင်ကွယ်ရာတွင် ကျူးလွန်လေ့ရှိသောကြောင့် လက်ပူးလက်ကြပ် ဖမ်းဆီးရမိရန် မလွယ်ကူပါကြောင်း၊ ဖြစ်စဉ်မှန်ကန်မှုရှိရန် လိုအပ်ပြီး ယင်းဖြစ်စဉ်ကို မှန်ကန်ကြောင်း ဖော်ထုတ်နိုင်မည့် အထောက်အထား၊ သက်သေတင်ပြနိုင်မှုရှိပါက စုံစမ်းစစ်ဆေး ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံးရှိ ဥပဒေရုံး၊ တရားရုံးအသီးသီးတွင် အမှုသည်အသွင်ယူ၍ စောင့်ကြပ်ကြည့်ရှုပြီး စုံစမ်းဖော်ထုတ်အရေးယူပေးနိုင်ရန် မလွယ်ကူပါကြောင်း၊ တိုင်ကြားသည့် ကိစ္စရပ်တစ်ခုချင်းအပေါ် မူတည်၍သာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းဖော်ထုတ်အရေးယူသွားနိုင်မည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **“မြန်မာနိုင်ငံအတွင်းရှိ ရေပိုမိုရရှိသော ဒေသအသီးသီးတွင် စက်မှုလယ်ယာစနစ် လယ်ကွက်များဖော်ထုတ်ပေးရန်နှင့် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်းအတွက် ကုန်ကျစရိတ်အား နှစ်ရှည်ချေးငွေများ**



အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်း။

**ထုတ်ပေးပြီး အရစ်ကျပေးသွင်းစေသည့် နည်းလမ်းဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက အစိုးရသစ်ကာလမတိုင်မီအထိ ၁၉၉၅-၁၉၉၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ (၁၅)နှစ်ကျော်ကာလအတွင်း စနစ်ကျစက်မှုလယ်ယာမြေကွက် ဖော်ထုတ်ပေးနိုင်မှုသည် (၂၄၆၃၂)ဧကသာရှိခဲ့ပြီး အစိုးရသစ်ကာလ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်အထိ နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် (၃၂၄၀၅)ဧက၊ နိုင်ငံတကာ အထောက်အပံ့ဖြစ်သည့် ဂျပန်နိုင်ငံ (JIID, JICA)နှင့် ကိုရီးယားနိုင်ငံ (KOICA)အစီအစဉ်တို့ဖြင့် (၇၁၁)ဧက၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဧက (၁၂၆၀)အပါအဝင် စနစ်ကျစက်မှုလယ်ယာမြေ စုစုပေါင်း (၃၄၃၇၆)ဧက ဖော်ထုတ်ပြီးဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အစိုးရ ရန်ပုံငွေဖြင့် ဧက (၄၅၀၀)၊ အိန္ဒိယချေးငွေ အစီအစဉ်ဖြင့် ဧက(၁၀၄၀၀)၊ နိုင်ငံတကာအဖွဲ့အစည်းဖြစ်သော (IFAD) ချေးငွေအစီအစဉ်ဖြင့် ဧက(၄၀၀၀) ဖော်ထုတ်သွားရန် လျာထားပြီးဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယချေးငွေဖြင့် (၂၀၄၀၀)ဧက၊ (IFAD)ချေးငွေဖြင့် ဧက (၄၀၀၀)နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် (IFAD)ချေးငွေဖြင့် ဧက(၂၀၀၀) ဆောင်ရွက်ရန် လျာထားပါကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စနစ်ကျစက်မှုလယ်ယာမြေကွက် ဖော်ထုတ်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် ကုန်ကျစရိတ်အား နှစ်ရှည်ချေးငွေများ ထုတ်ပေးပြီး အရစ်ကျပေးသွင်းမည့် အစီအစဉ်ဆောင်ရွက်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို မတ် ၁၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပင်းပက်သံမဏိစက်ရုံစီမံကိန်း အောင်မြင်ခဲ့ပါက မြန်မာနိုင်ငံ၏ သံမဏိလုပ်ငန်းအတွက် တံခါးတစ်ချပ်ဖွင့်သွားမည်

**နေပြည်တော် မတ် ၁၁**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၅)မှ ဒေါက်တာဌေးဝင်း၏ **ထူးကြီးမြို့မှ မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ(ပုသိမ်-မုံရွာကားလမ်း) အထိ (၁၁)မိုင်ရှည်လျားသည့် မြန်မာ့မီးရထားမှ အသုံးမပြုတော့ဘဲ သံလမ်းများလည်း ဖြုတ်သိမ်းပြီးဖြစ်သည့်လမ်းတာအား ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းကာ မြို့နယ်ချင်းဆက်သွယ်သည့် ကားလမ်းအဖြစ် ပြောင်းလဲဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့မှ မြန်အောင်မြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာ (ပုသိမ်-မုံရွာကားလမ်း)အထိ ဖောက်လုပ်ထားသော ထူးကြီး သပြေပင်တောင် ကျောက်မိုင်းလမ်းမြောင်သည် စုစုပေါင်း သံလမ်းအရှည် (၁၂ ဒသမ ၆၃) မိုင်ရှိပါကြောင်း။

ထူးကြီး သပြေပင်တောင် ကျောက်မိုင်းအတွင်း ကျောက်ထုတ်လုပ်နိုင်သည့် ဧရိယာသည် ကညင်ဆည်အတွင်းကျရောက်ပြီး ရေမြုပ်ဧရိယာတွင် ပါဝင်သွားသဖြင့် ၂၀၁၁ ခုနှစ်နောက်ပိုင်း ကျောက်ဆက်လက်ထုတ်လုပ်နိုင်ခြင်း မရှိပါကြောင်း၊ အဆိုပါ လမ်းမြောင်ရထားသံလမ်း (၁၂ ဒသမ ၆၃) မိုင်ရှိသည့်အနက် ကြီးကြပ်မှုလွယ်ကူသော (၁၀)မိုင်ကို ထိန်းသိမ်းထားရှိပြီး ရေမြုပ်ဧရိယာအတွင်း ပါဝင်သွားသော (၂ ဒသမ ၆၃) မိုင်ကို သံလမ်းများ ဖြုတ်သိမ်းခဲ့ပါကြောင်း။

မြန်မာ့မီးရထားအနေဖြင့် ပုသိမ်-ကြံခင်းရထားလမ်းအတွက် လမ်းခင်းကျောက်ထုတ်လုပ်နိုင်ရန် ရည်ရွယ်ပြီး ဖောက်လုပ်ထားသော်လည်း ကျောက်ထုတ်လုပ်သော ဧရိယာသည် ရေမြုပ်ဧရိယာအတွင်း ကျရောက်နေပြီး အသုံးပြုနိုင်ခြင်းမရှိသောကြောင့် ယင်းလမ်းတာကို ဒေသဖွံ့ဖြိုးရေးအတွက် ကားလမ်းအဖြစ် ပြုပြင်ဖောက်လုပ်ရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အဆိုပြုလာပါက မြန်မာ့မီးရထားအနေဖြင့် သံလမ်းများဖြုတ်သိမ်းကာ လွှဲပြောင်းပေးအပ်နိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ် တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးရာတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ကော်မတီ၏ အစီရင်ခံစာအရ မြင်းခြံသံမဏိစက်ရုံမှ တန်ချိန် (၂)သိန်းထုတ်လုပ်ရန် လျာထားသော်လည်း ထုတ်လုပ်နိုင်ခြင်းမရှိသည်ကို ဖော်ပြထားပါကြောင်း၊ မြင်းခြံသံမဏိစက်ရုံ ရပ်ဆိုင်းထားရသော်လည်း ပင်းပက်သံမဏိစက်ရုံစီမံကိန်းကို ဖော်ဆောင်လျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးမည့် ပင်းပက်သံမဏိစက်ရုံစီမံကိန်းမှလည်း မြင်းခြံသံမဏိစက်ရုံအတွက် သံသတ္တုကြမ်းများ ထောက်ပံ့ပေးနိုင်ပါကြောင်း၊ ကော်မတီ၏



ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း။



ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၅)မှ ဒေါက်တာဌေးဝင်း။

အစီရင်ခံစာအရ နိုင်ငံတော်အတွက် အကျိုးမရှိဖြစ်နိုင်သည်ဟု ဖော်ပြထားပါကြောင်း၊ သို့ရာတွင် ယင်းစီမံကိန်းစက်ရုံများကို သွားရောက်လေ့လာခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များနှင့် စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တို့က ယုံကြည်မှုအပြည့်အဝရှိကြောင်းဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းခဲ့သည်ကိုလည်း သိရှိရပါကြောင်း၊ မိမိအနေဖြင့်လည်း တိုင်းပြည်အတွက် အကျိုးရှိသည့် စီမံကိန်းဖြစ်မည်ဟု မျှော်လင့်ပါကြောင်း၊ အကယ်၍ ယင်းစီမံကိန်းများ အောင်မြင်ခဲ့ပါက မြန်မာနိုင်ငံ၏ သံမဏိလုပ်ငန်းအတွက် တံခါးတစ်ချပ်ဖွင့်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က နိုင်ငံတော်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးညီညီတိုးတက်ဖွံ့ဖြိုးစေရန် နိုင်ငံတော်ဘဏ္ဍာငွေများကို အသုံးပြုလျက်ရှိပါကြောင်း၊ ကဏ္ဍအလိုက်လုပ်ငန်းများ လုပ်ကိုင်ရန် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက တင်ဒါစနစ်ဖြင့် ကုမ္ပဏီနှင့် ကန်ထရိုက်ရရှိသူများကို ကြီးကြပ်လုပ်ကိုင်စေလျက်ရှိပါကြောင်း၊ သို့သော်လုပ်ငန်းရရှိထားသော ကုမ္ပဏီနှင့် ကန်ထရိုက်များသည် လုပ်ငန်းအတွက် သတ်မှတ်ချုပ်ဆိုထားသော စာချုပ်ပါ စံချိန်စံညွှန်းအတိုင်း လုပ်ဆောင်မှုအားနည်းသည်ကို တွေ့ရှိရပါကြောင်း၊ အစိုးရကဖွဲ့စည်းထားသော မြို့နယ်လုပ်ငန်းစစ်ဆေးရေးရုံးနှင့် စစ်ဆေးရေးအဖွဲ့များရှိသော်လည်း စိစစ်မှုအားနည်းသည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီအဖွဲ့ဝင် ဦးဖေသောင်းက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်၍ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်ရွှေနှင့် ကော်မတီဝင်များ သွားရောက်ခဲ့သော ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်များတွင် မျက်စိရောဂါနှင့် အထွေထွေရောဂါကုသပေးခြင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်နှင့် သံတွဲမြို့နယ် ခရီးစဉ်များတွင် ထောက်ပံ့လှူဒါန်းခြင်းများနှင့် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်(တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း) မြို့နယ်များတွင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီဆောင်ရွက်မှုများနှင့် အထွေထွေလှူဒါန်းခြင်းများပါဝင်သည့် လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ (၆/၂၀၁၅)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက် လေ့လာကြည့်ရှု

**နေပြည်တော် မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးစိန်မင်း ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၁၄၁ ဦး၊ မန္တလေး တက္ကသိုလ် စီးပွားရေးပညာဌာန MBA (4th Batch) သင်တန်းမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာဥမ္မာသိန်း ခေါင်းဆောင်သည့် ကြီးကြပ်သူ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၈၀ နှင့် ထိုင်းနိုင်ငံမှ လေ့လာသူ Sriprapha Peteharamesru တစ်ဦး စုစုပေါင်း ၂၂၂ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# ငြိမ်းငြိမ်းချမ်းချမ်းဖြေရှင်းစေချင်

မြန်မာ့သတင်းစဉ်

**လက်ပံတန်းမြို့တွင် မတ် ၁၀ ရက်နေ့က ဆန္ဒပြမှုအား ရှင်းလင်းထိန်းသိမ်းမှုနှင့်ပတ်သက်၍ စကိုင်းနက် (Up to Date) ရုပ်သံလိုင်းမှ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်အား တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့မှုကို ပြန်လည်တင်ပြလိုက်ပါသည်။**

**မေး။ ။ဝန်ကြီးခင်ဗျာ။ ဒီမနက် လက်ပံတန်းမှာဖြစ်ပွားခဲ့တဲ့ ကျောင်းသားများနဲ့ ရဲတပ်ဖွဲ့ဝင်တချို့ ပဋိပက္ခအဆုံးသတ်ဖို့ နှိမ်နင်းမှုအပေါ်မှာ ပြောဆိုဝေဖန်နေကြတာတွေ ရှိပါတယ်ခင်ဗျာ။ အဲဒီအပေါ်မှာ ဝန်ကြီးအနေနဲ့ဘယ်လိုများ သဘောထားပေးချင်ပါသလဲခင်ဗျာ။**

ဖြေ။ ။ပထမဆုံး ကျွန်တော် အလေးအနက်ထားပြီး ပြောချင်တာကတော့ ကျွန်တော်တို့ **နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းသားတွေ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ချင်တယ်လို့ ဆန္ဒဖော်ထုတ်ကတည်းက ဒီလိုအဖြစ်မျိုးကို ရှောင်လွှဲနိုင်ဖို့အတွက် အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။** နောက်ဆုံး ဒီနေ့မနက်မှာတော့ ကျွန်တော်တို့ အေးအေးချမ်းချမ်း ဆွေးနွေးစေဖို့ပြောကြားတဲ့ကြားထဲကနေ ရန်ကုန်အထိ ချီတက်ဖို့အတွက် ရဲတပ်ဖွဲ့တွေကိုအတင်းဝင်ရောက် တိုက်ခိုက်ဖောက်ထွက်ဖို့ ကြိုးစားတဲ့အတွက်ကြောင့် နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ ဥပဒေနဲ့အညီ ကိုင်တွယ်ဖြေရှင်းပြီး လူစုခွဲခဲ့တာဖြစ်ပါတယ်။ တကယ်တော့ မလုပ်ချင်ဆုံးအလုပ်ကို လုပ်ခဲ့ရတာပါ။ ဒီအခြေအနေရောက်အောင် တွန်းပို့ခဲ့လို့ပဲ ဆောင်ရွက်ရတာဖြစ်ပါတယ်။

> **နိုင်ငံတော်အစိုးရ အနေနဲ့ ကျောင်းသားတွေ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ချင်တယ်လို့ ဆန္ဒဖော်ထုတ်ကတည်းက ဒီလိုအဖြစ်မျိုးကို ရှောင်လွှဲနိုင်ဖို့အတွက် အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။**

**မေး။ ။အဲဒီတော့ မလုပ်ချင်ဆုံးအလုပ်ကို ဝန်ကြီးတို့လုပ်ခဲ့ရတယ်ဆိုတော့ ဒီကြားထဲမှာ ကျွန်တော်တို့က အခြေအနေအေးအေးချမ်းချမ်းနဲ့ဖြစ်သွားအောင် အစိုးရဘက်က ဆောင်ရွက်ခဲ့မှုတွေဟာ တကယ်ကို ကျေကျေနပ်နပ်ဖြစ်အောင်ဆောင်ရွက်တယ်လို့ ဝန်ကြီးကဆိုလိုချင်တာလားခင်ဗျာ။**

ဖြေ။ ။မှန်ပါတယ်၊ ကျွန်တော်တို့က ဒီမိုကရေစီနိုင်ငံဖြစ်နေပြီဆိုတော့ ဥပဒေအသစ်တစ်ခုကို ပြင်ချင်ရင် လွှတ်တော်မှာပဲတင်ရမယ်လေ။ အဲဒီတော့ လွှတ်တော်မှာ ပြင်ဆင်ဖို့အတွက် ကျွန်တော်တို့က ဥပဒေကြမ်းကို တင်ပေးလိုက်တယ်။ သူတို့ရေးတဲ့ ဥပဒေကြမ်းပါပဲ။ လွှတ်တော်ကလည်း သူတို့ကို လာပြီးတော့ ဆွေးနွေးဖို့ ဖိတ်ခေါ်နေပါတယ်။ ဒီမိုကရေစီနည်းအရလုပ်မယ်ဆိုရင် ကိုယ့်ရဲ့အယူအဆကို လွှတ်တော်ကိုယ်စားလှယ်များလက်ခံလာအောင် သွားရောက် စည်းရုံး၊ ဆွဲဆောင်၊ သိမ်းသွင်းပြောကြားဖို့ပဲရှိပါတယ်။ ဒီလမ်းကြောင်းကို မရွေးဘဲနဲ့ တမင်သက်သက် ရန်ကုန်မြို့ကို မရောက်ရောက်အောင်သွားမယ်ဆိုတဲ့ လမ်းကြောင်းဟာ ဒီလိုပဋိပက္ခတွေကိုဖြစ်အောင် သူတို့ရဲ့ ဆောင်ရွက်ချက်ပဲဖြစ်ပါတယ်။

**မေး။ ။ဝန်ကြီးခုနကပြောဆိုသွားတဲ့အထဲမှာ တရားဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့ရတယ်လို့သုံးနှုန်းသွားပါတယ်။ ကျွန်တော့်အနေနဲ့ တရားဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့တယ်ဆိုတဲ့အပေါ်မှာ အသေးစိတ်လေးရှင်းပြစေချင်ပါတယ်ခင်ဗျာ။ ဒီလိုမျိုး ဆောင်ရွက်မှုဟာ တရားဥပဒေနဲ့ ဘယ်လိုမျိုး ညီညီညွတ်ညွတ်ဆောင်ရွက်တယ်ဆိုတဲ့ အပိုင်းပါလဲခင်ဗျာ။**

ဖြေ။ ပထမတစ်ခုကတော့ နိုင်ငံတကာမှာလိုပဲ Police Line လို့ခေါ်တဲ့ ရဲတပ်ဖွဲ့ရဲ့ အတားအဆီးကို ချထားတယ်။ အဲဒါကိုမကျော်ဖို့အတွက် သတိပေးတယ်။ ကျော်လာတဲ့အခါမှာ ဒိုင်းတွေမသုံးဘဲနဲ့ လက်ချင်းချိတ်ပြီးတော့ လူထုကို တားဆီးဖို့ကြိုးစားတယ်။ ကြိုးစားတဲ့အချိန်မှာ ကျွန်တော်တို့ အသံချဲ့စက်နဲ့လူစုခွဲဖို့လည်း ပြောတယ်။ တုတ်တွေနဲ့ ထိုးတာ၊ နောက်တစ်ခါ သံဆူးကြိုးတွေ ဖယ်ရှားတာ၊ တဲတွေကို ဖြိုဖျက်တာမျိုးတွေလုပ်တဲ့အခါမှာတော့ ကျွန်တော်တို့ နောက်ဆုံးအဆင့်အနေနဲ့ အင်အားသုံးပြီး လူစုခွဲဖို့ကြိုးစားတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဆန္ဒပြမှုကို စတင်ကတည်းက ပဋိပက္ခမျိုးတွေကို ရှောင်နိုင်ဖို့အတွက် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပြီး ဆောင်ရွက်ခဲ့တယ်။ ဒီကနေ့မှာတော့ သူတို့ကို ရန်ကုန်အထိ သွားခွင့်ပြုလိုက်မယ်ဆိုရင် ၁၀ တန်းစာမေးပွဲဖြေမယ့် ကျောင်းသား ကျောင်းသူတွေ၊ တက္ကသိုလ်စာမေးပွဲဖြေမယ့်သူတွေနဲ့ ကြားကာလနိုင်ငံရေးတည်ငြိမ်မှုကိုပါ ထိခိုက်စေတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဥပဒေနဲ့အညီ လူစုခွဲလိုက်ခြင်းဖြစ်တယ်လို့ ကျွန်တော်ပြောတာဖြစ်ပါတယ်။

**မေး။ ။နောက်တစ်ချက်ကတော့ တချို့တွေ သုံးသပ်ပြောဆိုနေတာလည်းရှိပါတယ်။ အခုလိုဆောင်ရွက်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကိစ္စတွေပေါ်မှာ အကျိုးသက်ရောက်မှု ရှိသွားမယ်လို့ ဝေဖန်သုံးသပ်မှုများရှိပါတယ်ခင်ဗျာ။ အဲဒီအပေါ်မှာဝန်ကြီးအနေနဲ့ ဘယ်လိုများ ပြောချင်ပါသလဲခင်ဗျာ။**

ဖြေ။ ။ကျွန်တော်ကတော့ အဲဒီလိုမထင်ပါဘူး၊ ကြည့်လိုက်မယ်ဆိုရင် မကြာခင်ကပဲ အမေရိကန်နိုင်ငံက နယူးယောက်မြို့မှာ ဝေါလ်လမ်းမကြီးကို ပိတ်ဆို့တဲ့လူတွေကို ရဲတွေက အင်အားသုံးပြီးဖယ်ရှားခဲ့ရတာရှိတယ်။ ဖာဂူဆန်မြို့မှာ အကြမ်းဖက်လာတဲ့ လူတွေကို ရိုးရိုးအင်အားသုံးရုံတင်မကဘဲ သံချပ်ကာကားတွေပါ အသုံးပြုပြီးတော့ ဖြေရှင်းခဲ့ရတာရှိတယ်။ ဘယ်သူကမှ ဒီလိုဖြစ်စဉ်မျိုးဖြစ်တာကို အမေရိကန်နိုင်ငံရဲ့ ဒီမိုကရေစီ နောက်ကြောင်းပြန်လှည့်သွားပြီလို့ မပြောပါဘူး။ ကျွန်တော်တို့ဆီမှာလည်း ဥပဒေထိန်းသိမ်းတဲ့အဖွဲ့တွေနဲ့ မလွဲမရှောင်သာလို့ ဆောင်ရွက်ခဲ့ရတာဖြစ်တယ်။ ဘာပဲပြောပြော ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် ၁၀ တန်းစာမေးပွဲတွေ အေးချမ်းစွာ ဖြေဆိုနိုင်တယ်၊ ရွေးကောက်ပွဲမတိုင်ခင်ကြားကာလ နိုင်ငံရေးတည်ငြိမ်အောင် ထိန်းသိမ်းနိုင်မယ်ဆိုရင် ကျွန်တော်တို့ အသွင်ကူးပြောင်းရေးဟာ မထိခိုက်ဘူးလို့ ကျွန်တော်ယုံကြည်တယ်။

> **ပြည်ထောင်စုအစိုးရရဲ့မူကတော့ တတ်နိုင်သမျှ ပဋိပက္ခတွေမဖြစ်ဘဲနဲ့ ငြိမ်းငြိမ်းချမ်းချမ်းဖြေရှင်းစေချင်ပါတယ်။ ဒီလိုမျိုးအဖြစ်အပျက်တွေ ဖြစ်လာတဲ့အခါမှာ ဥပဒေအရ ကိုင်တွယ်ဆောင်ရွက်ရတယ်ဆိုပေမယ့် ဒါဟာ စိတ်မချမ်းသာစရာကောင်းတဲ့ကိစ္စပဲ။**

**မေး။ ။ဝန်ကြီးခင်ဗျာ ထပ်သိချင်တာကတော့ မကြာမီကျင်းပမယ့် ရွေးကောက်ပွဲမှာရော အခုဆောင်ရွက်မှုက အကျိုးသက်ရောက်မှု ရှိသွားနိုင်ပါသလားခင်ဗျာ။**

ဖြေ။ ။အရေးကြီးဆုံးက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်ဖို့၊ အဲဒီလိုကျင်းပနိုင်ဖို့ဆိုရင် နိုင်ငံရေးအားဖြင့် တည်ငြိမ်မှုရှိရမယ်။ တရားဥပဒေစိုးမိုးမှုရှိရမယ်။ လူတိုင်းလူတိုင်းဟာ မိမိတို့ရဲ့ သဘောထားကွဲလွဲမှုတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီဖြေရှင်းရမယ်။ ဒါမျိုးကိုလုပ်နိုင်ဖို့အတွက် အခုလို တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေရခြင်းဖြစ်တဲ့အတွက် ကျွန်တော်တို့ဆက်လုပ်သွားမယ်ဆိုရင်တော့ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်မယ်လို့ ယုံကြည်တယ်။

**မေး။ ။ အခုလိုဆောင်ရွက်လိုက်တဲ့အတွက်ကြောင့် ကျောင်းသားတွေရဲ့ဥပဒေအပေါ်မှာ၊ ဥပဒေကြမ်းပေါ်မှာ ဆန္ဒပြမှုအနေအထားဟာ တည်ငြိမ်အေးချမ်းသွားမယ်လို့ ဝန်ကြီးအနေနဲ့ ထင်မြင်ယူဆပါသလားခင်ဗျာ။**



ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်။

ဖြေ။ ။ နှစ်ချက်ရှိပါတယ်။ ပထမတစ်ချက်ကတော့ လွှတ်တော်မှာရောက်နေတဲ့ အမျိုးသားပညာရေးဥပဒေကို ပြန်လည်ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ပတ်သက်လို့ လွှတ်တော်ရဲ့လုပ်ငန်းစဉ်တွေအတိုင်း ဆက်လက်ဆွေးနွေးသွားမယ်။ လွှတ်တော်က ဖိတ်ကြားထားသလိုပဲ ပြည်သူတွေအနေနဲ့ သူတို့ရဲ့အကြံဉာဏ်တွေပေးပို့နိုင်ခွင့်ရှိတယ်။ ဖိတ်ကြားထားတဲ့အဖွဲ့အစည်းတွေ၊ ကျောင်းသားတွေအပါအဝင် လာရောက်ပြီးတော့မှ သူတို့အမြင်တွေကို ဆွေးနွေးနိုင်ခွင့်ရှိတယ်။ အဓိကကတော့ တစ်ဖက်ကအဲဒီလိုလုပ်နေတဲ့အချိန်မှာ တည်ငြိမ်အေးချမ်းမှုနဲ့ ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်စေမယ့် ဆောင်ရွက်ချက်တွေရှိလာရင် ကျွန်တော်တို့ ငြိမ်းငြိမ်းချမ်းချမ်းဖြေရှင်းနိုင်ဖို့ ကြိုးစားမယ်။ မရလို့ရှိရင် ဥပဒေကပေးအပ်ထားတဲ့ နည်းလမ်းအားလုံးကို သုံးပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ကျွန်တော်နောက်ထပ်သိချင်တာလေး တစ်ခုရှိပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့လိုတယ်လို့ ဝန်ကြီးက ပြောနေတာရှိပါတယ်။ တည်ငြိမ်အေးချမ်းအောင် အစိုးရအနေနဲ့ ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်ရှိပါသလဲခင်ဗျာ။**

ဖြေ။ ။တည်ငြိမ်အေးချမ်းဖို့ဆိုတာက အစိုးရတစ်ခုတည်း ဆောင်ရွက်လို့မရဘူး။ ပါဝင်ပတ်သက်နေတဲ့ အဖွဲ့အစည်းတွေအားလုံးက ပူးပေါင်းဆောင်ရွက်မှုရမယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့နိုင်ငံမှာ အခုအချိန်မှာ ကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်အရ သဘောထားကွဲပြားမှုတွေရှိရင် အဲဒီသဘောထားကွဲလွဲမှုတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းကောင်းတွေ၊ ငြိမ်းချမ်းစွာဖြေရှင်းနိုင်မယ့် လမ်းကြောင်းတွေ အများကြီးရှိတယ်။ လွှတ်တော်လမ်းကြောင်း၊ နောက်တရားရုံးကပြောလို့ရတယ်။ မီဒီယာကတစ်ဆင့် ပြောလို့ရတယ်။ တိုက်ရိုက်တွေ့ဆုံဆွေးနွေးလို့ရတယ်။ ဒီလိုလမ်းကြောင်းတွေကို မရွေးဘဲနဲ့ ဆန္ဒပြတာတစ်ခုတည်းနဲ့ပဲ အရာရာကို ဖြေရှင်းလို့ရမယ်ဆိုတဲ့စိတ်ရှိမယ်ဆိုရင်တော့ လုပ်ရကိုင်ရတာ အခက်အခဲဖြစ်တာပေါ့။ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေတာပေါ့။ သို့သော် ဘာပဲဖြစ်ဖြစ် နိုင်ငံတော်အစိုးရအနေနဲ့ကတော့ ဒါကို ထိန်းသိမ်းနိုင်ဖို့အတွက် တည်ဆဲဥပဒေကပေးထားတဲ့လုပ်ပိုင်ခွင့်အားလုံး၊ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားတဲ့ လုပ်ပိုင်ခွင့်အားလုံးကိုသုံးပြီးတော့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အကောင်းဆုံးက ဥပဒေဘောင်ထဲကနေ ငြိမ်းငြိမ်းချမ်းချမ်း ဆွေးနွေးပြီးတော့ ပကတိအခြေအနေနဲ့အညီ ဆောင်ရွက်တာပိုပြီးတော့ အကောင်းဆုံးလို့ ထင်ပါတယ်။

**မေး။ ။အဲဒီမှာအခြေအနေကရော တည်ငြိမ်အေးချမ်းသွားပြီလားခင်ဗျာ။**

ဖြေ။ ။လွန်ခဲ့တဲ့ တစ်နာရီခွဲလောက်ကရတဲ့သတင်းကတော့ အခြေအနေက တည်တည်ငြိမ်ငြိမ်ရှိတယ်။ လူစုခွဲတဲ့အချိန်အတွင်းမှာ ဖမ်းဆီးထိန်းသိမ်းထားတဲ့ လူတချို့ကိုတော့ စိစစ်မှုတွေပြုလုပ်နေတယ်လို့ သိရပါတယ်။

**မေး။ ။သတင်းမီဒီယာသမားတွေအပေါ်မှာလည်း တချို့က ဝေဖန်မှုတွေရှိနေပါတယ်။ သတင်းသွားယူတဲ့ သတင်းမီဒီယာတွေကိုလည်း ရဲတပ်ဖွဲ့တချို့က ရိုက်နှက်တယ်ဆိုတာလည်း ကျွန်တော်တို့ သိရပါတယ်ခင်ဗျာ။ အဲဒီအပေါ်မှာ ဝန်ကြီးအနေနဲ့ ဘယ်လိုသဘောထားပေးချင်ပါသလဲခင်ဗျာ။**

> **မိမိတို့လိုချင်တဲ့ဟာတွေ အားလုံးကို ဥပဒေလမ်းကြောင်းနဲ့ လွှတ်တော်လမ်းကြောင်းတွေမှာ အခွင့်အရေးတွေ ရှိရဲ့သားနဲ့ လမ်းပေါ်ထွက်ပြီးတော့ တိုက်ပွဲဝင်မယ်ဆိုတဲ့ စိတ်ဓာတ်အယူအဆမျိုးကိုလည်း စွန့်လွှတ်သင့်ပြီ။**

ဖြေ။ ။နိုင်ငံတကာမှာလည်း ဒီလိုမျိုး လူစုလူဝေးနဲ့ဖြစ်တဲ့အခါမှာ၊ သတင်းယူတဲ့အခါမှာ သတင်းထောက်တွေအနေနဲ့ က လိုက်နာရမယ့် အခြေခံအချက်တွေရှိပါတယ်။ (၁) သတင်းထောက်မှန်းသိသာနိုင်တဲ့ ထင်ရှားတဲ့အမှတ်အသားတွေ ချိတ်ဆွဲထားရမယ်။ (၂) လုံခြုံရေးယူထားတဲ့ အဖွဲ့အစည်းတွေရဲ့ စည်းကမ်းတွေအတိုင်း လိုက်နာဆောင်ရွက်ရမယ်။ ဥပမာဆိုပါတော့၊ ဖယ်ပေးပါဆိုတဲ့အချိန်မှာ ဖယ်ရမှာပေါ့။ ဒီအုပ်စု နှစ်စုကြားထဲမှာ ဝင်လာတာမျိုး မလုပ်ရဘူးပေါ့။ ဒီလိုဟာမျိုးတွေလုပ်မယ်ဆိုရင်တော့ ကျွန်တော်ထင်တယ် ဘာမှပြဿနာမရှိပါဘူး။ အခုဟာက သတင်းထောက်မှန်း ထင်ရှားတဲ့အမှတ်အသားမရှိဘဲ ကင်မရာကိုင်ထားတဲ့လူတွေအားလုံးက သတင်းထောက်လို့ပြောနေတဲ့အခါမျိုးမှာတော့ ရဲတပ်ဖွဲ့တွေအနေနဲ့ ခေါ်ယူထိန်းသိမ်းရတာမျိုးတွေ ရှိနိုင်ပါတယ်။ သို့သော် ဘာပဲပြောပြော သတင်းထောက်ဖြစ်ကြောင်း အထောက်အထားပြန်ပြနိုင်မယ်ဆိုရင်တော့ အဲဒီလူတွေအားလုံးကို ပြန်လွှတ်ပေးမှာပါ။

**မေး။ ။ ဝန်ကြီးအနေနဲ့ အခုဆောင်ရွက်ခဲ့မှုတွေအပေါ်မှာ ဘယ်လိုသဘောထား မှတ်ချက်များပေးလိုပါသလဲခင်ဗျ။ ဘာများပြောကြားစရာများ ရှိပါသေးသလဲခင်ဗျာ။**

ဖြေ။ ။ကျွန်တော်တို့ **ပြည်ထောင်စုအစိုးရရဲ့မူကတော့ တတ်နိုင်သမျှ ပဋိပက္ခတွေ မဖြစ်ဘဲနဲ့ ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းစေချင်ပါတယ်။ ဒီလိုမျိုးအဖြစ်အပျက်တွေ ဖြစ်လာတဲ့အခါမှာ ဥပဒေအရ ကိုင်တွယ်ဆောင်ရွက်ရတယ်ဆိုပေမယ့် ဒါဟာ စိတ်မချမ်းသာစရာကောင်းတဲ့ကိစ္စပဲ။** သို့သော် တစ်ဖက်ကလည်း **မိမိတို့လိုချင်တဲ့ဟာတွေ အားလုံးကို ဥပဒေလမ်းကြောင်းနဲ့ လွှတ်တော်လမ်းကြောင်းတွေမှာ အခွင့်အရေးတွေရှိရဲ့သားနဲ့ လမ်းပေါ်ထွက်ပြီးတော့ တိုက်ပွဲဝင်မယ်ဆိုတဲ့ စိတ်ဓာတ် အယူအဆမျိုးကိုလည်း စွန့်လွှတ်သင့်ပြီ**လို့ ကျွန်တော်ထင်ပါတယ်။ ဒါကိုပဲ ကျွန်တော်ထပ်ပြီးတော့ ပြောချင်ပါတယ်။

***National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညီညီသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ ဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။***

# မြန်မာ့ပညာရေးကို ဘယ်ပုံဘယ်နည်း ဖော်ဆောင်ကြမှာလဲ . . .

ခေတ္တမွန်

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ **ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ည)ကို ဖြည့်စွက်လိုက်တဲ့ အပိုင်းရယ်၊ မူလအမျိုးသားပညာရေးဥပဒေပါ ပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်လိုက်တဲ့ အပိုင်းရယ်** အဲဒီအပိုင်းတွေအပါအဝင် ဆက်စပ်ပတ်သက်တဲ့အချက်တွေကို အဓိကထားပြီး ပါဝင်ဆွေးနွေးအကြံပြုချင်ပါတယ်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်း ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ည) မှာ **အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ**ဆိုပြီး အသစ်ဖြည့်စွက်ထားတာ တွေ့ရပါတယ်။

ပြီးတော့ မူလအမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ)မှာ **ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များက ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဈ) တွင် အကျုံးဝင်သော ကျောင်းများကို ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်**လို့ ပြဋ္ဌာန်းထားတာကို ဥပဒေကြမ်းမှာ ပယ်ဖျက်သည်ဆိုပြီး လုပ်ထားပါတယ်။ တကယ်တော့ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ည)ကို ထပ်မံဖြည့်စွက်ချင်လို့ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (ခ)ကို ပယ်ဖျက်တာလည်း ဖြစ်ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီး အကြီးအကျယ် ဝေဖန်ရှုတ်ချမှုတွေ၊ အခုလိုရေးဆွဲရခြင်းမှာ ဘယ်သူတွေ နောက်ကွယ်မှာ ရှိနေနိုင်တယ်လို့ စွပ်စွဲမှုတွေ ဖြစ်လာတော့ ဥပဒေကြမ်းရေးဆွဲရာမှာ ပါဝင်တဲ့ ကျောင်းသားတစ်ယောက်က ဒါဆိုရင် ဘကကျောင်းတွေလည်း ဖျက်သိမ်းရမယ်ဆိုတာမျိုး ပြန်လည်တုံ့ပြန်လာတာကိုလည်း တွေ့ရပြန်ပါတယ်။

**ခေတ်ကြီးက ပြောင်းလဲသွားပြီလို့ပဲဆိုဆို၊ ကမ္ဘာ့ရွာလို့ပဲ ခေါ်ခေါ်၊ အမေရိကမှာ ဘယ်လို၊ ဥရောပမှာ ဘယ်သို့ဆိုဆို သူများတွေနဲ့ သွားယှဉ်လို့လည်း မရပါဘူး။ နှစ်ပေါင်းထောင်ချီ တည်တံ့လာတဲ့ ယဉ်ကျေးမှု၊ ဘာသာရေး ဓလေ့ထုံးစံများကို အရှည်ဆက်လက်တည်တံ့ ဖို့ဆိုရင် မြန်မာဟာ မြန်မာပုံစံပဲ ရှိဖို့လိုပါ တယ်။**

အဲဒီနောက်မှာ ဦးဆောင်နေတဲ့အဖွဲ့က တစ်ခါပြန်ပြီး **“ခရစ်ယာန်ကျောင်းတွေက ထောက်ပြတောင်းဆိုလာလို့ အခြားသော ဘာသာရေးအဖွဲ့အစည်းတွေကဖွင့်တဲ့ သင်ရိုးညွှန်းတမ်းအတိုင်းသင်တဲ့ စာသင်ကျောင်းတွေကို ဖွင့်ခွင့်ပေးရမယ်ဆိုပြီး ထည့်သွင်းခဲ့တာ”**လို့ ပြန်လည်ရှင်းလင်းကြပြန်တယ်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေဖွင့်သလို ခရစ်ယာန်ကျောင်းတွေ၊ ဗလီတွေကလည်း အတန်းပညာသင်တဲ့ကျောင်းတွေဖွင့်ချင်ရင် လွတ်လွတ်လပ်လပ် ဖွင့်ခွင့်ပေးရမယ်၊ ဒီလိုမှ ဖွင့်ခွင့်မပြုနိုင်ဘူးဆိုရင် ဘကကျောင်းတွေလည်း ပိတ်လိုက်ပေါ့လို့ ကြေးတိုင်းပြီး ဆိုလာကြခြင်းဖြစ်ပါတယ်။

သူတို့ မြင်ချင်သလို လုပ်ပေးလိုက်ရင် ဘာဖြစ်မလဲ။ ဒါကို ရိုးရိုးလေး တွေးရင် အဖြေပေါ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေမှာ ဖြစ်ပျက်ခဲ့တာ၊ ပတ်ဝန်းကျင်နိုင်ငံတွေမှာ ဖြစ်ပျက်ခဲ့တာ၊ ဗုဒ္ဓဘာသာကွယ်ပျောက်သွားတဲ့ နိုင်ငံတွေမှာ ဖြစ်ပျက်ခဲ့တဲ့ သမိုင်းဖြစ်ရပ်တွေကို လေ့လာကြည့်ရင် မြင်နိုင်ပါတယ်။

ခေတ်ကြီးက ပြောင်းလဲသွားပြီလို့ပဲဆိုဆို၊ ကမ္ဘာ့ရွာလို့ပဲ ခေါ်ခေါ်၊ အမေရိကမှာ ဘယ်လို၊ ဥရောပမှာ ဘယ်သို့ဆိုဆို သူများတွေနဲ့ သွားယှဉ်လို့လည်း မရပါဘူး။ **နှစ်ပေါင်းထောင်ချီတည်တံ့လာတဲ့ ယဉ်ကျေးမှု၊ ဘာသာရေး ဓလေ့ထုံးစံများကို အရှည်ဆက်လက်တည်တံ့ဖို့ဆိုရင် မြန်မာဟာ မြန်မာပုံစံပဲ ရှိဖို့လိုပါတယ်။** ဒါက အစွန်းရောက်တဲ့ စိတ်ဓာတ်၊ အတွေးအခေါ်လိုမျိုးမဟုတ်ပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်ရေ၊ ကိုယ့်မြေအနေအထားအရ ထည့်သွင်းစဉ်းစားရမယ့် အခြေခံအချက်ကို ဆိုလိုခြင်းဖြစ်ပါတယ်။

အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးနဲ့ ပတ်သက်လို့ ဒီဥပဒေကြမ်းမှာ ထည့်သွင်းရေးဆွဲထားတာတွေကို ထောက်ပြကြတာအများအပြားလည်း တွေ့ကြမှာပါ။ **အမျိုးသားသင်ရိုးညွှန်းတမ်းစံကိုအခြေခံပြီး ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာ ဖွံ့ဖြိုးဆောင်ရွက်နိုင်ခွင့်ရှိရမည်**လို့ ဆိုထားတော့ ဝေဖန်ဆွေးနွေးကြသူတွေက **“အဲဒီ ဥပဒေကို ရေးဆွဲတဲ့သူတွေက မြန်မာနိုင်ငံက အခြေခံကျောင်း ဘယ်နှကျောင်းလောက်ကို သွားလေ့လာပြီးမှ ရေးဆွဲတာလဲတို့၊ ကျေးလက်ဒေသတွေက ကျောင်းတွေဟာ ကိုယ့်ကျောင်းအတွက် သင်ရိုးညွှန်းတမ်းတစ်ခုကို ရေးဆွဲနိုင်တဲ့ အခြေအနေဖြစ်နေပြီလားတို့၊ ကျေးရွာမှာရှိတဲ့ ရပ်မိရပ်ဖဆိုတာ အားလုံးက ဘွဲ့ရပညာတတ်တွေချည်းလို့ ထင်နေလား မသိဘူးတို့၊ မြန်မာနိုင်ငံမှာ အခြေခံကျောင်းပေါင်း သောင်းနဲ့ချီရှိရင် သင်ရိုးက သောင်းနဲ့ချီ ထွက်လာမယ်လို့”** စသဖြင့် ထောက်ပြကြတာလည်း ဖတ်ရပါတယ်။ ဒါတွေကလည်း ရှေ့နောက်စဉ်းစားရာမှာ ထည့်သွင်းစဉ်းစားရမယ့် အခြေခံအချက်တွေ ဖြစ်ပါတယ်။ ရေပက်မဝင်တဲ့၊ ပြီးပြည့်စုံတဲ့ ဥပဒေမဟုတ်သည့်တိုင် အဲဒီလို မဟုတ်တရုတ်တွေ၊ လက်တွေ့နဲ့မကိုက်ညီတာတွေကိုတော့ ရုပ်သိမ်းသင့်ပါတယ်လို့ ဆိုချင်ပါတယ်။

နောက်ပြီး **မိဘဆရာအသင်းကို ပယ်ဖျက်ပြီး ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကို အစားထိုးထားတာ၊ ကျောင်းအကျိုးဆောင်အဖွဲ့ကို ပယ်ဖျက်ပြီး တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီဆိုပြီး အစားထိုးထားတာ**တွေမှာလည်း ဆရာသမဂ္ဂတွေ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်တွေ ထည့်သွင်းထားတာတို့၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှာ ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိတယ်တို့၊ ဆရာ ဆရာမများအပေါ် ကျောင်းသူ ကျောင်းသားတွေရဲ့ အကဲဖြတ်မှုတွေကို တက္ကသိုလ်ကျောင်းအုပ်ချုပ်ရေးကောင်စီကို တင်သွင်းတဲ့အခါ ၎င်းကောင်စီက စဉ်းစားဆုံးဖြတ်ပေးရမယ်ဆိုတာတွေဟာ **“ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်”**တာလဲလို့ မေးစရာတွေ ဖြစ်နေတာလဲ အမှန်ပါပဲ။

နောက်ပြီး အဲဒီဥပဒေတွေနဲ့ တစ်ဆက်တည်း ဆွဲခေါ်လာတာက **မိခင်ဘာသာစကားကို ရွေးချယ်အသုံးပြုဖို့အတွက် ကျောင်းအလိုက် ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ဆုံးဖြတ်ခွင့်ရှိတယ်**လို့ ထည့်သွင်းထားတာကို လူတိုင်းက မြင်ကြပါတယ်။

ဒီလိုဆိုရင် တရုတ်က တရုတ်လိုသင်၊ ဗမာက ဗမာလိုသင်၊ ဘင်္ဂလီက ဘင်္ဂလီလိုသင်၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားတွေ၊ မျိုးနွယ်စုတွေက မိခင်ဘာသာစကားနဲ့ သင်ကြမယ်ဆိုပါစို့။ ကချင်ပြည်နယ်မှာ ကချင်လည်းရှိတယ်၊ ရှမ်းလူမျိုးတွေလည်း ရှိနေပါတယ်။ မိခင်ဘာသာစကားကို ဘယ်လိုရွေးချယ်မှာလဲ။ တစ်မြို့နယ်တည်းမှာ လူမျိုးပေါင်းစုံရှိတဲ့အခါ မိခင်ဘာသာစကားအားလုံးကို ရွေးချယ်သင်ပေးနိုင်ပါ့မလား၊ ဘယ်လိုမှ လုပ်လို့မရတဲ့အချက်ပဲလို့ ဆိုရပါမယ်။


ဒါတွေကို သဘာဝကျစွာ ရှုမြင်လက်ခံသင့်ပြီး ကိုယ့်အထဲကကောင်းတဲ့ အချက်တွေနဲ့ မူလဥပဒေမှာပါတဲ့ ကောင်းတဲ့အချက်တွေကို ကိုယ့်ရဲ့သမိုင်းမှာ အကောင်းဆုံးလုပ်ဆောင်နိုင်ခဲ့တယ်ဆိုတဲ့ မှတ်ကျောက်နဲ့ ဆွေးနွေးညှိနှိုင်းကြစေချင်ပါတယ်။

ကျွန်တော်တို့ဟာ အမေရိကန်လို လိုက်လုပ်လို့မဖြစ်သလို ဥရောပနိုင်ငံတွေကိုလည်း လိုက်တုလို့မရပါဘူး။ စင်ကာပူ၊ ထိုင်း၊ ဂျပန်နဲ့ ကိုရီးယားတို့ကိုလည်း နမူနာယူလို့ မရပါဘူး။ သူတို့ဆီမှာတော့ ဘယ်လိုလုပ်နေတယ်ဆိုတာကိုလေ့လာပြီး **သူတို့ရဲ့ ရေ၊ မြေ၊ ယဉ်ကျေးမှု၊ ဘာသာတရားတွေနဲ့ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ ရှေးထုံးတမ်းစဉ်လာ၊ ဘာသာရေးအခြေအနေတွေကို သင့်လျော်ကိုက်ညီအောင်၊ မျှတအောင် စဉ်းစားပြီးမှ ရေးဆွဲခြင်းကသာ အကောင်းဆုံး**ဖြစ်မှာပါလို့ ဆွေးနွေးအကြံပြု တင်ပြလိုက်ရပါတယ်။ ။

## ဂျပန်ရုပ်ရှင်မင်းသားကြီး ဆန်နီချီးဘား မန္တလေးမြို့သို့ ရောက်ရှိ

**မန္တလေး မတ် ၁၁**

ဂျပန်ရုပ်ရှင်မင်းသားကြီး ဆန်နီချီးဘား (Sonny Chiba) သည် ဒေါက်တာဗမော်ရေးသားသည့် “မြန်မာတို့၏ အရှက်ဦး”ရုပ်ရှင်ဇာတ်ကားဖြစ်မြောက်ရေးအတွက် ရိုက်ကွင်းများရှာဖွေရန် မြန်မာနိုင်ငံ မန္တလေးမြို့သို့ ရောက်ရှိနေစဉ် မန္တလေးမြို့ Hotel Queen ၌ မတ် ၉ ရက် နံနက်ပိုင်းက သတင်းမီဒီယာသမားများနှင့် တွေ့ဆုံခဲ့သည်။



မင်းသားကြီးသည် ၁၉၆၀ ခုနှစ်မှ စတင်ပြီး ရုပ်ရှင်ဇာတ်ကား ၂၀၀ ကျော်နှင့် ဗီဒီယိုဇာတ်ကား ၁၃၀၀ ကျော် ရိုက်ကူးခဲ့သူဖြစ်ပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း ကမ္ဘာ့အဆင့်မီလာစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေးမြ(မန္တလေး)**

## ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်မည်

**ရန်ကုန် မတ် ၁၁**

လူငယ်လူရွယ်များ ဗုဒ္ဓဘာသာ အခြေခံသဘောတရားများကို ငယ်စဉ်ကပင် လေ့လာမှတ်သားကျင့်သုံးလိုက်နာတတ်စေရန် ရည်ရွယ်ကာ နှစ်စဉ်ဖွင့်လှစ်မြဲဖြစ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ရန်ကုန်မြို့၊ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် (၁၄၆)လမ်းရှိ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၌ မတ် ၂၁ ရက် (စနေနေ့) နံနက် ၈ နာရီမှ စတင်ကာ တစ်လသင်တန်း ဖွင့်လှစ်မည်ဖြစ်သည်။

တာမွေမြို့နယ်အတွင်းရှိ မအူကုန်း၊ အရိုးကုန်း၊ ပျားရည်ကုန်း၊ အလွှကုန်းနှင့် ကျောက်မြောင်းရပ်ကွက်တို့မှ အသက် ကိုးနှစ်မှ (၁၂)နှစ်အရွယ် ကျောင်းသားလူငယ် လူရွယ်၊ အမျိုးသား အမျိုးသမီးများ တက်ရောက်နိုင်ကြောင်းနှင့် ပို့ချသင်ခန်းစာ စာအုပ်များ အရေအတွက်ကန့်သတ်ချက်ကြောင့် အချိန်မီစာရင်းပေးသွင်း တက်ရောက် ကြရန်လိုကြောင်း အဆိုပါ ရပ်ကွက်များအတွင်း အသိပေးနှိုးဆော်ထားသည်။

**(ကိုချစ်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ မတ် ၁၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ချောင်းဆုံမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကမာမို-တော်ကနာ- ကွင်းကူးကွန်ကရစ်တံတားလုပ်ငန်း ပေ (၃၁×၁၂×၉)ဆောင်ရွက်ပြီးစီးမှုများကို မတ် ၈ ရက်က ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်နှင့် အင်ဂျင်နီယာများ၊ မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးလွင် (ဦးစီးအရာရှိ၊ နည်းပညာ)နှင့် အငယ်တန်းအင်ဂျင်နီယာ-၂တို့မှ ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ကုမ္ပဏီမှတာဝန်ရှိသူများကို ပြောကြားခဲ့ကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)တွင် ထိုင်းနိုင်ငံမှ ပညာရှင်များ ဟောပြောပို့ချ

**ရန်ကုန် မတ် ၁၁**

ထိုင်းနိုင်ငံ Department of Medical Science မှ Dr.Tarathom Sundharagiati ဦးဆောင်သောအဖွဲ့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အဖြစ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)တွင် မတ် ၉ ရက်မှ ၁၂ ရက်ထိ Predictable Endodontic Treatment ခေါင်းစဉ်ဖြင့် လာရောက်ဟောပြောပို့ချပြီး ဆေးလက်တွေ့သရုပ်ပြမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပပြီး **(အောက်ပုံ)** အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးလိုသည့် ပြည်သူလေးဦး၏ အကြံပြုချက်များအား ကြားနာခဲ့သည်။

အဆိုပါ ဥပဒေကြမ်းကြားနာရာသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးလိုသည့် ပြည်သူ ဦးခင်မောင်လွင်၊ ဦးထိန်လင်း၊ ဦးနေဝင်းအောင်၊ ဦးတင်မင်းကျော်နှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ထိုသို့ ကြားနာခြင်းဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက ဥပဒေတစ်ခုပြုရာတွင် ပါဝင်ပတ်သက်သည့်သူများ၊ အကြံဉာဏ်ရယူနိုင်မည့် ပုဂ္ဂိုလ်များထံမှရရှိမည့် ကိုယ်ပိုင်အကြံဉာဏ်များနှင့် အတွေ့အကြုံများသည် ဥပဒေကြမ်းပြုစုရာတွင် လိုအပ်သည့် သွင်းအားစုများဖြစ်လာမည်ဖြစ်ပါကြောင်း၊ အားလုံးပါဝင်စေလိုသည့်အတွက် ဖေဖော်ဝါရီ ၂၄ ရက်တွင် ကြေညာချက်ထုတ်ပြန်၍ ဖိတ်ကြားခဲ့ပါကြောင်း၊ လွှတ်တော်သည် ဥပဒေကြမ်းတစ်ခုအား လက်ခံဆောင်ရွက်ရာတွင် လွှတ်တော်ဥပဒေ၊ နည်းဥပဒေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ ဥပဒေတစ်ခုတွင် နိုင်ငံတော်နှင့် ပြည်သူအကျိုးရှိရန် စသည့် အချက်များကိုလည်း စဉ်းစားဆောင်ရွက်ပါကြောင်း၊ ထို့ကြောင့် ဤဥပဒေကြမ်းသည် လေးလေးနက်နက် စဉ်းစားဆောင်ရွက်ရမည့် ဥပဒေဖြစ်သည့်အတွက် ပြည့်စုံအောင် ဆောင်ရွက်ရပါကြောင်း၊ ယခုတက်ရောက်လာသည့် ပုဂ္ဂိုလ်များ၏ ဆွေးနွေးချက်များ၊ အကြံပြုချက်များသည် ဥပဒေကြမ်းအတွက် တန်ဖိုးရှိသည့် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် ဦးခင်မောင်လွင် ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေး သင်တန်းကျောင်းများအသင်း၊ ဦးထိန်လင်း ဒါရိုက်တာ သီရိမြင့်မြတ် စိုက်ပျိုးရေးကုမ္ပဏီ၊ ဦးနေဝင်းအောင် စာရေးဆရာ (ဆဋ္ဌမမြောက် ထီလာ)နှင့် ဦးတင်မင်းကျော် သရုပ်ပြ(ငြိမ်း) နည်းပညာတက္ကသိုလ်(လှိုင်ကော်) တို့က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် မိမိတို့၏ သဘောထားအမြင်များကို ဆွေးနွေးအကြံပြုခဲ့ကြသည်။ **(သတင်းစဉ်)**



**ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ မတ် ၁၁ ရက်က အေးချမ်းစွာ စာမေးပွဲဖြေဆိုရန် လာရောက်ကြစဉ်။**

အောင်ဆွေ(ရွှေတံတား)

# သမဝါယမ၏ ပြည်သူလူထုချေးငွေ ၂၁၈ ဘီလီယံအထိ တိုးချဲ့နိုင်ခဲ့



**နေပြည်တော် မတ် ၁၁**

ပြည်သူလူထု၏ လူမှုစီးပွားဘဝ မြင့်မားရေး၊ ဆင်းရဲမှုလျှော့ချနိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်လျက်ရှိရာတွင် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ်အနက် သမဝါယမဝန်ကြီးဌာန၏ ချေးငွေထုတ်ချေးပေးမှုသည်လည်း တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်လျက်ရှိရာ လက်ရှိတွင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုမှ မြို့နယ် ၃၀၇ မြို့နယ်အား ထုတ်ချေးငွေပေါင်း ၂၁၈ ဘီလီယံအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း မတ် ၁၁ ရက်က နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

လက်ရှိတွင် သမဝါယမအသင်းသားများ၏ အစုငွေနှင့် စုဆောင်းငွေပေါင်းသည် ၈၇ ဒသမ ၆၇ ဘီလီယံကျော်ထိရှိခဲ့ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး (sustainable) အတွက် အလားအလာကောင်းတစ်ခုဖြစ်ကြောင်း၊ ချေးငွေနှင့် ပတ်သက်၍ အပြင်ကချေးယူမည်ဆိုပါက အနည်းဆုံး ငါးကျပ်တိုးမှ ၂၀ ကျပ်တိုးအထိ ပေးရမည်ဖြစ်ကြောင်း၊ သမဝါယမကမူ တစ်ကျပ် ပြား ၅၀၊ နှစ်ကျပ်ပြား ၅၀ နှုန်းဖြင့် ချေးထားခြင်းကြောင့် အပြင်ကချေးယူခြင်းထက် တစ်လလျှင် အတိုးကျပ် ၁၇ ဒသမ ၇၇၈ ဘီလီယံကျော် သက်သာကြောင်း၊ စိုက်ပျိုးစရိတ် ချေးငွေအတွက်မူ အသင်းသားတစ်ဦးလျှင် တစ်ဧကကျပ် ငါးသောင်းနှုန်းဖြင့် နှစ်ဧကကျပ်တစ်သိန်းနှုန်း ထုတ်ချေးပေးလျက်ရှိကြောင်း၊ မွေးမြူရေးအတွက်မူ မွေးမြူသောတိရစ္ဆာန်အပေါ် မူတည်၍ အသင်းသားတစ်ဦးလျှင် ကျပ်ငါးသောင်းမှ တစ်သိန်းနှုန်းအထိ ထုတ်ချေးပေးလျက် ရှိကြောင်း၊ အသေးစားအရင်းအနှီးချေးငွေများ ဆောင်ရွက်ရာတွင် ယနေ့အချိန်အထိ အသင်းသား ပြည်သူများက ရာနှုန်းပြည့် ပြန်လည်ပေးဆပ်ခြင်းကြောင့် တစ်စုံတစ်ရာ ဆုံးရှုံးမှုမရှိကြောင်း အဆိုပါလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြောကြားခဲ့သည်။

ထို့ပြင် ပြည်သူများ၏ ဘဝအာမခံချက်ကို ပေးနိုင်သော လုပ်ငန်းများဖြစ်ခြင်းကြောင့် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန် အရေးကြီးကြောင်း၊ သို့ရာတွင် အပြည့်အဝအောင်မြင်အောင်နှင့် ခိုင်မြဲသော အောင်မြင်မှုအဖြစ် ရောက်ရှိအောင် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဗဟိုသမဝါယမအသင်းနှင့် အသင်းအဆင့်ဆင့်တို့က ကြပ်မတ်အကောင်အထည်ဖော်ပေးရန် လိုကြောင်း၊ သမဝါယမစနစ်သည် လူသားတို့၏ လိုအပ်ချက်အရ ပေါ်ပေါက်လာသော ဘဝလိုအပ်ချက်နှင့် ကိုက်ညီသောစနစ်ဖြစ်၍ တာဝန်ရှိသူအဖွဲ့အစည်းအားလုံးက မှန်ကန်စွာ ကြပ်မတ်အကောင်အထည်ဖော်ပါက အခြားသော နိုင်ငံများနည်းတူ မုချအောင်မြင်မှုရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြောကြားသည်။

သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သမဦးစီးမှူးများက ဒေသအလိုက်သမဝါယမ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ညှိနှိုင်းအစည်းအဝေးသို့ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးများ၊ သမဝါယမ ဒုတိယဝန်ကြီး၊ ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ Daedong ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များ အသီးသီး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**


# ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၁၁**

အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား UNFPA မှ United Nations Country Team (UNCT) အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင်အမှတ်(၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များ၊ မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများလက်ထပ်ထိမ်းမြားခြင်း၊ အမွေဆက်ခံခြင်းနှင့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်း စသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**








# ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတ ဦးဆောင်သောအဖွဲ့ နေပြည်တော်တွင် လေ့လာ

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဓွမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။**(အပေါ်ပုံ)**

ယင်းနောက် ဧည့်သည်တော် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်သို့ရောက်ရှိပြီး စေတီတော် လိုဏ်အတွင်းရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**❋ ကျောဖုံးမှ**

စီးပွားရေးလုပ်ငန်းကြီးများဖြစ်သည့် ဟောင်အန်းဂီယာလိုင်းအုပ်စု၊ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ ဗီယက်တဲလ် ဆက်သွယ်ရေးလုပ်ငန်းစုနှင့် ဗီယက်နမ်ရေနံရှာဖွေရေးလုပ်ငန်းစုတို့ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်နေမှုကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေထုတ်ပြန်ပြီး လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် အခြေအနေကောင်းများ ဖန်တီးပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ ထူထောင်ထားပြီးဖြစ်သည့် အထူးစီးပွားရေးဇုန်များတွင်လည်း လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားပြီး နှစ်နိုင်ငံ ပူးတွဲကြေညာချက်ပါ သဘောတူညီထားပြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ကုန်သွယ်ရေး၊ ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ သတ္တုနှင့် စွမ်းအင်ကဏ္ဍတို့တွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ နိုင်ငံတကာ အသိုက်အဝန်းတွင် အပြန်အလှန် အားပေးထောက်ခံရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးခင်ဇော်၊ ဦးခင်မောင်အေး၊ ဦးဇင်ယော်၊ ဦးအောင်ထူး၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာလင်းအောင်၊ ဒေါ်လဲ့လဲ့သိန်း၊ ဒေါက်တာစိုင်းကျော်အုန်းတို့တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယသမ္မတနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး မစ္စတာဖန်သန်ဇွန်းလည်း တက်ရောက်သည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဧည့်သည်တော် ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတ မဒမ် ငုယင်သီဓွမ်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ဟိုတယ်ဇုန်ရှိ Kempinski ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

**❋ ပါကစ္စတန်မှ**

ရောဝတီ ရေတပ်စခန်းမှ စစ်သည်များနှင့် ချစ်ကြည်ရေးအားကစားအနေဖြင့် ဘော်လီဘောပြိုင်ပွဲ ကစားပြီး မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီ၊ ဗိုလ်ချုပ်ဈေး၊ King စပါးရှားအုတ်ဂူ စသည်နေရာများသို့ သွားရောက်လည်ပတ်ခဲ့သည်။ မတ် ၁၁ ရက် ညပိုင်းတွင် သီလဝါဆိပ်ကမ်းရှိ ရေတပ်သင်္ဘောပေါ်တွင် ချစ်ကြည်ရေး ညစာ အပြန်အလှန် ဧည့်ခံခဲ့ကြသည်။

မတ် ၁၃ ရက်တွင် ချစ်ကြည်ရေးခရီးစဉ်ပြီးနောက် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(သန့်ဇင်ဝင်း)**

# နိုင်ငံခြား စီးပွားဆက်သွယ်ရေး မွမ်းမံသင်တန်းဖွင့်





နေပြည်တော် မတ် ၁၁

**စီးပွားရေးဆက်ဆံဆောင်ရွက်မှု မြှင့်တင်နိုင်မည့် နိုင်ငံများတွင် စီးပွားရေးကိုယ်စားလှယ်အဖြစ် စီးပွားရေးသံမှူးများ ရွေးချယ်ခန့်အပ်ရန် "နိုင်ငံခြားစီးပွားဆက်ဆံရေးမွမ်းမံသင်တန်း" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဝင်းမြင့်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုမြှင့်တင်မည့် နိုင်ငံများတွင် စီးပွားရေးကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်နိုင်ရန်နှင့် စီးပွားရေးသံမှူးများ ခန့်အပ်ရန်အတွက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးသင်တန်းများကို အားဖြည့်ပို့ချခဲ့ပါကြောင်း။

အခြေခံနိုင်ငံခြားစီးပွားဆက်သွယ်ရေးသင်တန်း အမှတ်စဉ်(၁)မှ စီးပွားရေးသံမှူး ကိုးဦးအား ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ စင်ကာပူ၊ ဘယ်လ်ဂျီယမ်၊ ထိုင်း၊ တောင်ကိုရီးယားနှင့် ဟောင်ကောင်နိုင်ငံများသို့ စီးပွားရေး သံမှူးများအဖြစ် ခန့်အပ်စေလွှတ်ခဲ့ပါကြောင်း၊ ဒုတိယအသုတ် စီးပွားရေးသံမှူးများအား ထပ်မံစေလွှတ်ခန့်ထားရန်အတွက် နိုင်ငံခြားစီးပွားဆက်သွယ်ရေး မွမ်းမံသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရှာဖွေရေး၊ မိမိနိုင်ငံအတွက် ပို့ကုန်များ အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် နေရာရယူစေရေး၊ မိမိနိုင်ငံအတွက် လိုအပ်သည့် သွင်းကုန်များကို ဈေးနှုန်းချိုသာစွာ ရရှိစေရေးအတွက် ဇာစ်မြစ်များရှာဖွေရေး၊ GSP ခံစားရရှိနိုင်ရေး၊ ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံအဖြစ်မှ လွတ်မြောက်ရေး၊ နိုင်ငံခြားအကူအညီ အထောက်အပံ့များ၊ ချေးငွေများနှင့် သက်ဆိုင်သည့် စီမံချက်ညှိနှိုင်းရေးကိစ္စရပ်များနှင့် လိုအပ်သည့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ၊ အဆက်အသွယ်များ ရှာဖွေရယူနိုင်ရေးတို့အတွက် စီးပွားရေးသံမှူး မွမ်းမံသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပါကြောင်း။

ယခုသင်တန်းများ ဖွင့်လှစ်ခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် များစွာ အထောက်အကူပြုစေပါကြောင်း၊ အကူအညီများ၏ ရလဒ်များကို ပိုမိုတိုးတက်ကောင်းမွန်စေခြင်းဖြင့် နိုင်ငံခြားအကူအညီအထောက်အပံ့များလည်း ပိုမိုတိုးတက်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ရှိသည်နှင့်အညီ နိုင်ငံခြားအကူအညီ အထောက်အပံ့များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဆွဲဆောင်ရန်၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ (Foreign Direct Investment) ပိုမိုစီးဝင်စေရန်၊ လူနေမှုဘဝ အရည်အသွေးတိုးတက်စေရန်၊ လူသားဖွံ့ဖြိုးမှု (Human Development) ကို ဖြစ်ပေါ်စေရန် ဆောင်ရွက်ရာတွင် စီးပွားရေးသံမှူးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း။

စီးပွားရေးသံမှူးများသည် နိုင်ငံ၏ ရှေ့တန်းစီးပွားရေးမျက်နှာစာတွင် တည်ရှိနေပြီး ပြည်ပဌာနများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မိမိနိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်နေသည့် ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက စီးပွားရေးအဆက်အသွယ်များ၊ စီးပွားရေးဆိုင်ရာသတင်းအချက်အလက်နှင့် အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလေ့လာတင်ပြပေးနေရန် လိုအပ်ပါကြောင်း ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် အခြေခံနိုင်ငံခြား စီးပွားဆက်သွယ်ရေး သင်တန်းအတွက် လိုအပ်သည့် ဘာသာရပ်များကို ကြိုးပမ်းလေ့လာကြရန် လိုအပ်ပါကြောင်း သင်ကြားလေ့ကျင့်မှုများကို စနစ်တကျ ကြိုးပမ်းသင်ယူလေ့လာကြရန် တိုက်တွန်းပြောကြားသည်။

သင်တန်းတွင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သည့် ဌာနဆိုင်ရာ အရာရှိကြီးများ၊ အငြိမ်းစား သံအမတ်ကြီးများက ပို့ချမည်ဖြစ်ပြီး အဆိုပါ မွမ်းမံသင်တန်းသို့ ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ အရာထမ်း ၃၁ ဦး တက်ရောက်မည်ဖြစ်ကာ သင်တန်းကာလမှာ မတ် ၁၁ ရက်မှ ၂၅ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒေါ်ယူစစ်မေးခဲ့သည့် သံဃာ ၁၀ ပါးတို့အား သက်ဆိုင်ရာဒေသကျောင်းအသီးသီးသို့ ပြန်ခွင့်ပြု

**နေပြည်တော် မတ် ၁၁**

မတ် ၁၀ ရက်က ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့၌ အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြသည့် သပိတ်စစ်ကြောင်းတွင် သံဃာ ၁၀ ပါးပါဝင်နေသည်ကို တွေ့ရှိရသဖြင့် ခေါ်ယူစစ်မေးခဲ့သည်။

သံဃာ ၁၀ ပါးမှာ ဥူးဥတ္တမ (၅၉)နှစ် (၃၉)ဝါ ဇွဲဇုံကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး(ကျောင်းထိုင်ဆရာတော်)၊ ဥူးစိန္တိတ(၃၆)နှစ် (၁၆)ဝါ ရှမ်းစုတိမနိတိုက် ချမ်းမြသာစည်မြို့နယ် မန္တလေးတိုင်းဒေသကြီး၊ ဥူးအာလောက (၅၂)နှစ် (၃၂)ဝါ ကျောင်းသစ်ကျောင်း မအူအလယ်ရွာ ရေစကြိုမြို့နယ် မကွေးတိုင်းဒေသကြီး(ကျောင်းထိုင်ဆရာတော်)၊ ဥူးနန္ဒသာရ (၂၇)နှစ် (၆)ဝါ ကံသာရွာ ထီးလင်းမြို့နယ် မကွေးတိုင်းဒေသကြီး၊ ဥူးရေဝတ (၂၃)နှစ် (၃)ဝါ မှိုပင်ကျောင်းတိုက် တောင်သာမြို့နယ် မန္တလေးတိုင်းဒေသကြီး၊ ဥူးမေတ္တာနန္ဒ (၂၅)နှစ် (၄)ဝါ ပုပ္ဖာရုံကျောင်း တောကျေးရွာ မြင်းခြံမြို့နယ် မန္တလေးတိုင်းဒေသကြီး၊ ဥူးပညာသီရိ (၂၇)နှစ် (၇)ဝါ လောကမှန်ကင်း အနောက်ကျောင်းတိုက် ပခုက္ကူမြို့ မကွေးတိုင်းဒေသကြီး၊ ဥူးကောဝိဒ(၃၂) နှစ် (၁၀)ဝါ အရှေ့ငွေတောင်ကျောင်းတိုက် ချောက်မြို့ မကွေးတိုင်းဒေသကြီး၊ ဥူးကဝိန္ဒ (၂၆)နှစ် (၅) ဝါ မန္တလေးတိုက်(အနောက်တိုက်) ပခုက္ကူမြို့ မကွေးတိုင်းဒေသကြီးနှင့် ဥူးဇောတိပါလ (၂၃)နှစ် (၂)ဝါ အနောက်ငွေတောင်ကျောင်းတိုက် ချောက်မြို့ မကွေးတိုင်းဒေသကြီးတို့ဖြစ်ကြသည်။

အဆိုပါသံဃာများအား လက်ပံတန်းမြို့နယ် သံဃနာယကအဖွဲ့နှင့် တာဝန်ရှိသူများက စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ အဆိုပါသံဃာများအနေဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ထုတ်ပြန်ထားသော ညွှန်ကြားလွှာအမှတ် (၈၃)ပါ ညွှန်ကြားချက်များ၊ မတ်လ ၃ ရက်တွက် ထုတ်ပြန်သည့် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဂိုဏ်းပေါင်းစုံ၏ မေတ္တာရပ်ခံချက်၊ မတ်လ ၄ ရက်တွင် ထုတ်ပြန်သည့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)သံဃနာယကအဖွဲ့ ဂိုဏ်းပေါင်းစုံနှင့် ယင်းနေ့တွင်ထုတ်ပြန်သည့် လက်ပံတန်းမြို့နယ် သံဃနာယကအဖွဲ့ ဂိုဏ်းပေါင်းစုံတို့၏ မေတ္တာရပ်ခံချက်များဖြင့် တားမြစ်အသိပေးခဲ့သော်လည်း သပိတ်စစ်ကြောင်း၌ ကျောင်းသားများဘက်မှ ပါဝင်ဆောင်ရွက်ခဲ့မှုများသည် စေတနာအမှားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရဟန်းသံဃာတော်များနှင့်မအပ်စပ်သော ပါတီနိုင်ငံရေးများ၊ လူမှုရေးရာကိစ္စများနှင့် ယခုကဲ့သို့ ကျောင်းသားသပိတ်များအပေါ် နောင်အခါပါဝင်ပတ်သက်မှုမပြုလုပ်တော့ပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ထုတ်ပြန်ထားသော ညွှန်ကြားလွှာများနှင့်အညီ ဂန္ထဓုရ၊ ဝိပဿနာ ဓုရနှစ်ဖြာအား ကျင့်ကြံကြိုးစားပွားများအားထုတ်မည်ဖြစ်ကြောင်း ဆရာတော်များ၏ ရှေ့မှောက်၌ ဝန်ခံကတိပြုခဲ့ကြောင်း၊ နောက်နောင် ကျောင်းသားသပိတ် စသည့်နိုင်ငံရေးကိစ္စများတွင် ရဟန်းသံဃာတော်များနှင့်မအပ်စပ်သည့် ယခုကဲ့သို့ ကျောင်းသားသပိတ်၌ ပါဝင်ခြင်းများအပေါ် မေတ္တာရှေ့ထား၍ ခွင့်လွှတ်သည်းခံပေးတော်မူပါရန် လျှောက်ထားခဲ့ကြကြောင်း သိရသည်။

သို့ဖြစ်၍ အဆိုပါ သံဃာ ၁၀ ပါးတို့အား ဒေသအသီးသီးရှိ သီတင်းသုံးသည့် ကျောင်းများသို့ ယနေ့နံနက်ပိုင်းမှစ၍ ပြန်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆို

**သံတောင်ကြီး မတ် ၁၁**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာ မတ် ၁၁ ရက် နံနက် ၉ နာရီမှစ၍ ကျား ၆၇ ဦး၊ မ ၁၆၀ စုစုပေါင်း ၂၂၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။ ထို့နည်းတူ သံတောင်မြို့သစ် စာစစ်ဌာန၌ ကျား ၉၅ ဦး၊ မ ၃၀၄ ဦး စုစုပေါင်း ၃၉၉ ဦး ဖြေဆိုခဲ့ကြောင်း၊ လိပ်သိုစာစစ်ဌာနတွင် ကျား ၁၀၁ ဦး၊ မ ၂၀၆ ဦး စုစုပေါင်း ၃၀၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း၊ ဘုရင့်နောင်စာစစ်ဌာနတွင် ကျား ၃၀၊ မ ၃၄ ဦး စုစုပေါင်း ၆၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**



# ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆို

**နေပြည်တော် မတ် ၁၁**

**အင်းစိန်**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနများတွင် တစ်ပြိုင်တည်း စာမေးပွဲများဖြေဆိုလျက်ရှိရာ ယနေ့ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် **(အပေါ်ပိုင်း)**အတွင်းတွင်လည်း ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထက ကျောင်းပေါင်း ခုနစ်ကျောင်း၊ စာစစ်ဌာန ၁၁ ခုခွဲ၍ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၁၆၃ ဦး စတင်ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

စာဖြေဌာန ၁၁ ခုတွင် တက္ကသိုလ်ဝင်ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရန်အတွက် အတွင်းစည်း၊ အပြင်စည်းများဖြင့် စနစ်တကျ သတ်မှတ်ထားရှိပြီး အတွင်းစည်းတွင် ကြီးကြပ်သူ ဆရာ ဆရာမများ အင်အား ၇၅၃ ဦးနှင့် ကျောင်းအပြင်စည်းတွင် မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၃၃ ဦးတို့ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။ **(၆၈၄)**

**သန်လျင်**

မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် သန်လျင်မြို့နယ် စာစစ်ဌာန(၅)၌ စတင်၍ ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုလျက်ရှိသည်။

သန်လျင်မြို့နယ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၃၃၉၄ ဦးရှိပြီး ယနေ့တွင် ၃၁၅၉ ဦး လာရောက်ဖြေဆိုသဖြင့် ၉၃ ဒသမ ဝ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **(သန်းဝင်း-သန်လျင်)**

**ကိုကိုးကျွန်း**

ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်တွင် ကျင်းပသည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ယနေ့တွင် ကိုကိုးကျွန်းမြို့နယ်၌ စတင်၍ ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုလျက်ရှိရာ ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၃၃ ဦးရှိပြီး ယနေ့တွင် ၃၂ ဦး လာရောက်ဖြေဆိုသဖြင့် ၉၆ ဒသမ ၉၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **(ကြေးမုံ)**

**ကောလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ အမှတ်(၂) အခြေခံပညာဦးစီးဌာန ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အထက(ကောလင်း)စာစစ်ဌာန၌ ကျောင်းသား ၄၂၅ ဦး၊ ကျောင်းသူ ၆ဝ၄ ဦး စုစုပေါင်း ၁ဝ၂၉ ဦး၊ အထက(ခွဲ) ကောလင်းစာစစ်ဌာနတွင် ကျောင်းသား ၁ဝ၅ ဦး၊ ကျောင်းသူ ၁၁၇ ဦး စုစုပေါင်း ၂၂၂ ဦး၊ အထက(ဥက္ကံ)စာစစ်ဌာနတွင် ကျောင်းသား ၆၁ ဦး၊ ကျောင်းသူ ၆၉ ဦး စုစုပေါင်း ၁၃ဝ၊ အထက(ခံသာ)စာစစ်ဌာန၌ ကျောင်းသား ၉ဝ၊ ကျောင်းသူ ၁၇၂ ဦး စုစုပေါင်း ၂၆၂ ဦးတို့ မတ် ၁၁ ရက်က ဖြေဆိုကြရာ မြို့နယ်ချုပ် ကျောင်းသား ၆၈၁ ဦး၊ ကျောင်းသူ ၉၆၂ ဦး စုစုပေါင်း ၁၆၄၃ ဦး ဖြေဆိုမှုရာခိုင်နှုန်း ၉၆ ဒသမ ၈၇ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ **(၂၁၄)**

**ဟိုပန်**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတင်ဖြေဆိုသည့် မတ် ၁၁ ရက်တွင် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ဟိုပန်စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူ ၁၁၈ ဦးသည် အေးချမ်းစွာဖြေဆိုလျက်ရှိပြီး တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

**မြောင်းမြ**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ မတ် ၁၁ ရက်တွင် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာဖြေဌာန ရှစ်ခုထားရှိဖြေဆိုရာ စာရင်းရှိ ကျောင်းသား ၁၄၈၇ ဦးနှင့် ကျောင်းသူ ၂ဝ၃၉ ဦး စုစုပေါင်း ၃၅၂၆ ဦးအနက် ယနေ့ဖြေဆိုသူ ကျောင်းသား ၁၃၇၉ ဦးနှင့် ကျောင်းသူ ၁၉၇၂ ဦး စုစုပေါင်း ၃၃၅၁ ဦး ဖြေဆိုကြရာ ၉၅ ဒသမ ဝ၄ ရာခိုင်နှုန်း လာရောက်ဖြေဆိုကြကြောင်း သိရသည်။

ယင်းစာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုလျက်ရှိကြောင်း၊ စာစစ်ဌာနများတွင်လည်း ပညာရေးဌာနမှ ဝန်ထမ်းများအပြင် အခြားဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လုံခြုံရေးဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဇော်မင်းသွင်(မြောင်းမြ)**

**မုဒုံ**

ယနေ့နံနက် ၉ နာရီတွင် စတင်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ် မုဒုံမြို့ အထက(၁)၊ အထက(၂)၊ အထက(၃)နှင့် ကမာဝက် အထက စာစစ်ဌာန လေးခုတို့၌ ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၁၉ဝ၅ ဦးအနက် ၄၇ ဦးပျက်ကွက်ကာ စုစုပေါင်း ၁၈၅၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မြို့နယ်၊ ရပ်ကွက် လူမှုရေးအဖွဲ့အစည်းဝင်များက လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ကြသည်။

ယမန်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မုဒုံမြို့နယ် စာစစ်ဌာနသုံးခု၌ ဖြေဆိုသူ ၁၅၂၈ ဦးအနက် ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦးအပါအဝင် ၉၁၈ ဦး ၆ဝ ဒသမ ဝ၈ ရာခိုင်နှုန်း အောင်မြင်ကြောင်းနှင့် မွန်ပြည်နယ် ၁ဝ မြို့နယ်တွင် ဒုတိယအောင်ချက်အကောင်းဆုံးမြို့နယ် ဆုရရှိခဲ့ကြောင်း သိရသည်။

**ကိုချစ်(မုဒုံ)**

# မြန်မာတစ်နိုင်ငံလုံး၌ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၅၉၇၇၆၈ ဦးရှိ

**နေပြည်တော် မတ် ၁၁**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း စတင်ကျင်းပခဲ့ရာ မြန်မာစာဘာသာရပ်ဖြေဆိုမှုတွင် စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်စာရင်း၊ ဖြေဆိုမှုရာခိုင်နှုန်းနှင့် ပျက်ကွက်မှုရာခိုင်နှုန်းတို့မှာ-

**ကချင်ပြည်နယ်**တွင် စာရင်းရှိ ၂၇၄ဝ၂ ဦး၊ ဖြေဆိုသူ ၂၅၇၈၈ ဦး၊ ပျက်ကွက် ၁၆၁၄ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၄ ဒသမ ၁၁၊ ပျက်ကွက် ၅ ဒသမ ၈၉ ရာခိုင်နှုန်းဖြစ်သည်။

**ကယားပြည်နယ်**တွင် စာရင်းရှိ ၄၅၁၉ ဦး၊ ဖြေဆိုသူ ၄၂၈၁ ဦး၊ ပျက်ကွက် ၂၃၈ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၄ ဒသမ ၇၃၊ ပျက်ကွက် ၅ ဒသမ ၂၇ ရာခိုင်နှုန်းဖြစ်သည်။

**ကရင်ပြည်နယ်**တွင် စာရင်းရှိ ၁၂၆၈၂ ဦး၊ ဖြေဆိုသူ ၁၁၉၅၅ ဦး၊ ပျက်ကွက် ၇၂၇ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၄ ဒသမ ၂၇၊ ပျက်ကွက် ၅ ဒသမ ၇၃ ရာခိုင်နှုန်းဖြစ်သည်။

**ချင်းပြည်နယ်**တွင် စာရင်းရှိ ၁ဝ၉၃၄ ဦး၊ ဖြေဆိုသူ ၉၆၃၉ ဦး၊ ပျက်ကွက် ၁၂၉၅ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၈၈ ဒသမ ၁၆၊ ပျက်ကွက် ၁၁ ဒသမ ၈၄ ရာခိုင်နှုန်းဖြစ်သည်။

**စစ်ကိုင်းတိုင်းဒေသကြီး**တွင် စာရင်းရှိ ၈ဝဝ၇၉ ဦး၊ ဖြေဆိုသူ ၇၆၆၇၂ ဦး၊ ပျက်ကွက် ၃၄ဝ၇ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၅ ဒသမ ၇၅၊ ပျက်ကွက် ၄ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်သည်။

**တနင်္သာရီတိုင်းဒေသကြီး**တွင် စာရင်းရှိ ၁၃၆ဝဝ ဦး၊ ဖြေဆိုသူ ၁၂၉၄၄ ဦး၊ ပျက်ကွက် ၆၅၆ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၅ ဒသမ ၁၈၊ ပျက်ကွက် ၄ ဒသမ ၈၂ ရာခိုင်နှုန်းဖြစ်သည်။

**ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)**တွင် စာရင်းရှိ ၃၁၇၉၉ ဦး၊ ဖြေဆိုသူ ၃ဝဝ၀၅ ဦး၊ ပျက်ကွက် ၁၇၉၄ ဦး၊ ဖြေဆိုသည့်ရာခိုင်နှုန်း ၉၄ ဒသမ ၃၆၊ ပျက်ကွက် ၅ ဒသမ ၆၄ ရာခိုင်နှုန်းဖြစ်သည်။

**ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)**တွင် စာရင်းရှိ ၁၉၈၆၃ ဦး၊ ဖြေဆိုသူ ၁၈၆၉၅ ဦး၊ ပျက်ကွက် ၁၁၆၈ ဦး၊ ဖြေဆိုသည့်ရာခိုင်နှုန်း ၉၄ ဒသမ ၁၂၊ ပျက်ကွက် ၅ ဒသမ ၈၈ ရာခိုင်နှုန်းဖြစ်သည်။

**မကွေးတိုင်းဒေသကြီး**တွင် စာရင်းရှိ ၅၉၃၅၈ ဦး၊ ဖြေဆိုသူ ၅၆၈၇၂ ဦး၊ ပျက်ကွက် ၂၄၈၆ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၅ ဒသမ ၈၁၊ ပျက်ကွက် ၄ ဒသမ ၁၉ ရာခိုင်နှုန်းဖြစ်သည်။

**မန္တလေးတိုင်းဒေသကြီး**တွင် စာရင်းရှိ ၉၁၂၆၇ ဦး၊ ဖြေဆိုသူ ၈၇၂ဝ၁ ဦး၊ ပျက်ကွက် ၄ဝ၆၆ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၅ ဒသမ ၅၄၊ ပျက်ကွက် ၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြစ်သည်။

**မွန်ပြည်နယ်**တွင် စာရင်းရှိ ၁၉ဝ၂၈ ဦး၊ ဖြေဆိုသူ ၁၈၁၇ဝ၊ ပျက်ကွက် ၈၅၈ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၅ ဒသမ ၄၉၊ ပျက်ကွက် ၄ ဒသမ ၅၁ ရာခိုင်နှုန်းဖြစ်သည်။

**ရခိုင်ပြည်နယ်**တွင် စာရင်းရှိ ၃၁၆၅၄ ဦး၊ ဖြေဆိုသူ ၂၉၄၈ဝ၊ ပျက်ကွက် ၂၁၇၄ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၃ ဒသမ ၁၃၊ ပျက်ကွက် ၆ ဒသမ ၈၇ရာခိုင်နှုန်းဖြစ်သည်။

**ရန်ကုန်တိုင်းဒေသကြီး**တွင် စာရင်းရှိ ၁ဝ၆၁၆၇ ဦး၊ ဖြေဆိုသူ ၉၉ဝ၄၅ ဦး၊ ပျက်ကွက် ၇၁၂၂ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၃ ဒသမ ၂၉၊ ပျက်ကွက် ၆ ဒသမ ၇၁ ရာခိုင်နှုန်းဖြစ်သည်။

**ရှမ်းပြည်နယ်(တောင်ပိုင်း)**တွင် စာရင်းရှိ ၂၂၃ဝ၄ ဦး၊ ဖြေဆိုသူ ၂ဝ၉၆၅ ဦး၊ ပျက်ကွက် ၁၃၃၉ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၄ ဒသမ ၁ဝ၊ ပျက်ကွက် ၆ ဒသမ ဝဝ ရာခိုင်နှုန်းဖြစ်သည်။

**ရှမ်းပြည်နယ်(မြောက်ပိုင်း)**တွင် စာရင်းရှိ ၁၄၉ဝ၅ ဦး၊ ဖြေဆိုသူ ၁၄၁၁၂ ဦး၊ ပျက်ကွက် ၇၉၃ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၄ ဒသမ ၆၈၊ ပျက်ကွက် ၅ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်သည်။

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)**တွင် စာရင်းရှိ ၃၉ဝ၉ ဦး၊ ဖြေဆိုသူ ၃၆၅ဝ၊ ပျက်ကွက် ၂၅၉ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၃ ဒသမ ၃၇၊ ပျက်ကွက် ၆ ဒသမ ၆၃ ရာခိုင်နှုန်းဖြစ်သည်။

**ဧရာဝတီတိုင်းဒေသကြီး**တွင် စာရင်းရှိ ၆၅၃၇၃ ဦး၊ ဖြေဆိုသူ ၆၁၉၃၅ ဦး၊ ပျက်ကွက် ၃၄၃၈ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၄ ဒသမ ၇၄၊ ပျက်ကွက် ၅ ဒသမ ၂၆ ရာခိုင်နှုန်းဖြစ်သည်။

**နေပြည်တော်**တွင် စာရင်းရှိ ၁၇၃၆၆ ဦး၊ ဖြေဆိုသူ ၁၆၃၅၉ ဦး၊ ပျက်ကွက် ၁ဝဝ၇ ဦး၊ ဖြေဆိုသည့်ရာခိုင်နှုန်း ၉၄ ဒသမ ၂ဝ၊ ပျက်ကွက် ၅ ဒသမ ၈ဝ ရာခိုင်နှုန်းဖြစ်သည်။

**တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စာရင်းရှိ ၆၃၂ဝ၉ ဦး၊ ဖြေဆိုသူပေါင်း ၅၉၇၇၆၈ ဦး၊ ပျက်ကွက် ၃၄၄၄၁ ဦး၊ ဖြေဆိုသည့်ရာခိုင်နှုန်းအနေဖြင့် ၉၄ ဒသမ ၅၅ ရာနိုင်နှုန်းနှင့် ပျက်ကွက် ၅ ဒသမ ၄၅ ရာခိုင်နှုန်းဖြစ်ကြောင်း** သိရှိရသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတင်ကျင်းပ၊ ကျောင်းသား ကျောင်းသူများ ငြိမ်းချမ်းစွာဖြေဆို

**နေပြည်တော် မတ် ၁၁**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ စာစစ်ဌာနပေါင်း ၁၃၅၅ ခုနှင့် နိုင်ငံရပ်ခြားရှိ မြန်မာနိုင်ငံသံရုံးများ၌ ဖွင့်လှစ်ထားသော စာစစ်ဌာန ၂၁ ခု စုစုပေါင်း စာစစ်ဌာန ၁၃၇၆ ခုတို့၌ တစ်ပြိုင်တည်း စတင်ကျင်းပရာ ကျောင်းသားကျောင်းသူများ ငြိမ်းချမ်းစွာ ဖြေဆိုကြသည်။

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူများအနက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာန၌ ရှစ်ဦး၊ ချင်းပြည်နယ်တွင် ဆေးရုံစာစစ်ဌာန၌ ခြောက်ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဆေးရုံစာစစ်ဌာန၌ နှစ်ဦး၊ မွန်ပြည်နယ်တွင် ဆေးရုံစာစစ်ဌာန၌ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)တွင် ဆေးရုံစာစစ်ဌာန၌ ငါးဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဆေးရုံစာစစ်ဌာန၌ လေးဦး၊ ကရင်ပြည်နယ်တွင် ဆေးရုံစာစစ်ဌာန၌ နှစ်ဦးတို့ ဖြေဆိုကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အလက(၁၂)စာစစ်ဌာနတွင်မျက်မမြင် ၁၄ ဦး၊ ကြည့်မြင်တိုင်မြို့နယ် အထက(၂) စာစစ်ဌာနတွင် မျက်မမြင် ခြောက်ဦး၊ ဒဂုံမြို့နယ် အထက(၂) စာစစ်ဌာနတွင် ဆွံ့အနားမကြား သုံးဦး၊ ဒဂုံမြို့နယ် အထက(၃) စာစစ်ဌာနတွင် ဆွံ့အနားမကြား ၁၂ ဦးတို့ ဖြေဆိုကြသည်။

ထို့အတူ ကိုယ်အင်္ဂါမသန်စွမ်းဖြေဆိုမှုအနေဖြင့် အင်းစိန်မြို့နယ် အထက(၁)စာစစ်ဌာနတွင် တစ်ဦး၊ အင်းစိန်မြို့နယ် အထက(၄)စာစစ်ဌာနတွင်တစ်ဦး၊ ကွမ်းခြံကုန်းမြို့နယ် အထက(၁) စာစစ်ဌာနတွင် တစ်ဦး၊ ကျူတောအထက စာစစ်ဌာနတွင် တစ်ဦး၊ ကျောက်တန်းမြို့နယ် အထက(၂) စာစစ်ဌာနတွင် တစ်ဦး၊ လှိုင်သာယာမြို့နယ် အထက(၈) စာစစ်ဌာနတွင် တစ်ဦး၊ သင်္ဃန်းကျွန်းမြို့နယ် အထက(၄) စာစစ်ဌာနတွင် တစ်ဦး၊ စမ်းချောင်းမြို့နယ် အထက(၂) စာစစ်ဌာနတွင် တစ်ဦး၊ တာမွေမြို့နယ် အထက(၁) စာစစ်ဌာနတွင် တစ်ဦး၊ တာမွေမြို့နယ် အထက(၃) စာစစ်ဌာနတွင် နှစ်ဦး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အထက(၂) စာစစ်ဌာနတွင် တစ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) အထက(၁) စာစစ်ဌာနတွင် တစ်ဦး၊ ဗဟန်းမြို့နယ် အထက(၁) စာစစ်ဌာနတွင် တစ်ဦးတို့ ဖြေဆိုကြသည်။

ထို့ပြင် ဗဟိုအကျဉ်းထောင်စာစစ်ဌာနတွင် (အကျဉ်းသား၊ အချုပ်သား) စာဖြေသူ ၁၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) အထက(၁)စာစစ်ဌာနတွင် ကွန်ပျူတာဖြင့်ဝင်ရောက်ဖြေဆိုသည့် မသန်စွမ်းကျောင်းသူတစ်ဦးရှိကာ ယင်းကျောင်းသူအား အချိန်ပိုမိနစ် ၃ဝ ပေး၍ ဖြေဆိုစေခဲ့သည်။

အထူးကိစ္စအနေဖြင့် လောက်ကိုင်ဒေသ တိုက်ပွဲရှောင်စာဖြေသူများအတွက် လားရှိုးမြို့နယ်တွင် ၆၁ ဦး၊ ကွမ်းလုံမြို့နယ်တွင် ၃၉ ဦး၊ နမ္မတူမြို့နယ်တွင် တစ်ဦး၊ တန့်ယန်းမြို့နယ်တွင် တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် သုံးဦး၊ ကျိုက်မရောမြို့နယ်တွင် နှစ်ဦး၊ ကန့်ဘလူမြို့နယ်တွင် တစ်ဦးနှင့် ပြင်ဦးလွင်မြို့နယ်တွင် တစ်ဦး စုစုပေါင်း ၁ဝ၉ဦး ဖြေဆိုရန် ဆက်သွယ်စီစဉ်ပေးခဲ့သည်။ လားရှိုးမြို့နယ်တွင် ဖြေဆိုသည့် ၆၁ ဦးအနက် လေးဦးမှာပျက်ကွက်ပြီး ကျန်စာစစ်ဌာနများတွင် စာရင်းရှိအားလုံး ဖြေဆိုကြကြောင်း သိရသည်။

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနပေါင်း ၁၃၅၅ ခု၌ စာရင်းသွင်းအင်အား ၆၃၂ဝ၉ ဦးရှိသည့်အနက် ၅၉၇၇၆၈ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိရာ ဖြေဆိုသူအင်အား ၉၄ ဒသမ ၅၅ ရာခိုင်နှုန်းရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အမည်စာရင်းထုတ်ပြန်

**နေပြည်တော် မတ် ၁၁**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် ပထမအသုတ် လူတွေ့ဖြေဆိုရမည့်သူ ၁၄၂ ဦးနှင့် ဒုတိယ အသုတ် လူတွေ့ဖြေဆိုရမည့်သူ ၁၇၂ ဦးတို့၏ အမည်စာရင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် အရည်အချင်းစစ်စာမေးပွဲဖြေဆိုခဲ့သူများအနက် IELTS အဆင့် 6.5 နှင့်အထက် ညီမျှသော Aptis Test အဆင့် 'C' ဖြင့် အမှတ်အများဆုံးရရှိသူ ၁၄၂ ဦးအား ပထမအသုတ် လူတွေ့စစ်ဆေးပြီး လိုအပ်သည်များကိုဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူပင် IELTS 5.0 နှင့် 6.5 အကြား အဆင့်နှင့်ညီမျှသော Aptis Test အဆင့် 'B2' ရရှိသူ ၇၃၆ ဦးတွင် အမှတ်အများဆုံးရရှိသူ ၁၇၂ ဦးအား ဒုတိယအသုတ် လူတွေ့ဖြေဆိုရမည့်သူများအဖြစ် အမည်စာရင်းထုတ်ပြန်ပြီးဖြစ်သည်။

အဆိုပါအဆင့် 'B2' ရရှိသူ ၇၃၆ ဦးအနက်မှ တတိယအသုတ် လူတွေ့ဖြေဆိုရမည့်သူ ၅၆၄ ဦး၏အမည်စာရင်းကို ပညာရေးဝန်ကြီးဌာန Website ဖြစ်သော http://www.myanmar-education.edumm တွင် ထုတ်ပြန်ထားပြီးဖြစ်ကာ အသိပေးကြေညာချက်များကို အဆိုပါ Website တွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

အမည်စာရင်းပါ ကျောင်းသားကျောင်းသူများသည် နောက်ဆုံးအခြေအနေကို ဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်းပုံစံများကို ပညာရေးဝန်ကြီးဌာန Website တွင်ရယူကာ ဖြည့်စွက်လျက် pdf. Format ဖြင့် scholamm 2015@ gmail.com သို့ ၂၀-၃-၂၀၁၅ ရက်နေ့မတိုင်မီ ပေးပို့ရန်ကြေညာထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းကောင်းများစွာရှိနေသည့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း

ကျွန်တော်သည် ပြီးခဲ့သည့်ရက်သတ္တပတ်က စတော့ပွဲစားဟောင်း သူငယ်ချင်းတစ်ယောက်နှင့် အတူ နေ့လည်စာ အတူတကွသုံးဆောင်ခဲ့ပါသည်။ ကျွန်တော်၏သူငယ်ချင်းမှာ ၁၉၉၀ ခုနှစ်များအတွင်း နာမည်ကျော် ဗြိတိသျှကုမ္ပဏီတစ်ခုအတွက် အာရှတိုက်တွင် နှစ်အနည်းငယ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ လန်ဒန်သို့ ပြန်လည်ရောက်ရှိပြီးနောက် သူငယ်ချင်းသည် ရန်ပုံငွေဆိုင်ရာ စီမံခန့်ခွဲရေးနယ်ပယ်တွင် လုပ်ကိုင်နေသော်လည်း အာရှတိုက်သို့ တစ်နည်းနည်းဖြင့် ပြန်သွားနိုင်ရေးအတွက် စဉ်းစားနေသူဖြစ်သည်။ သူ၏လုပ်ဖော်ကိုင်ဖက်များ (ကျွန်တော်အပါအဝင်) ဆွေးနွေးမှုများပြုလုပ်ပြီးနောက် သူက တရုတ်နိုင်ငံတောင်ပိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်တို့ ပါဝင်သော မဲခေါင်ဒေသကို အာရှတိုက်၏ နောက်ထပ်ကြီးထွားလာမည့် စျေးကွက်အဖြစ် ထုတ်ဖော်ညွှန်းဆိုပြခဲ့သည်။ မဲခေါင်ဒေသမှာ သဘာဝအရင်းအမြစ်များနှင့် ပြည့်စုံပြီး ကြီးမားသော စားသုံးသူဝယ်လိုအားရှိသည့် ပြည်သူများနေထိုင်ရာ ဒေသဖြစ်ကာ မဟာဗျူဟာမြောက် တည်ရှိသည့် နေရာတစ်ခုဖြစ်သည်။ သူငယ်ချင်းဖြစ်သူသည် မဲခေါင်ဒေသမှ အကျိုးအမြတ်ရရှိရန် လွယ်ကူသော နည်းလမ်းတစ်ခု ရှာဖွေနေသည့် ရင်းနှီးမြှုပ်နှံသူများအတွက် ဝင်ပေါက်တစ်ခုအဖြစ် ဆောင်ရွက်ပေးရန် ဝဘ်ဆိုက်တစ်ခုကိုပင် ဝယ်ယူလိုက်သေးသည်။

### ဂျပန်နှင့်တရုတ်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ မဲခေါင်ဒေသသို့ အဆက်မပြတ်ဝင်လျက်ရှိ

တရုတ်နိုင်ငံသည် တရုတ်နိုင်ငံတောင်ပိုင်းနှင့် ထိုင်းနိုင်ငံကို ဆက်သွယ်ပေးမည့် ရထားလမ်းဒွေးလမ်းသစ်တစ်ခု ကူညီဖောက်လုပ်ရန် ထိုင်းနိုင်ငံအား ကမ်းလှမ်းခဲ့သည်။ အဆိုပါလမ်းသည် တရုတ်၊ ထိုင်းနိုင်ငံတို့နှင့် ကပ်လျက်ရှိသော ပြည်နယ်များနှင့် နိုင်ငံများကြား ပြည်သူများ၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ပိုမိုအားဖြည့်လာစေမည် ဖြစ်သည်။ မြန်မာနိုင်ငံရှိ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းသည်လည်း အဆိုပါလမ်းကြောင်းနှင့် ကပ်လျက်တည်ရှိသည်။ ထားဝယ်မှာ မြန်မာနိုင်ငံအနောက်ဖက်ကမ်းခြေပေါ် တည်ရှိနေသည့် အရေးပါသောမြို့တော်တစ်ခုဖြစ်သည်။ ပြီးခဲ့သည့်နှစ်အနည်းငယ်က မြန်မာအစိုးရသည် စက်မှုဇုန်တစ်ခုနှင့် ထိုင်းနိုင်ငံကို ချိတ်ဆက်နိုင်သော ရထားနှင့်ကားလမ်းကွန်ရက်ပါဝင်သော ရေနက်ဆိပ်ကမ်းတစ်ခု ထားဝယ်၌ တည်ဆောက်ရန် စီစဉ်ခဲ့သည်။ ထားဝယ်ရေနက်ဆိပ်ကမ်း ပထမအဆင့်သည် ၂၇ ကီလိုမီတာနီးပါး ကျယ်ဝန်းမည်ဖြစ်ပြီး ဘတ် ၂၀ ဘီလီယံနီးပါး ကုန်ကျမည်ဖြစ်ကာ ရေနက်ဆိပ်ကမ်းငယ်တစ်ခု၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့ရည် (LNG) စက်ရုံ၊ ရေလှောင်ကန်များ၊ အလုပ်သမားများအတွက် မြို့တစ်မြို့နှင့် ထိုင်းနယ်စပ်မှ စီမံကိန်းကို ဆက်သွယ်ပေးသော လမ်းတစ်ခုတို့ ပါဝင်မည်ဖြစ်သည်။

အဆိုပါစီမံကိန်းကို ၂၀၀၈ ခုနှစ်ကတည်းက အဆိုပြုခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် မြန်မာနှင့်ထိုင်းနိုင်ငံတို့သည် နှစ် ၆၀ စျေးနှုန်းလျှော့ချပေးကာ ၇၅ နှစ်အထိ ငှားရမ်းနိုင်သော ၅၀၅၃၁ ဧကရှိ အထူးစီးပွားရေးဇုန်တစ်ခု တည်ထောင်ရန် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ် ချုပ်ဆိုခဲ့ကြသည်။ သို့သော်လည်း လက်မှတ်ရေးထိုးပြီးနောက် စီမံကိန်းနှင့်ပတ်သက်သော သတင်းများက စီမံကိန်းအကောင်အထည်ဖော်ရာတွင် မဖြစ်စလောက် နှေးကွေးသွားစေပြီး စီမံကိန်းအား ဖျက်သိမ်းမည်ဟူသော စိုးရိမ်ပူပန်စရာများ မြင့်တက်လာစေသည်။ ထိုယူဆချက်များ ယခုအခါ ပြောင်းလဲသွားပြီဖြစ်သည်။ ယခုနှစ်နှောင်းပိုင်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ရန် မျှော်လင့်ထားပြီး ၂၀၂၀-၂၀၂၂ ခုနှစ်တွင် အဆိုပါ စီမံကိန်း အဆင်သင့်ဖြစ်ရန် မျှော်မှန်းထားသည်။ ကျွန်တော်စောစောပိုင်းက ဖော်ပြထားသကဲ့သို့ ထားဝယ်စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရန် တရုတ် သို့မဟုတ် ဂျပန်တို့၏ ရင်းနှီးမြှုပ်နှံမှု လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံကို နည်းပညာနှင့် ဘဏ္ဍာရေး အထောက်အပံ့ကူညီပေးမည်ဟု ဂျပန်နိုင်ငံက ကြေညာထားပြီးဖြစ်သည်။ ဂျပန်နိုင်ငံသည် ထားဝယ်နှင့် ထိုင်းနယ်စပ်ကို ဆက်သွယ်ပေးမည့် ၁၃၈ ကီလိုမီတာ ရှည်လျားသော လမ်းမကြီး တစ်ခု ဖောက်လုပ်ရေးအတွက် ငွေကြေးထောက်ပံ့ရန် အတိုးနှုန်းသက်သာသောချေးငွေများ ပေးအပ်သွားဖွယ်ရှိပြီး မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကို ချိတ်ဆက်ပေးမည့် ၈၇၄ ကီလိုမီတာရှည်လျားသည့် ရထားလမ်းသစ်တစ်ခုဖောက်လုပ်ရန် ထိုင်းနိုင်ငံကို ကမ်းလှမ်းခဲ့သည်။

ရေရှည်တွင် ထားဝယ်စီမံကိန်းမှာ မြန်မာနိုင်ငံနှင့် ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ကို ချိတ်ဆက်ပေးမည့် ရထားလမ်းကြောင်းများ အစပြုရာနေရာဖြစ်လာမည်ဖြစ်သည်။ အသိသာအထင်ရှားဆုံးမှာ ထားဝယ်စီမံကိန်းသည် အိန္ဒိယနှင့် တရုတ်နိုင်ငံကြား ကုန်သွယ်မှုပြုလုပ်ရာတွင် အလှမ်းကွာဝေးနေမှုကို တိုတောင်းသွားစေမည်ဖြစ်သည်။ အိန္ဒိယကုန်စည်များကို အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ဆိပ်ကမ်းများမှ ထားဝယ်သို့ သင်္ဘောဖြင့် သယ်ယူနိုင်ပြီး ဘန်ကောက်မြို့တော်သို့ ကားလမ်းမှ တစ်ဆင့် ပို့ဆောင်ကာ တရုတ်နိုင်ငံတောင်ပိုင်းသို့ ရထားဖြင့်တင်ပို့နိုင်သည်။ တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံးက ဂျီဒီပီမြင့်တက်လာစေရန် အဓိကထားလျက်ရှိရာ တိုးမြင့်လာသော ကုန်သွယ်မှုမှ နှစ်နိုင်ငံစလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းမည်ဖြစ်သည်။ ထားဝယ်စီမံကိန်းမှာ စင်ကာပူနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအလားအလာကို အကျိုးသက်ရောက်စေမည့် မလက္ကာရေလက်ကြားအတွက် အခြားရွေးချယ်စရာနည်းလမ်းတစ်ခုလည်းဖြစ်သည်။ ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပရန် သတ်မှတ်ထားသော ရွေးကောက်ပွဲရလဒ်မည်သို့ပင်ဖြစ်စေ အိမ်နီးချင်းနိုင်ငံများမှ ကြီးမားသော ဘဏ္ဍာရေးနှင့် နည်းပညာအထောက်အပံ့ရရှိထားသည့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကို မြန်မာနိုင်ငံက ကြိုးပမ်းဆောင်ရွက်မည်သာဖြစ်ပါသည်။

UK ထုတ် Money Week မဂ္ဂဇင်းတွင် ဆောင်းပါးရှင် Lars Henriksson ရေးသားထားသည့် Myanmar's new deep-sea port project offers a wealth of opportunities for investors ကို ဆီလျော်အောင်ဘာသာပြန်ဆိုထားသည်။ **သုတ**



# ရတနာပုံတက္ကသိုလ်အတွင်း ခွင့်ပြုချက်ရယူခြင်းမရှိဘဲ လမ်းလျှောက်ဆန္ဒဖော်ထုတ်

**နေပြည်တော် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ရတနာပုံတက္ကသိုလ် ဗကသဥက္ကဋ္ဌ အောင်ဆန်းဦး (၂၂)နှစ် စတုတ္ထနှစ် (ရူပဗေဒ) (ဘ) ဦးအောင်ဆန်းဝင်း အလယ်ပန်းတိမ်ရပ် အမရပူရမြို့နေသူ ဦးဆောင်သည့် အင်အား ၁၆ ဦးခန့်သည် ယနေ့နံနက် ၉ နာရီခွဲခန့်က ရတနာပုံတက္ကသိုလ်သို့ ရောက်ရှိစုဝေးခဲ့ပြီး လက်ပံတန်းဖြစ်စဉ်အပေါ် ရှုတ်ချကြောင်း ဆိုင်းဘုတ်များ ကိုင်ဆောင်လျက် လက်ကိုင်စပီကာဖြင့် အော်ဟစ်ပြီး ကျောင်းဝင်းအတွင်း ခွင့်ပြုချက်ရယူခြင်းမရှိဘဲ လမ်းလျှောက်ဆန္ဒပြခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အဖွဲ့အား ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်မင်းနှင့်အဖွဲ့က တွေ့ဆုံပြီး ဖြေလျှော့ပြောဆိုခဲ့သော်လည်း မရရှိဘဲ ၎င်းတို့မှ ကျောင်းသားများ ပူးပေါင်းပါဝင်စီတန်းလှည့်လည်ရေး လှုံ့ဆော်ပြောကြားခဲ့ကြပြီး နံနက် ၁၁ နာရီခန့်တွင် လူစုခွဲသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောက်မဲမြို့နယ်တွင် ဘိန်းဖြူ သုည ဒသမ ဝ၆၇၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၁**

ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၈ ရက်က ကျောက်မဲမြို့ မန်ကျောင်းအုပ်စု ဟဲပုကျေးရွာနေ အိုက်သောင်း၏ နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိရပြီး နေအိမ်ဝင်ပေါက်ယာဘက်ရှိ ခုံတန်းရှည်အနီး အဝါရောင်ပီနံအိတ်အတွင်းမှ ဘိန်းဖြူ ဆပ်ပြာခွက်ငါးခွက် (ဘိန်းဖြူအလေးချိန် သုည ဒသမ ဝ၆၈၉ ကီလို)နှင့် အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ သိမ်းဆည်းရမိသဖြင့် အိုက်သောင်း (၄၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(မူးယစ်)**



အိုက်သောင်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်



# အဂတိလိုက်စားမှုဖြင့် အိန္ဒိယဝန်ကြီးချုပ်ဟောင်းကို တရားရုံးက ဆင့်ခေါ်

**နယူးဒေလီ မတ် ၁၁**

အိန္ဒိယနိုင်ငံတွင် ကျောက်မီးသွေး တူးဖော်ခွင့် လိုင်စင်ချပေးခြင်း အပါအဝင် အဂတိလိုက်စားမှု အရှုပ်တော်ပုံနှင့် ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်းကို တရားရုံးက ဆင့်ခေါ်လိုက်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆင်းကို ရာဇဝတ်မှုတွင် ပူးပေါင်းကြံစည် ပါဝင်ခဲ့သည်ဟု စွပ်စွဲပြီး ဧပြီ ၈ ရက်နေ့တွင် တရားရုံးတော်သို့ လာရောက်ရန် ဆင့်ခေါ်ခဲ့သည်။

၂၀၁၂ခုနှစ်တွင် ကျောက်မီးသွေးတူးဖော်ခွင့်ကို လိုင်စင်ကြေးနည်းနည်းဖြင့် ချပေးခဲ့သဖြင့် နိုင်ငံတော် အနေဖြင့် အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံ ဆုံးရှုံးနစ်နာခဲ့ရကြောင်း ဗဟိုစာရင်းစစ်များက ပြောသည်။

၂၀၁၃ ခုနှစ်မှစ၍ အစိုးရက ခွင့်ပြုပေးခဲ့သော ကျောက်မီးသွေးတူးဖော်ခွင့် လိုင်စင်အားလုံး နီးပါးကို တရားမဝင်ဟုဆိုကာ အိန္ဒိယတရားရုံးချုပ်က လွန်ခဲ့သည့် စက်တင်ဘာလ၌ ပယ်ဖျက်ခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ဆင်း၏ အစိုးရအဖွဲ့သည် ဆယ်စုနှစ်တစ်စုကြာ အိန္ဒိယနိုင်ငံကို အုပ်ချုပ်ခဲ့သည်မှာ ယမန်နှစ်တိုင်အောင် ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင်ဩရိဿပြည်နယ်၌ ဟင်ဒါလ်ကိုအင်ဒက်စတီကုမ္ပဏီသို့ ကျောက်မီးသွေးတူးဖော်ခွင့်လိုင်စင်တစ်ခု ချပေးခဲ့ခြင်းနှင့်စပ်လျဉ်း၍ ၎င်းကို တရားရုံးက ဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က ၎င်းသည် ဝန်ကြီးချုပ်တာဝန်အပြင် ကျောက်မီးသွေးဝန်ကြီးဌာနကိုပါ ပူးတွဲကိုင်တွယ်ခဲ့သည်။

ဟင်ဒါလ်ကိုအင်ဒက်စတီဥက္ကဋ္ဌ ကူးမားမန်ဂါလန်ဘီယာလာနှင့် ကျောက်မီးသွေးဆိုင်ရာ တာဝန်ရှိသူ ပီစီပါရပ်တို့ကိုလည်း တရားရုံးက ဆင့်ခေါ်ထားသည်။

**ဘီဘီစီ။**

# လုံခြုံရေးနှင့် ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်ရေး အိန္ဒိယနှင့် ဆေးရှဲလ်နိုင်ငံတို့ သဘောတူညီ

**ဝိတိုရိယ (ဆေးရှဲလ်) မတ် ၁၁**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ကျွန်းစုနိုင်ငံဖြစ်သော ဆေးရှဲလ်နိုင်ငံသို့ ရောက်ရှိနေပြီး မတ် ၁၁ ရက်တွင် လုံခြုံရေးနှင့် ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်လေးရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်မိုဒီသည် ဆေးရှဲလ်နိုင်ငံသို့ မတ် ၁၀ ရက်တွင် ရောက်ရှိလာခဲ့သည်။ မိုဒီသည် သုံးနိုင်ငံခရီးစဉ်၏ ပထမခရီးတစ်ထောက် နိုင်ငံအဖြစ် ဆေးရှဲလ်နိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ဆေးရှဲလ်နိုင်ငံသည် မိမိတို့၏ အိန္ဒိယသမုဒ္ဒရာဒေသ အိမ်နီးချင်းနိုင်ငံများအနက် အရေးအကြီးဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သမ္မတဂျိမ်းစ်အဲလက်မိုက်ကယ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် ဝန်ကြီးချုပ်မိုဒီက ပြောကြားသည်။

ဝန်ကြီးချုပ်မိုဒီသည် ဆေးရှဲလ်နိုင်ငံခရီးစဉ်ပြီးဆုံးပြီးနောက် မောရစ်ရှနှင့် သီရိလင်္ကာနိုင်ငံတို့သို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

အိန္ဒိယသမုဒ္ဒရာတွင်းရှိ ကျွန်းစုနိုင်ငံများနှင့်အတူ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရန် ဝန်ကြီးချုပ် မိုဒီက မျှော်မှန်းကြောင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် ဆေးရှဲလ်နိုင်ငံလုံခြုံရေးအတွက် အထောက်အပံ့ပေးနေသော နိုင်ငံလည်းဖြစ်သည်။ စစ်ဘက်ဆိုင်ရာ လေ့ကျင့်သင်တန်းပေးခြင်း၊ ပင်လယ်ဓားပြတိုက်ဖျက်ရေး လုပ်ငန်းအတွက် စစ်ရေယာဉ်၊ စစ်လေယာဉ်တို့ကို ထောက်ပံ့ပေးခြင်း စသည့်နည်းလမ်းများအရ အိန္ဒိယနိုင်ငံက ဆေးရှဲလ်နိုင်ငံအား အကူအညီပေးလျက်ရှိသည်။

**ရိုက်တာ။**



# ဂျပန်နိုင်ငံ ခိုလှုံခွင့်ရရှိရန် လျှောက်ထားသူများပြားသော်လည်း ၂၀၁၄ခုနှစ်တွင် ၁၁ ဦးကိုသာ ခိုလှုံခွင့်ပေးခဲ့

**တိုကျို မတ် ၁၁**

ဂျပန်နိုင်ငံ၌ ၂၀၁၄ ခုနှစ်အတွင်း ခိုလှုံခွင့်ရရှိရန် လျှောက်ထားသူဦးရေ ၅၀၀၀ အထိ ရောက်ရှိခဲ့ပြီး ၎င်းတို့အနက် ၁၁ဦးကိုသာ ခိုလှုံခွင့်ပေးရန် ခွင့်ပြုပေးခဲ့ကြောင်း တရားရေးဌာနက မတ် ၁၁ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံ၌ ခိုလှုံခွင့်တောင်းခံသူဦးရေသည် ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်တွင် ၅၃ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာကြောင်း၊ ခိုလှုံခွင့်အဖြစ် အသိအမှတ်ပြုခံရသူဦးရေမှာမူ သုည ဒသမ ၂ ရာခိုင်နှုန်းသာလျှင်ရှိရာ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအနက် အနိမ့်ဆုံးနှုန်းဖြစ်ကြောင်း တရားရေးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် ဒုက္ခသည် ခြောက်ဦးကိုသာ လက်ခံခဲ့ရာ ၁၅နှစ်တာကာလအတွင်း အနည်းဆုံးဦးရေဖြစ်သည်။

နိုင်ငံတကာမှ ခိုလှုံခွင့်တောင်းခံသူများသည် ၂၀၁၃ ခုနှစ်တွင် ဂျာမနီနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ခိုလှုံခွင့်ရရှိရန် အဓိကတောင်းခံခဲ့ကြကြောင်း၊ ဂျာမနီနိုင်ငံတွင် ခိုလှုံခွင့်ရရှိရန် လျှောက်ထားသူ ၁၀၉၅၈၀၊ အမေရိကန်ပြည်ထောင်စုတွင် ခိုလှုံခွင့်ရရှိရန် လျှောက်ထားသူ ၈၈၃၆၀ ရှိခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၌ ခိုလှုံခွင့်ရရှိရန် လျှောက်ထားသူအများစုမှာ နိုင်ငံရေးအရ ခိုလှုံခွင့်တောင်းခံခြင်းမဟုတ်ဘဲ မိမိတို့နိုင်ငံ၌ အလုပ်လုပ်ခွင့်ရရှိရန် လာရောက်လိုသူများသာလျှင်ဖြစ်ကြကြောင်း တရားရေးဝန်ကြီးဌာန၏ ဒုက္ခသည်စိစစ်ရေးညွှန်ကြားရေးမှူး ဟီရိုရှိကီမိဇူကာက ပြောကြားသည်။

**ရိုက်တာ။**

# နမီးဘီးယားနိုင်ငံ၌ ပထမဆုံးသော အမျိုးသမီးဝန်ကြီးချုပ် ခန့်အပ်

**ဝင်းဟုတ် မတ် ၁၁**

နမီးဘီးယားသမ္မတအဖြစ် အရွေးချယ်ခံခဲ့ရသူ ဒေါက်တာ ဟော့ဂျ်ဂိုင်ဂေါ့ဘ်သည် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ကာလရှည်တာဝန်ထမ်းဆောင်နေသည့် ဆာရာကူဂွန်ဂျယ်ဝါအမာဒီလာအား မတ်လ ၁၁ ရက်နေ့က ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

သမ္မတ ဂိုင်ဂေါ့ဘ်သည် အမာဒီလာအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်မှုကို သတင်းစာရှင်းလင်းပွဲတစ်ခု၌ ကြေညာခဲ့ခြင်းဖြစ်ပြီး စစ်မှုထမ်းဟောင်းရေးရာဝန်ကြီး နစ်ကီအိုင်ယန်ဘိုကို အသစ်ဖန်တီးလိုက်သော ရာထူးသစ်တစ်ခုဖြစ်သည့် ဒုတိယသမ္မတအဖြစ် ခန့်အပ်လိုက်သည်။ နိုင်ငံခြားရေးဝန်ကြီး နီတွန်ဘိုအန်ဒိတ်ဝါကိုလည်း အာဖရိကအနောက်တောင်ပိုင်း နိုင်ငံငယ်လေး၏ ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

အသစ်ခန့်အပ်မှုများကို လွှတ်တော်က ထောက်ခံမှုပြုလုပ်ပြီးနောက် အသစ်ခန့်အပ်ခံရသူများသည် ရာထူးသစ်တွင် ကျမ်းသစ္စာကျိန်ဆိုရမည်ဟု ဂိုင်ဂေါ့ဘ်က ပြောကြားသည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် လွှတ်တော်နှင့်သမ္မတရွေးကောက်ပွဲများတွင် အပြတ်အသတ်အနိုင်ရရှိပြီးနောက် ဂိုင်ဂေါ့ဘ်သည် မတ်လ ၂၁ ရက်နေ့တွင် နမီးဘီးယားနိုင်ငံ၏ တတိယမြောက်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။

**ဆင်ဟွာ။**

# အီဂျစ်တွင် ခွေးတစ်ကောင်သတ်မှုဖြင့် လူလေးဦး ထောင်သုံးနှစ်ကျ

**ကိုင်ရို မတ် ၁၁**

အီဂျစ်နိုင်ငံ တရားရုံးတစ်ခုက ခွေးတစ်ကောင်ကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုဖြင့် အမျိုးသားလေးဦးကို ထောင်ဒဏ်သုံးနှစ်ကျခံစေရန် မတ် ၁၁ ရက်တွင် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း မီနာသတင်းဌာနက ရေးသားဖော်ပြသည်။

ပြစ်ဒဏ်ကျခံရမည့် တရားခံများတွင် ခွေးပိုင်ရှင်လည်းပါဝင်ပြီး ၎င်းက ခွေးကိုသတ်မည့်သူများထံလွှဲပြောင်းပေးမှုကြောင့် အလားတူပြစ်ဒဏ်ကျခံရမည်ဖြစ်ရာ ယခုလောလောဆယ် ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။



ခွေးကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်သည့် ဗီဒီယိုဖိုင် အင်တာနက်လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပျံ့နှံ့သွားရာ ကြည့်မိသူများ ဒေါသဖြစ်ကြရသည်။ ယင်းဗီဒီယိုတွင် ညဘက် ကိုင်ရိုမြို့လမ်းမီးတိုင်တစ်ခု အောက်တွင် လူသုံးယောက်နှင့် ခွေးကိုကြိုးဖြင့် ကိုင်ထားသည့်ပိုင်ရှင်တို့ ရုန်းရင်းဆန်ခတ်ဖြစ်ပွားနေသည်ကို တွေ့ရသည်။ ယင်းသို့ ရုန်းရင်းဆန်ခတ်ဖြစ်ပွားစဉ် လူသုံးယောက်အနက် တစ်ယောက်ခွေးကိုက်ခံရသည့်အတွက် ခွေးကို၎င်းတို့လက်အပ်ရန် တောင်းဆိုခဲ့ကြပြီး ခွေးကိုဓားများဖြင့် ခုတ်ဖြတ်သတ်ပစ်လိုက်ကြသည်။ ဘေးတွင် လူတစ်စုက ရပ်ကြည့်နေကြသည်ကိုလည်း တွေ့ရသည်။

ခွေးပိုင်ရှင်က ၎င်း၏ ခွေးသည် ယခင်ကလည်း အခြားလူများကို ကိုက်ခဲ့သဖြင့် အိမ်နီးချင်းများနှင့် ပြဿနာများဖြစ်ခဲ့ရသည့်အတွက် ခွေးကိုသတ်ဖြတ်ရန် လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ယခုလောလောဆယ် ခွေးပိုင်ရှင်သည် ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး အခြားသုံးဦးကို လွန်ခဲ့သည့် နှစ်ပတ်က ဖမ်းဆီးရမိခဲ့သည်။

**အေပီ။**

# ရုရှားသမ္မတ ပူတင် ကျန်းမာရေးချို့ယွင်းသဖြင့် ကာဇက်စတန်ခရီးစဉ် ရွှေ့ဆိုင်း

**အစ္စတန်နာ မတ် ၁၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အဖျားရောဂါခံစားနေရသောကြောင့် ၎င်း၏ ကာဇက်စတန်နိုင်ငံ ခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်ရကြောင်း ကာဇက်စတန်အစိုးရ တာဝန်ရှိသူများက မတ် ၁၁ ရက်တွင် ပြောကြားလိုက်သည်။

ကာဇက်စတန်နိုင်ငံမြို့တော် အစ္စတန်နာတွင် ကျင်းပမည့် အစည်းအဝေးကို ရွှေ့ဆိုင်းလိုက်ရကြောင်း ကာဇက်စတန်သမ္မတ နော်ဆူလ်တန်နာဇာဘာရက်ဗ်၏ အကြံပေးနှင့် ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

၎င်းက အစည်းအဝေး နှောင့်နှေးရခြင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပြောကြားခြင်းမရှိသည့်အပြင် မည်သည့်နေ့တွင် ထပ်မံကျင်းပမည်ကိုလည်း ပြောကြားခြင်းမရှိခဲ့ပေ။

ဘီလာရုစ်သမ္မတ အလက်ဇန္ဒြား လူကာရှန်ကိုသည်လည်း ပူတင်နှင့် နာဇာဘာရက်ဗ်တို့နှင့်တွေ့ဆုံ၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ယူကရိန်းပြဿနာတို့ကို ဆွေးနွေးရန်ရှိသည်။

**ရိုက်တာ။**



## ပန်းဆိုးတန်းလျှပ်စစ်ပစ္စည်းဆိုင်အပါအဝင် မီးလောင်မှု သုံးနေရာဖြစ်ပွား

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မတ် ၁၁ ရက်က ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အလယ်ဘလောက်ရှိ လျှပ်စစ်ပစ္စည်းဆိုင်အပါအဝင် အချိန်အနည်းငယ်သာခြား၍ နေရာသုံးနေရာ၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသုံးနေရာသည် ပန်းဆိုးတန်းရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်၊ အင်းစိန်မြို့နယ်နှင့် တာမွေမြို့နယ်တို့အတွင်းဖြစ်ကြပြီး မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အင်းစိန်မြို့နယ် ကြို့ကုန်းအနောက် ပန်းဈေးအနီးရှိ မြက်ခြောက်များ လောင်ခဲ့ခြင်းဖြစ်ပြီး တာမွေမြို့နယ်တွင် (၁၃၈) လမ်း၌ မီးလောင်ခဲ့ခြင်းဖြစ်သည်။ "မြက်ခြောက်တွေ လောင်တဲ့ဖြစ်စဉ်နဲ့ တာမွေမှာ မီးလန့်တာလောက်ပဲဖြစ်ခဲ့လို့ ဆုံးရှုံးမှုသိပ်မရှိပေမယ့် ပန်းဆိုးတန်းလျှပ်စစ်ဆိုင်ကတော့ အနည်းအကျဉ်းဆုံးရှုံးခဲ့တယ်"ဟု မီးသတ်အရာရှိတစ်ဦးက ရှင်းပြသည်။

ပန်းဆိုးတန်းလမ်း အလယ်ဘလောက် အမှတ် (၁၄၈/၁၅၀/၁၅၂) အာရ်စီအဆောက်အအုံ မြေညီထပ်တိုရှီဘာလျှပ်စစ်ပစ္စည်းအရောင်းဆိုင် မီးလောင်မှုသည် မျက်နှာကြက်အတွင်း ဝါယာကြိုးဟောင်းများ အပူလွန်ကဲရာမှ မီးလောင်ခဲ့ခြင်းဖြစ်ပြီး ကျောက်တံတား၊ စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ဒေါပုံ၊ လှိုင်၊ မရမ်းကုန်း၊ သဃ်န်းကျွန်း ဌာနချုပ်၊ လသာအရန်မီးသတ်တို့မှ မီးသတ်ယာဉ်စုစုပေါင်း ၂၄ စီး၊ အထောက်အကူပြုယာဉ် စုစုပေါင်း ရှစ်စီး၊ ကွပ်ကဲမှုယာဉ် လေးစီး၊ သန္ဓေတပ်ဖွဲ့ဝင် ၁၅၁ ဦး၊ အရန်တပ်ဖွဲ့ဝင် ၅၂ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀၀ တို့ဖြင့် ငြိမ်းသတ်ကူညီကယ်ဆယ်မှုများ လုပ်ဆောင်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၄၁ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် မျက်နှာကြက်၊ ဝါယာကြိုးအဟောင်းများ၊ ရေခဲသေတ္တာငါးလုံးမီးလောင်ခဲ့ပြီး ဆိုင်တာဝန်ခံ ဒေါ်အိအိသန့်ရှိန် (၃၁)နှစ်အား ကျောက်တံတား မြို့မရဲစခန်းက (ပ) ၆၄/၂၀၁၅၊ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

### မီးဖိုအသုံးပြုလျှင်

- လူစောင့်ထားပါ။
- လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
- မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
- မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများထားပါ။
- ဆီအိုးတည်ပြီး မမေ့ပါနှင့်။

## တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းရာမှ ကိုးကန့်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွား

**နေပြည်တော် မတ် ၁၁**

တပ်မတော်စစ်ကြောင်းများက မတ် ၁၀ ရက် နံနက် ၈ နာရီခွဲခန့်တွင် ပါစင်ကျော်အရှေ့ဘက်တစ်ဝိုက် နယ်မြေရှင်းလင်းခြင်းဆောင်ရွက်စဉ် ကိုးကန့်သောင်းကျန်းသူအင်အားစုများက အသင့်နေရာယူစောင့်ဆိုင်း၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။


ထိုသို့ တိုက်ပွဲဖြစ်ပွားနေစဉ် ကိုးကန့်သောင်းကျန်းသူအင်အားစုများ ထပ်မံရောက်ရှိလာပြီး တပ်မတော်စစ်ကြောင်းများအား အမြင့်ပိုင်းရှိ ကျောက်ဆောင်များပေါ်မှ ပစ်အားသုံးတိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများရယူ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများ အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

ထို့အပြင် မွန်းလွဲပိုင်းတွင် လောက်ကိုင်မြို့ ရပ်ကွက်(၂)ရှိ နေအိမ်တစ်လုံးအား သတင်းအရ ဝင်ရောက်ရှင်းလင်းရာ လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။

အလားတူ လောက်ကိုင်မြို့အနီး လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းအား ယနေ့နံနက် ၃ နာရီခွဲခန့်တွင် ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့က လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ မိမိဘက်မှ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ သောင်းကျန်းသူသုံးဦး ဖမ်းဆီးရမိခဲ့ကာ လက်နက်ငယ် တစ်လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ (ကာလတန်ဖိုးကျပ် ၃၃၀၀၀၀၀) နှင့် ICE အမှုန့် ၁၁ ဂရမ်(ကာလတန်ဖိုးကျပ် ၂၂၀၀၀၀) တို့အား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ စစ်သည်လေးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ အရာရှိ၊ စစ်သည် ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




## ဗန်းမော်မြို့နယ်၊ မံစီမြို့နယ်နှင့် မဘိမ်းမြို့နယ်တို့အတွင်း တစ်ဖက်နိုင်ငံသို့ ခိုးထုတ်မည့် ကျွန်းသစ်၊ ယာဉ်များနှင့် သစ်ခွဲစက်များအား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မတ် ၁၁**

တပ်မတော်သည် အဓိကလုပ်ငန်းတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်လျက်ရှိသည့်အပြင် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် နိုင်ငံတော်၏ သယံဇာတများအား တရားမဝင်ခိုးထုတ်နေမှုများကိုလည်း ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ သယံဇာတတစ်မျိုးဖြစ်သော ကျွန်းသစ်အပါအဝင် မြန်မာ့အဖိုးတန်သစ်များအား နယ်စပ်ဒေသများမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ တရားမဝင်ခိုးထုတ်နေမှုများကို တပ်မတော်စစ်ကြောင်းများက သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဖော်ထုတ်ဖမ်းဆီးခဲ့သည်။



တပ်မတော်စစ်ကြောင်းများက ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၁၀ ရက်ထိ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်နှင့် ရှမ်းပြည်နယ် မံစီမြို့နယ်အတွင်းရှိ စီခမ်းကြီးဒေသ၌ နယ်မြေရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ရာ တစ်ဖက်နိုင်ငံသို့ တရားမဝင်ခိုးထုတ်ရန် ပြင်ဆင်ထားရှိသော သစ်များအား ၁၈ ကြိမ် ဖမ်းဆီးရမိခဲ့ပြီး တရုတ်အမျိုးသား တစ်ဦး၊ ယန္တရားယာဉ် ငါးစီး၊ သစ်တင်ယာဉ် ၁၂ စီး၊ သစ်ဆွဲယာဉ် နှစ်စီး၊ ယာဉ်ငယ် ငါးစီး၊ သစ်ခွဲစက် ခုနစ် လုံး၊ အင်ဂျင်စက် ခုနစ်လုံး၊ ကျွန်းသစ် ၃၀၈ ဒသမ ၆၇၁ တန်၊ ကျွန်းသစ်လုံး ၁၂၁၈ လုံး၊ ပိတောက် ရှစ်တန်၊ ပိတောက်သစ်လုံး ၃၀ နှင့် တမလန်း ၉ ဒသမ ၂၂၂ တန်တို့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့အပြင် ရှမ်းပြည်နယ် မဘိမ်းမြို့နယ်အတွင်း နယ်မြေရှင်းလင်းစဉ် တစ်ဖက်နိုင်ငံသို့ တရားမဝင်ခိုးထုတ်မည့် သစ်လုံးများအား ခုနစ်ကြိမ် သိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်း ကျွန်းသစ်လုံး ၈၀၂ လုံး(၃၃၃ ဒသမ ၈၂၈ တန်)၊ ပိတောက်သစ်လုံး နှစ်လုံး (၁ ဒသမ ၉၁၆ တန်) နှင့် တမလန်းသစ်လုံး ရှစ်လုံး (သုည ဒသမ ၅၅၂ တန်) တို့ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၊ ရှမ်းပြည်နယ် မံစီမြို့နယ်နှင့် မဘိမ်းမြို့နယ်များအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် စုစုပေါင်း ၂၅ ကြိမ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရရှိမှုအနေဖြင့် တရုတ်အမျိုးသားတစ်ဦး၊ ယာဉ်မျိုးစုံ ၂၄ စီး၊ သစ်ခွဲစက်နှင့်အင်ဂျင်စက် ၁၄ လုံး၊ ကျွန်းသစ် ၆၄၂ ဒသမ ၄၉၉ တန်နှင့် ကျွန်းသစ်လုံး ၁၂၁၈ လုံး၊ ပိတောက် ၉ ဒသမ ၆ တန်နှင့် ပိတောက်သစ်လုံး ၃၀၊ တမလန်း ၉ ဒသမ ၇၇ တန်တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒေသများအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မြန်မာ့အဖိုးတန်သစ်များအား တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ရောင်းချကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းဝယ်ယူဖြည့်တင်းမှုများ ပြုလုပ်ဆောင်ရွက်၍ နိုင်ငံတည်ငြိမ်မှုကို ပျက်ယွင်းအောင်ကြံဆောင်နေကြောင်းသိရသဖြင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ သဘာဝသယံဇာတများကို မသမာသူများမှ တရားမဝင်ခိုးထုတ်မှုများမရှိစေရေး ဌာနဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်း၍ ဆက်လက်နယ်မြေရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**



**အားကစား**

# စီးရီးအေ ရင်ခုန်သံ - ၂၇

ရှိုင်း မင်း မင်း

စီးရီးအေပြိုင်ပွဲရဲ့ပွဲစဉ် ၂၇ ကို မတ် ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တွေမှာ ကစားရဖို့ရှိပြီး ဖီအိုရင်တီးနားနဲ့ အေစီမီလန်၊ တိုရီနိုနဲ့ လာဇီယို၊ ရိုးမားနဲ့ ဆမ့်ဒိုးရီးယားတို့ ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိနိုင်ပြီး ဥရောပပွဲတွေနဲ့ နီးကပ်နေတာကြောင့် ဂျူဗင်တပ်၊ အင်တာ၊ နာပိုလီ၊ ရိုးမား၊ ဖီအိုရင်တီးနားတို့ကို သတိပြုအားပေးရမယ်။

**ပါလာမို - ဂျူဗင်တပ်** ည ၁၁း၃၀ (၁၄-၃-၁၅)

ပါလာမိုရဲ့ အိမ်ကွင်းခြေစွမ်းပိုင်းက မဆိုးဘူးလို့ပြောရမယ်။ အိမ်ကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနက် တစ်ပွဲသာ သရေကျပြီး နှစ်ပွဲနိုင်တယ်။ အဲဒီနိုင်တဲ့အထဲမှာ နာပိုလီလိုအသင်းကောင်းလည်းပါတယ်။ ဂျူဗင်တပ်က ခြေကောင်းတာမှန်ပေမယ့် ချန်ပီယံလိဂ်ရှိတာကြောင့် ခြေကုန်ထုတ်ဖို့ ခက်တာကို သတိပြုရမယ်။ မထင်မှတ်ဘဲသရေကျမယ့်ပွဲပါ။

**ဗီရိုနာ - နာပိုလီ** ည ၁၁း၃၀ (၁၅-၃-၁၅)

အခုနောက်ပိုင်း ဗီရိုနာရဲ့ခြေမဆိုးဘူး။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ ရှုံးပွဲမရှိခဲ့တာတွေ့ရတယ်။ နာပိုလီက ကစားသမားအင်အားပိုင်းကောင်းမွန်ပေမယ့် ဒီပွဲက ယူရိုပါလိဂ်နှစ်ပွဲကြားရောက်နေလို့ ခြေကုန်ထုတ်ဖို့ခက်သလို အဝေးကွင်း တိုက်စစ်အားက မငြိမ်ဘူး။ နာပိုလီကပ်ပြီးသာနိုင်မယ်။

**ကယ်ဂလီယာရီ - အမ်ပိုလီ** နံနက် ၂း၁၅ (၁၅-၃-၁၅)

တန်းဆင်းဇုန်ထဲက ကယ်ဂလီယာရီရဲ့ခြေက အားနည်းမှုတွေများတယ်။ ဆမ့်ဒိုးရီးယားကိုရှုံးခဲ့တဲ့ပွဲအပါအဝင် နောက်ဆုံး ငါးပွဲမှာ နိုင်ပွဲမရှိဘူး။ ခံစစ်က တစ်ပွဲကို နှစ်ဂိုးနှုန်းပေးနေရတဲ့အနေအထားအရလည်း အိမ်ကွင်းဖြစ်ပေမယ့် အမ်ပိုလီကိုအသာရဖို့ခက်မယ်။ အမ်ပိုလီက အခုနောက်ပိုင်းကစားပုံမဆိုးလို့ အမ်ပိုလီ အနိမ့်ဆုံးသရေရမယ်။

**အင်တာမီလန် - ဆီစီနာ** နံနက် ၂း၁၅(၁၆-၃-၁၅)

အင်တာမီလန်က အခုနောက်ပိုင်းကစားပုံမဆိုးဘူးလို့ ဆိုနိုင်သလို ဥရောပဝင်ခွင့်လည်း မျှော်လင့်နိုင်တဲ့အတွက် အမှားခံမှာတော့ မဟုတ်ဘူး။ ဒါပေမယ့် ဒီပွဲက ယူရိုပါလိဂ်နှစ်ပွဲကြားရောက်နေလို့ အင်တာမီလန် ခြေကုန်ထုတ်ဖို့ ခက်မယ့်အပြင် ဆီစီနာခြေကလည်း မဆိုးတဲ့အတွက် အိမ်ကွင်းမှာ အင်တာမီလန် ကပ်ပြီးသာနိုင်မယ်။

**ဂျီနိုအာ - ချီယေဗို** ည ၈း၃၀ (၁၅-၃-၁၅)

ချီယေဗိုက အဝေးကွင်း နောက်ဆုံးနှစ်ပွဲမှာ တစ်ပွဲနိုင် တစ်ပွဲရှုံးကစားထားနိုင်ခဲ့ပေမယ့် နိုင်ခဲ့တဲ့အသင်းက ပါးမားသာဖြစ်ပြီး အမ်ပိုလီကို ဂိုးပြတ်ရှုံးခဲ့ရတဲ့အနေအထားအရ ချီယေဗိုရဲ့အဝေးကွင်းခြေက တည်ငြိမ်တယ်လို့မဆိုနိုင်ဘူး။ ဒါ့အပြင် ဂျီနိုအာကလက်ရှိခြေမဆိုးသလို အိမ်ကွင်းအားနဲ့လည်း ဖိအားပေးမှာဆိုတော့ ဂျီနိုအာပဲ အနိုင်ရမယ်။

**တိုရီနို - လာဇီယို** နံနက် ၀၀း၃၀(၁၇-၃-၁၅)

အခုနောက်ပိုင်းမှာ တိုရီနိုရဲ့ ကစားပုံကောင်းမွန်နေတယ်။ အိမ်ကွင်းနောက်ဆုံးသုံးပွဲမှာ အရှုံးမရှိဘဲ နှစ်ပွဲအနိုင်ရခဲ့တယ်။ ဒါပေမယ့် လာဇီယိုကလည်း ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်နေတဲ့အသင်းဖြစ်လို့ အမှားခံမှာ မဟုတ်သလို ခြေစွမ်းပိုင်းလည်း ကောင်းနေလို့ တိုရီနိုကို ထိန်းနိုင်မှာပါ။ သရေကျသွားဖို့များတယ်။

**ဆာစူအိုလို - ပါးမား** ည ၈း၃၀ (၁၅-၃-၁၅)

ချေးငွေနဲ့အတူ ဘဏ္ဍာရေးအကျပ်အတည်းကို ဖြေရှင်းနိုင်ပြီဆိုပေမယ့် ပါးမားရဲ့ခြေစွမ်းပိုင်း ရုတ်တရက် ကောင်းမွန်လာဖို့ဆိုတာက ခက်တယ်။ ဆာစူအိုလိုက အခုနောက်ပိုင်းခြေကျပြီး ရလဒ်တွေဆိုးနေပေမယ့် အိမ်ကွင်းအားရှိတယ်။ ဆာစူအိုလိုခံစစ်ပိုင်းအားနည်းတယ်ဆိုပေမယ့် ဒီပွဲမှာတော့ ကပ်နိုင်သွားမှာပါ။

**ဖီအိုရင်တီးနား-အေစီမီလန်** နံနက် ၀၀း၃၀(၁၇-၃-၁၅)

အေစီမီလန်က ရှုံးပွဲနည်းတယ်ဆိုပေမယ့် သရေပွဲတွေများနေတာ တွေ့ရတယ်။ အထူးသဖြင့် အေစီမီလန်ရဲ့ အသင်းလိုက်ကစားဟန်ကလည်း မတည်ငြိမ်ဘူး။ ဒါပေမယ့် သတိပြုရမှာက ဒီပွဲဟာ ဖီအိုရင်တီးနားအတွက် ယူရိုပါလိဂ်နှစ်ပွဲကြား ရောက်ရှိနေမှုဘဲ။ ဒါကြောင့် ဖီအိုရင်တီးနားခြေကုန်ထုတ်ဖို့ ခက်လို့ အေစီမီလန်သရေလောက်ရမယ်။

**အတ္တလန္တာ - အူဒီးနီးစ်** ည ၈း၃၀ (၁၅-၃-၁၅)

အတ္တလန္တာက တန်းမဆင်းရဖို့ ရုန်းကန်နေတာမှန်တယ်။ ဒါပေမယ့် ခံစစ်ပိုင်းအားနည်းမှုတွေနဲ့အတူရလဒ်အများစု မကောင်းဘူး။ အူဒီးနီးစ်ကလည်း အခုနောက်ပိုင်းမှာ ကစားပုံအားနည်းမှုတွေ များလွန်းနေတယ်။ ဒါကြောင့် နှစ်သင်းစလုံး တန်းမဆင်းရဖို့ရုန်းကန်ကြမယ့်ဒီပွဲမှာ အိမ်ကွင်းအားရှိတဲ့ အတ္တလန္တာကပ်နိုင်သွားမယ်။

**ရိုးမား-ဆမ့်ဒိုးရီးယား** နံနက် ၂း၃၀(၁၇-၃-၁၅)

ဆမ့်ဒိုးရီးယားရဲ့ ကစားပုံက အခုနောက်ပိုင်းမဆိုးဘူး။ ကယ်ဂလီယာရီကို နိုင်ခဲ့တဲ့ ပွဲအပါအဝင် နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးခဲ့တယ်။ ဆမ့်ဒိုးရီးယား အနေနဲ့ အဝေးကွင်းပွဲတွေမှာ ခြေကျတတ်ပေမယ့် ရိုးမားကလည်း ယူရိုပါလိဂ် နှစ်ပွဲကြားမှာ ဒီပွဲကိုကတော့ ကစားရမှာဆိုတော့ ခြေကုန်ထုတ်ဖို့ခက်မယ်။ ရိုးမားနိုင်ရင်တောင် ဂိုးမပြတ်ဘူး။

# ရှော်လ်ကေးနှင့်ပွဲတွင် ရီးယဲလ်၏ စွမ်းဆောင်ရည်ညံ့မှုအတွက် ရီးယဲလ်မက်ဒရစ်နည်းပြ အန်ဆယ်လော့တီ တောင်းပန်



ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ကားလို့စ် အန်ဆယ်လော့တီသည် ရှော်လ်ကေးအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်း၏ စွမ်းဆောင်ရည်ညံ့ဖျင်းမှုအတွက် ဝေဖန်မှုများခံခဲ့ရခြင်းကြောင့် ပြန်လည်တောင်းပန်စကားဆိုခဲ့ကြောင်း သိရသည်။

လက်ရှိချန်ပီယံလိဂ် ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းသည် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း အိမ်ကွင်းဘာနေဗျူး၌ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်တွင် ရှော်လ်ကေးအသင်းအား လေးဂိုး - သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ရှက်ဖွယ်ဖြစ်ခဲ့သည်။အဆိုပါပွဲစဉ်တွင် ရီးယလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို စီရိုနယ်လ်ဒိုက နှစ်ဂိုးနှင့် ဘင်ဇီမာက တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းပရိသတ်များသည် ရီးယဲလ်မက်ဒရစ်အသင်း၏ စွမ်းဆောင်ရည်ညံ့ဖျင်းမှုအဖြစ် အဖြူရောင်လက်ကိုင်ပဝါများကို ဝှေ့ယမ်းမှုများလုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် နည်းပြ အန်ဆယ်လော့တီက "ကျွန်တော်အလွန်ဝမ်းနည်းမိပါတယ်။ ကစားသမားတွေလည်း အကောင်းဆုံးဖြစ်အောင်တော့ ကစားကြပါတယ်။ ဒါပေမယ့် ပြိုင်ပွဲအပြီးမှာ ရှော်လ်ကေးကို ရှုံးနိမ့်ခဲ့တာဟာ အသင်းအတွက် ဆိုးရွားတဲ့ပုံရိပ်တစ်ခုပါပဲ။ ဒါကြောင့် အဲဒီရလဒ်အတွက် ကျွန်တော်တောင်းပန်ပါတယ်"ဟု ဖွင့်ဟပြောကြားခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ဖလား (၁၀)ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့သည့် အသင်း တစ်သင်း ဖြစ်သည်နှင့်အညီ လက်ရှိတွင် ရှော်လ်ကေးအသင်းအား နှစ်ကျော့ပေါင်း ရလဒ် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ ငါးကြိမ်ဆက်တိုက်တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

နည်းပြအန်ဆယ်လော့တီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရီးယဲလ်မက်ဒရစ်အသင်းအား စတင်ကိုင်တွယ်ခဲ့စဉ်တွင် ချန်ပီယံလိဂ်ဖလားရယူပေးနိုင်ခဲ့ခြင်းကြောင့် မျက်နှာပန်းလှခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်အိမ်ကွင်းပွဲပေါင်း ၂၀ တွင် ယခုရှော်လ်ကေးအသင်းအား ရှုံးနိမ့်ခဲ့ခြင်းသည် အဆိုပါပွဲပေါင်း ၂၀ အနက် ပထမဆုံးသော ရှုံးပွဲလည်း ဖြစ်လာခဲ့သည်။ ထို့ကြောင့် နည်းပြအန်ဆယ်လော့တီအနေဖြင့် အဆိုပါ ရှုံးနိမ့်မှုနှင့် စပ်လျဉ်း၍ ပရိသတ်အား တောင်းပန်စကားဆိုခဲ့ရခြင်းဖြစ်သည်။

(ငွေကြယ်)

# ဧရာဝတီအသင်းနှစ်ပွဲဆက် သရေကျ

သတင်းနှင့်ဓာတ်ပုံ - ချစ်ကိုကို

၂၀၁၅ ရာသီ AFC Cup ဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။

**ဧရာဝတီအသင်း - တစ်ဂိုး**
(ဖွန်ဆီကာ)
**ဘန်ဒေါင်း - တစ်ဂိုး**
(အတက်ပ်)

အုပ်စုအဖွင့်ပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူထားသည့် ဘန်ဒေါင်းအသင်းမှာ အဝေးကွင်း၌ အဖိုးတန်သရေတစ်မှတ် ရယူနိုင်ခဲ့သည်။ လူစုံပါဝင်နိုင်ခြင်းမရှိသည့် ဧရာဝတီအသင်းမှာ ရုန်းကန်ခဲ့ရပြီး ဖွန်ဆီကာ၏ ချေပဂိုးကြောင့်သာ သရေတစ်မှတ်ရယူနိုင်ခြင်းဖြစ်သည်။

ဧရာဝတီအသင်းတွင် နိုင်ငံခြားသားကစားသမားလေးဦးဖြင့် လူစုံခဲ့သော်လည်း ပြည်တွင်းအမာခံများ မပါဝင်နိုင်၍ အားပျော့ပြီး ပထမပိုင်းတွင် ခြေစွမ်းပြနိုင်ခြင်းမရှိခဲ့ပေ။ ဘန်ဒေါင်းအသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့သော်လည်း ဧရာဝတီကခံစစ်ပိုင်းကို အမှားအယွင်းမရှိ ကစားနိုင်ခဲ့၍ အခွင့်အရေးသိပ်မရခဲ့ပေ။ ပထမပိုင်းပြီးခါနီးမှ ဘန်ဒေါင်းအသင်းဂိုးစရခဲ့ပြီး အသင်းခေါင်းဆောင်အတက်ပ်ကသွင်းယူခဲ့ခြင်းဖြစ်သည်။



ဧရာဝတီနှင့် ဘန်ဒေါင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ဒုတိယပိုင်းတွင် ဧရာဝတီအသင်းက ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာပြီး ၅၇ မိနစ်တွင် ဖွန်ဆီကာ၏ အဝေးကန်ချက်ဖြင့် ချေပဂိုးပြန်လည်ရရှိခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် နှစ်သင်းစလုံးထိန်းကစားခဲ့သောကြောင့် သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ယခုပွဲအပြီးတွင် ဘန်ဒေါင်းအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးမှတ်ရရှိထားပြီး ဧရာဝတီအသင်းက နှစ်ပွဲဆက်သရေကျကာ နှစ်မှတ်ရရှိထားသည်။

❂မြန်မာအမျိုးသမီးအသင်းမှ

ကောင်းသွားခဲ့သည်။ မြန်မာအသင်းမှာ ပထမပိုင်းတွင် ၁၁ ဂိုး၊ ဒုတိယပိုင်းတွင် ငါးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာသည့် မြန်မာအသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ပွဲအစအဆုံး အခက်အခဲမရှိကစားကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပွဲအစမှာပင် နော်အားလိုဝါးဖောက နှစ်မိနစ်နှင့် သုံးမိနစ်တွင် နှစ်ဂိုးဆက်သွင်းယူခဲ့ပြီး ခြောက်မိနစ်တွင် ခင်မိုးဝေက တတိယဂိုးသွင်းယူခဲ့သည်။ ပွဲအစ ခြောက်မိနစ်မှာပင် သုံးဂိုးအထိပေးခဲ့ရသည့် သီရိလင်္ကာအသင်းခံစစ်ပိုင်းပြိုဆင်းသွားခဲ့ပြီး ၁၅၊ ၁၉၊ ၂၀၊ ၂၆ မိနစ်များတွင် ခင်မိုးဝေ ၂၂၊ ၂၇ မိနစ်တွင် ဝင်းသီဂီထွန်းနှင့် ၃၉ မိနစ်တွင် နော်အားလိုဝါးဖောတို့က သွင်းယူပေးခဲ့ကာ ကျန်တစ်ဂိုးမှာ ၁၈ မိနစ်တွင် သီရိလင်္ကာနောက်ခံလူ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းက ပွဲကို စိုးမိုးနိုင်ခဲ့ပြီး ၄၇၊ ၅၀ မိနစ်တွင် ရီရီဦး၊ ၄၉၊ ၇၆၊ ၉၁ မိနစ်တွင် ဝင်းသီဂီထွန်းတို့ကသွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ နောက်ဆုံးပွဲအဖြစ် မတ် ၁၅ ရက်တွင် အိန္ဒိယအသင်းနှင့် ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲဒုတိယပွဲအဖြစ် မတ် ၁၃ ရက်တွင် အိန္ဒိယနှင့်သီရိလင်္ကာ အသင်းတို့ ကစားကြမည်ဖြစ်သည်။

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် မတ် ၁၁**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ CEPSA က အဓိကကူညီပံ့ပိုးသော ၂၀၁၅ ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲနှင့် CEPSA Junior Open Championships တင်းနစ်ပြိုင်ပွဲများကို မတ် ၂၁ ရက်မှ ၂၅ ရက် အထိ ရန်ကုန်မြို့တော် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားနှင့် အမျိုးသမီး အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၃၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် (၄၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် (၅၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၆၀)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

CEPSA Junior Open Championships 2015 တင်းနစ်ပြိုင်ပွဲတွင် အသက် (၁၀)နှစ်နှင့်အောက်၊ အသက် (၁၂)နှစ်နှင့်အောက်၊ အသက်(၁၄)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် မတ် ၁၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၊ သိမ်ဖြူတင်းနစ်ကွင်းသို့ အမည်စာရင်းများပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲများနှင့်စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း ၀၁-၃၈၁၉၉၂၊ ၀၉-၂၅၀၁၈၇၀၄၀၊ ၀၉-၂၅၀၀၂၀၀၅၄ တို့သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နှစ်ပေါင်း(၆၀)တိုင် MAIN STREAM MEDIAအဖြစ် ရပ်တည်လာခဲ့သော....

သင့်ရဲ့တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းကြော်ငြာများကို (၅၀) သန်းသော
ပြည်သူတွေထံသို့ အရောက်ပို့ပေးနိုင်သော....

နိုင်ငံတကာသုတေသနအဖွဲ့များ၏ လေ့လာတွေ့ရှိချက်အရ
သတင်းအချက်အလက်မှန်ကန်တိကျမှုကို ပရိသတ်များ၏ ယုံကြည်မှုအမြင့်မားဆုံးရရှိထားသော....

မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ နေ့စဉ်ဖြစ်ပျက်နေတဲ့သတင်းများကို
နာရီစဉ်တိုင်းတင်ဆက်ပေးနေသော....

NATION WIDE NEWS CHANNEL

MRTV

ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများမှာ
သင့်ရဲ့ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းကြော်ငြာများကို ထည့်သွင်းကြော်ငြာခြင်းအားဖြင့်
ရုပ်မြင်သံကြား ကြော်ငြာများတွင် ရာခိုင်နှုန်းအလိုက် သက်သာခွင့်ရရှိစေမည့်

## Cross Package အခွင့်အလမ်း



| သတင်းစာကြော်ငြာ အရွယ်အစား | MRTV တွင် သက်သာမည့်နှုန်းထား |
|---|---|
| မျက်နှာပြည့်ကြော်ငြာ (Full Page) | ၄၀ % |
| မျက်နှာဝက်ကြော်ငြာ (Half Page) | ၂၀ % |
| ၄ လက်မ x ၆ ကော်လံ (Quarter Page) | ၁၀ % |

မည်သည့်ကြော်ငြာ၊ မည်သည့်စက္ကန့်အပေါ်တွင်မဆို တစ်ကြိမ် လျှော့ပေါ့ပေးသွားမည်

၂၀၁၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက်နေ့ထိသာ

ဆက်သွယ်ရန်လိပ်စာ- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဆက်သွယ်ရန် ဖုန်းနံပါတ်- ၀၁-၅၃၅၈၀၀
ဆက်သွယ်ရန်လိပ်စာ- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)
ဆက်သွယ်ရန် ဖုန်းနံပါတ်- ၀၆၇-၇၉၁၉၃၊ Gmail : mrtv.commercial@gmail.com

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား ဧရာဝတီဒေသကြီး ပုသိမ်မြို့ တော်ခန်းမ၌ ကျင်းပ

**ပုသိမ် မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်ဇနီးဒေါ်ခင်ဌေးမြင့်တို့သည် မတ် ၈ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးစွမ်းဆောင်ရှင် အလှူရှင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ INGO,NGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပညာအလင်္ကာတေးဂီတအဖွဲ့က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကာတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မတ် ၈ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားအတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူက ဖတ်ကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများ၊ အသီးသီးချီးမြှင့်ပေးအပ်ကာ INGO၊ NGO အဖွဲ့အစည်းများမှ စုပေါင်း၍ အသိပညာပေးပြဇာတ်ဖြင့် တင်ဆက်ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



ကရင်ပြည်နယ်၊ကော့ကရိတ်မြို့နယ်တွင် မဲစာရင်းများအား ကွန်ပျူတာစနစ်ဖြင့်ထည့်သွင်းခြင်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အစည်းအဝေးခန်းမ၌ မတ် ၅ရက်မှစ၍ စတင်ပြုလုပ်နေကြောင်းသိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မကွေး၌ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီ

**ရေနံချောင်း မတ် ၁၁**

မကွေးခရိုင် ရေနံချောင်းမြို့နယ်၏ အရှေ့မြောက်ဘက် ၁၄ မိုင်ခန့်အကွာရှိ စခန်းကန်ကျေးရွာ၌ မတ် ၉ရက် နံနက်၈နာရီခွဲက ရေနံချောင်းမြို့နယ် စခန်းကန်ကျေးရွာတွင် ခနိမိုး၊ ထရံကာနေအိမ်၌ ဂက်စ်မီးခြစ် ဆော့ကစားရာမှ အိမ်အနီးရှိထန်းရွက်မှတစ်ဆင့် မီးကူးစက်ပြီး လောင်ကျွမ်းခဲ့ရာ နေအိမ် ၆၃ လုံး၊ နွားတင်းကုပ်သုံးလုံး မီးလောင်ကျွမ်းခဲ့ကြောင်းသိရှိရသည်။

မီးလောင်ရာသို့ ခရိုင်ရဲမှူး (မကွေး) ဒုရဲမှူးကြီး မင်းဟန်နှင့် မြို့နယ်ရဲမှူး (ရေနံချောင်း)ရဲမှူး အောင်ခိုင်ဦးစီးသည့် တပ်ဖွဲ့ဝင် ၆၀ဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၅၂ ဦး၊ ရွာသူ ရွာသား ၂၀၀ ဦးနှင့် မြို့နယ်မီးသတ်ယာဉ်လေးစီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ၉ နာရီ ၅၀မိနစ် တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရ သေဆုံးမှုမရှိဘဲ မတ် ၉ ရက် မွန်းလွဲ ၁၂နာရီ၁၀မိနစ် တွင် ရဲအုပ်စိုးလွင်က ဥပဒေအရ အရေးယူ ပေးရန်တရားလိုပြုလုပ် တိုင်တန်းသဖြင့် မီးပေါ်ဆသူ ဒေါ်ဝင်း အား ရေနံချောင်းမြို့မရဲစခန်း (ပ)၁၄/၂၀၁၅၊ ပြစ်မှုပုဒ်မ ၂၈၅ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် ရဲအုပ်ကြည်စိုးမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့နောက် မီးဘေးသင့်ပြည်သူ အိမ်ထောင်စု ၆၃ စုမှ လူဦးရေ ၂၅၃ ဦး တို့အား စခန်းကန် ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် အမက(၅၄)တို့တွင် နေရာချထားပေးထားပေးပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့်အဖွဲ့မှ ယမ်ယမ် ခေါက်ဆွဲပုံး ၆၀ပုံး၊ ဆန်အိတ် ၆၀ အိတ်တို့ ပေးအပ်ခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှမောင်ခိုင်နှင့်အဖွဲ့က လက်ခံရယူခဲ့သည်။

တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးနေဝင်းမှ ကျေးရွာသူ/ သားများအား မီးလောင်ပြင်တွင် ဆောင်ရွက်ရမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး မီးလောင်မှုဖြစ်ပွားသည့်နေရာ၌ ဒုရဲမှူးကြီး မင်းဟန်၊ ရဲမှူး အောင်ခိုင်နှင့် မကွေးခရိုင်လုံခြုံရေးတပ်ခွဲမှ တပ်ဖွဲ့ဝင် ၂၀ ဦး၊ ရေနံချောင်းမြို့နယ် ခလရ ၇၇ မှ စစ်သည် ၂၀ ဦး တို့သည် ဒေသခံပြည်သူများ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မီးလောင်ပြင်သန့်ရှင်းရေး၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ဇေယျာတု(မကွေး)**

# မွေးမြူရေးကျေးလက်လူငယ် သင်တန်းဖွင့်

**တာချီလိတ် မတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှကျေးလက် မိသားစုဝင်ငွေတိုးတက်စေရေး၊ တစ်ပိုင်တစ်နိုင်မိသားစု စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည်တည်တံ့ ခိုင်မြဲသော စီးပွားရေးအနာဂတ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် မွေးမြူရေးကျေးလက်လူငယ်သင်တန်းဖွင့်ပွဲကို မတ် ၈ ရက်၊ နံနက် ၁၀နာရီကနမ့်ငေါ့ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေ က အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါက်တာကျော်ကျော်စိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ လူငယ်သင်တန်းသား ၂၈ ဦးတက်ရောက်ပြီး စနစ်တကျ မွေးမြူရေးစနစ်များ၊ တိရိစ္ဆာန်ကူးစက်ရောဂါအန္တရာယ်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲဆောင်ရွက်မှုဘာသာရပ်များအား သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်းသိရသည်။

**လှဌေး(ပြန်/ဆက်)**

# မြန်မာ့ဆိုင်းဝိုင်းပိုင်ရှင်များ၊ အသံချဲ့စက်ပိုင်ရှင်များ လုပ်ငန်းအဆင်ပြေ

**ရေနံချောင်း မတ် ၁၁**

ရေနံချောင်းမြို့နယ်တွင် ယခုရာသီသည်ပွင့်လင်းရာသီဖြစ်သဖြင့် ရှင်ပြုနားသပွဲများ၊ စေ့စပ်ကြောင်းလမ်းပွဲများ၊ ထိမ်းမြားမင်္ဂလာပွဲများကိုတွင် မြန်မာ့ဆိုင်းဝိုင်းများနှင့် အသံချဲ့စက် လုပ်ငန်းများ အလုပ်ဖြစ်နေကြောင်းသိရသည်။

အငှားလိုက်စားသော ဆိုင်းဝိုင်းများ၊အသံချဲ့စက်လုပ်ငန်းများ၊ ရှင်ပြုနားသ ဝတ်စုံငှားလုပ်ငန်းများ၊ မြင်းလှည်းများမှာ ကြိုက်ဈေးရရှိ၍ လုပ်ငန်းများ အောင်မြင်နေကြောင်းမြင်တွေ့နေရသည်။

မြန်မာ့ဆိုင်းဝိုင်းသည်တစ်ညအိပ် နှစ်ရက်အငှားလိုက်လျှင် ကျပ် ကိုးသိန်း မှ သိန်း ၄၀ ထိရရှိပြီး အသံချဲ့စက်ပိုင်ရှင်များသည် ကျပ် ငါးသောင်းမှ သုံးသောင်းထိရှိကြောင်းသိရသည်။ **သိန်းဇော်(ပြန်/ဆက်)**



# လေးမျက်နှာမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း ကျေးရွာလုံးကျွတ်အစည်းအဝေးကျင်းပ

**လေးမျက်နှာ မတ် ၁၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း ကျေးရွာလုံးကျွတ်အစည်းအဝေးကို မတ် ၉ ရက် နံနက် ၉ နာရီတွင် လေးမျက်နှာမြို့နယ် သခွတ်ချောင်းကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ လူထုဗဟိုပြုစီမံကိန်းမြို့နယ်မှ လူထုစည်းရုံးရေးမှူး(CF)နှင့် လက်ထောက်နည်းပညာမှူး(TF)များနှင့် ကျေးရွာသူကျေးရွာသားများတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူး(CF)နှင့် လက်ထောက်နည်းပညာမှူး(TF)တို့မှ ကမ္ဘာ့ဘဏ်မှ လူထုဗဟိုပြုစီမံကိန်းကိစ္စများ ရှင်းလင်းပြီး ကျေးရွာကော်မတီနှင့် အုပ်စုကော်မတီတို့တွင် ကျေးရွာ/အုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ စောင့်ကြည့်/ကြီးကြပ်ရေး၊ ဝယ်ယူရေးဆပ်ကော်မတီ၊ လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး၊ ဝေဖန်အကြံပြု/တိုင်ကြား/ ဖြေရှင်းရေး၊ ကျေးရွာ/အုပ်စုစေတနာ့ဝန်ထမ်း၊ ကျေးရွာ/အုပ်စုစာရင်းကိုင် ရွေးချယ်ပုံတို့ကိုလည်းကောင်း၊ ကော်မတီများ ရှောင်ရန်(၅)ချက်၊ ဆောင်ရန်(၅)ချက်၊ တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများအတွက် လိုက်နာရမည့် အထွေထွေစည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်အရည်အချင်း၊ အကျုံးဝင်သော ပထမနှစ်စီမံကိန်း လုပ်ငန်းခွဲများ၊ အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ၊ လူထုဗဟိုပြုစီမံကိန်း ကျေးရွာအဆင့်စီမံကိန်း စက်ဝန်းတို့ကို လည်းကောင်း၊ အလွဲသုံးမှုဖြစ်ပွားပါက အလွဲသုံးမှုပြုသောငွေကို အပြည့်အဝပြန်လည်ပေးလျော်ရမည်ဖြစ်ပြီး အလွဲသုံးမှုပြုသော ကျေးရွာအုပ်စုသည် လက်ရှိထောက်ပံ့ငွေအပါအဝင် အနာဂတ်ထောက်ပံ့ငွေရယူသုံးစွဲခွင့် ဆုံးရှုံးစေရဖြစ်ကြောင်း စသဖြင့် အကျယ်တဝင့်ဆွေးနွေးပြီး ကော်မတီ အဆင့်ဆင့်ကို ရပ်ရွာလူထု၏ သဘောထားဖြင့် ရွေးချယ်တင်မြှောက်ကြသည်။

လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာအုပ်စုတစ်ခုလျှင်လူဦးရေ ၃၀၀၀အောက် ထောက်ပံ့ငွေကျပ်သိန်း ၂၀၀၊ ၃၀၀၁ ဦးမှ ၅၀၀၀ဦးထိ၊ ကျပ်သိန်း ၄၀၀၊ ၅၀၀၁ဦးမှ ၉၀၀၀ဦးအထိ၊ ကျပ်သိန်း ၆၀၀ လူဦးရေ ၉၀၀၀အထက် ကျပ်သိန်း ၁၂၀၀ ရရှိမည်ဖြစ်ပြီး အသေးသုံးစရိတ် ၄ ရာခိုင်နှုန်း ခုနှိမ်၍ ထောက်ပံ့မည်ဖြစ် သည်။

စီမံကိန်း ဒုတိယနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထပ်တိုးမြို့နယ်များမှာ ပင်လယ်ဘူးမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ အမ်းမြို့နယ်၊ ထန်းတပင်မြို့နယ်၊ တပ်ကုန်းမြို့နယ်တို့ဖြစ်ပြီး သုံးနှစ်ဆက်တိုက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သီဟ(လေးမျက်နှာ)**

# ကျေးရွာချင်းဆက် ကျောက်ချောလမ်းဆောင်ရွက်

**သဲကုန်း မတ် ၁၁**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြန်မာရွှေသရဖူကုမ္ပဏီမှ ဆောင်ရွက်နေသည့် ပြည်ခရိုင် သဲကုန်းမြို့နယ် အတွင်း ပုတီးကုန်း၊ သင်းပုတ္တောင်ကျေးရွာချင်းဆက် အရှည်ပေ ၃ ဒသမ ၅၈ မိုင်ရှိ ကျောက်ချောလမ်းခင်းနေခြင်းကို မတ် ၈ ရက်က ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဥမ္မာမို့မို့ဇော်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းလွင်နှင့် ပြည်ခရိုင်ဦးစီးမှူး ဦးအောင်ကျော်လူ၊ သဲကုန်းမြို့နယ် ဦးစီးမှူး ဒေါ်မိမိအောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၉၇)**

# ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများမှ မီးဘေးသင့်များအား ထောက်ပံ့ပေးအပ်

**မြင်းခြံ မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အင်ကြင်းပင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် မြင်းခြံခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများမှ မီးဘေးသင့်အိမ်ထောင်စုများ ပြန်လည်ထူထောင်ရေး ထောက်ပံငွေနှင့် ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို မတ် ၈ ရက် ညနေ၆ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က မီးဘေးသင့်အိမ်ထောင်စုများအား ပြန်လည်ထူထောင်နိုင်ရေးအတွက် တစ်စိတ်တစ်ဒေသ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် မြင်းခြံ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများမှ ထောက်ပံ့ငွေ ကျပ် ၁၂၅၀၀၀နှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ပေးပို့သော စောင်၊ ခြင်ထောင်၊ အင်္ကျီ၊ ဒန်အိုးစသည့် အသုံးအဆောင်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူး ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အဖွဲ့ဝင်များက ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင် ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူး ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။

ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကိုအပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြသွားမည်ဖြစ်ပါသည်။ (စာတည်း)

# ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

ဒေါက်တာမောင်အောင်

**ယနေ့နိုင်ငံများ၏ ဖွံ့ဖြိုးမှုလမ်းကြောင်း**

၂၁ ရာစု globalization ခေတ် နိုင်ငံများဖွံ့ဖြိုးတိုးတက်မှုကို အဓိကပြဌာန်းနေသည့်အချက်မှာ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း (global supply chain)နှင့် မိမိနိုင်ငံမည်မျှပေါင်းစပ်နိုင်သည်ဟူသော အချက်ပင်ဖြစ်သည်။ ICT ထွန်းကားလာမှုကြောင့် ဆက်သွယ်မှုနှင့် ကုန်သွယ်မှုစရိတ်များ သိသိသာသာ လျော့ကျလာသလို သယ်ယူပို့ဆောင်မှုစရိတ်များပါ လျော့ကျလာမှုကြောင့်လည်း ကမ္ဘာ့ထုတ်လုပ်မှုပုံစံ (world production pattern)သိသိသာသာ ပြောင်းလဲလာခဲ့သည်။ ယခင်ဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့် စက်မှုလုပ်ငန်းများကို မိမိပြည်တွင်း၌ အစအဆုံးထုတ်လုပ်ပြီး ကမ္ဘာအရပ်ရပ်သို့ တင်ပို့ခဲ့ကြသည်။ Globalization ကြောင့် ကမ္ဘာအရပ်ရပ်သို့ ထုတ်လုပ်မှုလုပ်ငန်းများ ပြောင်းရွှေ့လာခြင်း (dispersion of production)ဖြစ်လာသလို ထုတ်လုပ်မှုအဆင့်များ ပိုမိုများပြားလာခြင်း (fragmentation of production process)တို့ ဖြစ်ပေါ်လာသည်။ globalization ခေတ်တွင် အဆိုပါလုပ်ငန်းများ နှိုင်းယှဉ်စရိတ်(အထူးသဖြင့် လုပ်သားစရိတ်)သက်သာသည့်ကမ္ဘာအရပ်ရပ်သို့ ပြောင်းရွှေ့ထုတ်လုပ်လာခြင်းကြောင့် ကမ္ဘာတစ်ဝှမ်းလုံးထုတ်လုပ်မှုလုပ်ငန်းများ(စက်မှုလုပ်ငန်း)များ ပေါ်ပေါက်လာမှုမှတစ်ဆင့် (global supply chain)ပေါ်ပေါက်လာသလို တစ်ဆက်တည်းမှာပင် အဆိုပါလမ်းကြောင်းတစ်လျှောက် ကုန်ကြမ်းများ၊ တစ်ဝက်တစ်ပျက်ပြီးအစိတ်အပိုင်းများ (part and components) အကျုံးဝင်သည့် (global supply chain trading)ပါ ပေါ်ပေါက်လာခြင်းကြောင့်လည်း ကုန်သွယ်မှုပမာဏ သိသိသာသာ တိုးတက်လာခဲ့ကြသည်။ ဆိုလိုသည်မှာ ကမ္ဘာ့နိုင်ငံများအနေဖြင့် (global supply chain)တွင် ပါဝင်မှုများလေ တိုးတက်လေဖြစ်၍ မြန်မာနိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် (global supply chain) ထဲသို့ ထဲထဲဝင်ဝင် ပိုမိုဝင်ရောက်နိုင်ရေး အရေးကြီးလာပေသည်။

**အံ့မခန်းစီးပွားရေးတိုးတက်ပြောင်းလဲမှုနှစ်ကြိမ်**

ကမ္ဘာ့စီးပွားရေးသမိုင်းတွင် အံ့မခန်းပြောင်းလဲမှုကြီးနှစ်ကြိမ်ဖြစ်ပေါ်ခဲ့ပြီး ပထမအကြိမ်မှာ ၁၇၅၀ ခုနှစ်ဝန်းကျင် အင်္ဂလန်နိုင်ငံမှ စတင်ခဲ့သည့် ပထမစက်မှုတော်လှန်ရေး (first industrial revolution)ကြောင့် ဥရောပနိုင်ငံများ ဦးစွာ စက်မှုထွန်းကားလာခဲ့သည်။ ပထမစက်မှုတော်လှန်ရေး အောင်မြင်ရသည့် အဓိက အကြောင်းရင်းမှာ ရေနွေးငွေ့ဖြင့် မောင်းနှင်သည့် စက်များပေါ်ပေါက်လာမှုကြောင့် စက်မှုလုပ်ငန်းများ၊ ရေနွေးငွေ့ဖြင့်မောင်းနှင်သည့် မီးရထား၊ သင်္ဘောများပေါ်ပေါက်လာခြင်းသည် စက်မှုလုပ်ငန်းများထွန်းကားလာသလို သယ်ယူပို့ဆောင်မှုပါ တိုးတက်လာမှုကြောင့် ယခင် ဥရောပ၏ ကုန်သွယ်မှုသည် ပမာဏအနည်းငယ်ကိုသာ နှေးနှေးကွေးကွေး ကုန်သွယ်နေရာမှ စက်မှုထွန်းကားလာမှုကြောင့် ကုန်စည်ပမာဏကြီးကြီးမားမားကို လျင်မြန်စွာကုန်သွယ်နိုင်ခဲ့ပြီး

> **အဆိုပါ chain ထဲသို့ များများဝင်ရောက်နိုင်သည့်နိုင်ငံများလျင်မြန်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်ခဲ့**

ဥရောပအတွင်းသာမက တစ်ကမ္ဘာလုံးနှင့်ပါ ကုန်သွယ်မှုတိုးတက်လာခဲ့သည်။ ဥရောပနိုင်ငံများအနေဖြင့် စက်မှုလုပ်ငန်းများလုပ်ဆောင်ရာတွင် မိမိနိုင်ငံ၏ နှိုင်းယှဉ်အကျိုးကျေးဇူး (comparative advantage)ရှိသည့် ကုန်ပစ္စည်းများကို ဇောက်ချထုတ်လုပ်လာမှုကြောင့် ထုတ်လုပ်မှုတိုးချဲ့လေ စရိတ်ကျလေ (scale economies) အဆင့်ရောက်သည်အထိ အရေအတွက်များများကို စရိတ်အနည်းဆုံးဖြင့် ထုတ်လုပ်တင်ပို့ရောင်းချခြင်းဖြင့် အင်္ဂလန်ဦးဆောင်သည့် စက်မှုတော်လှန်ရေးသည် မြောက်ပိုင်းနိုင်ငံများကို သိသိသာသာ ချမ်းသာလာခဲ့ကြသည်။ အင်္ဂလန်၏ စက်မှုတော်လှန်ရေးတွင် ဦးဆောင်ကဏ္ဍမှာ အထည်အလိပ်လုပ်ငန်းဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းလုံးသို့ တင်ပို့နိုင်ခဲ့သည်။ ပထမစက်မှုတော်လှန်ရေးကြောင့် ကမ္ဘာ့မြောက်ခြမ်းရှိ နိုင်ငံများ စက်မှုထွန်းကားလာပြီး ကမ္ဘာပေါ်တွင် ပထမဆုံးစီးပွားရေး တိုးတက်ဖွံ့ဖြိုးလာခဲ့ကြသည်။

**မြောက်–တောင်ကုန်သွယ်မှု** (north-south trading)

ထိုအချိန်မှစ၍ ကမ္ဘာ့မြောက်ခြမ်းရှိ နိုင်ငံများသည် စက်မှုထွန်းကားပြီး ၎င်းတို့၏ စက်မှုပို့ကုန်များကို တောင်ခြမ်းရှိနိုင်ငံများသို့ တင်ပို့သလို တောင်ပိုင်းနိုင်ငံများအနေ ဖြင့် စက်မှုမထွန်းကားသေးသောကြောင့် သဘာဝသယံဇာတနှင့် လယ်ယာထုတ်ကုန်ကိုသာ အဓိကတင်ပို့ကြရသည်။

ထို့အတွက်လည်း တောင်-မြောက်ကုန်သွယ်မှုတွင် မြောက်ပိုင်းနိုင်ငံများက တန်ဖိုးမြင့်မားသည့် စက်မှုကုန်စည်များကို တင်ပို့ပြီး တောင်ပိုင်းနိုင်ငံများက ဈေးနှုန်းချိုသာသည့် အခြေခံကုန်စည်များကိုသာ အဓိကတင်ပို့နေရသောကြောင့် တောင်-မြောက် ကုန်သွယ်မှုတွင် တောင်ပိုင်နိုင်ငံများအတွက် အခွင့်မသာသော ကုန်ဖလှယ်နှုန်း (unfavourable term of trade)ကို အမြဲတွေ့ရပြီး တောင်-မြောက်ကုန်သွယ်မှုကြောင့် မြောက်ပိုင်းနိုင်ငံများ ပိုမိုချမ်းသာလာကြသော်လည်း တောင်ပိုင်းနိုင်ငံများအနေဖြင့် တိုးတက်မှုနှေးကွေးသောကြောင့် အချိန်ကြာလေ ဆင်းရဲချမ်းသာ ကွာဟချက်ကြီးမားလာလေဖြစ်သည်။ မြောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် စီးပွားရေး အင်အားကြီး စက်မှုနိုင်ငံ ခုနစ်နိုင်ငံ (Group-7)အနေဖြင့် အမေရိကန်၊ အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ကနေဒါနှင့် ဂျပန်တို့ထင်ရှားလာပြီး နောက်ပိုင်း ရုရှားနိုင်ငံပါ ပါဝင်လာ၍ (Group-8)ဖြစ်လာခဲ့သည်။ တူညီသည့်အချက်မှာ ထိုစဉ်က ကုန်သွယ်မှုမှာ မြောက်ပိုင်းဖွံ့ဖြိုးပြီးနိုင်ငံများက စက်မှုကုန်စည်များ တင်ပို့ပြီး တောင်ပိုင်းဖွံ့ဖြိုးဆဲနိုင်ငံများက အခြေခံကုန်စည်များ တင်ပို့ခဲ့ကြသည်။ ထို့အတူ မြောက်ပိုင်းနိုင်ငံများလိုအပ်သည့် အခြေခံကုန်စည်များကို တင်သွင်းသလို တောင်ပိုင်းနိုင်ငံများကလည်း စက်မှုကုန်စည်များကို အဓိကထားတင်သွင်းခဲ့သည်။ သို့သော် ကုန်သွယ်မှုပြုရာတွင် တစ်ကြောင်းတည်းကုန်သွယ်မှု (one way trading)သာ ဖြစ်ခဲ့သည်။

**ဒုတိယအကြိမ် အံ့မခန်းစီးပွားရေးတိုးတက်ပြောင်းလဲမှု**

ဒုတိယအကြိမ် အံ့မခန်းစီးပွားရေးတိုးတက်ပြောင်းလဲမှုကို ၁၉၇၀ ခုနှစ်လောက်မှစ၍ ICT(information and communication technology)ဖွံ့ဖြိုးလာမှုမှ စတင်ခဲ့သည်။ globalization ကမ္ဘာ့ရွာကြီး စတင်ပေါ်ပေါက်သည့်အချိန်တွင် ကမ္ဘာပေါ်တွင် ဆက်သွယ်ရေးစရိတ်များ၊ သယ်ယူပို့ဆောင်ရေးစရိတ်များ သိသိသာသာ လျော့ကျလာမှုကြောင့် ကမ္ဘာ့ထုတ်လုပ်မှု ပုံစံပြောင်းလဲလာခဲ့သည်။ ယခင်က စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် နှိုင်းယှဉ်အကျိုးကျေးဇူးရရှိသည့် ကုန်စည်များကို စက်မှုလုပ်ငန်းထူထောင်ရာတွင် မိမိနိုင်ငံအတွင်းမှာပင် စက်ရုံများဖြင့် တည်ဆောက်ထုတ်လုပ်နေမှုမှ globalization ခေတ်တွင် ဆက်သွယ်မှုစရိတ်များနှင့် သယ်ယူပို့ဆောင်စရိတ်ကျလာမှုကြောင့် နှိုင်းယှဉ်စရိတ်(အထူးသဖြင့် လုပ်ခ)စရိတ်သက်သာသည့် တောင်ပိုင်းနိုင်ငံများသို့ ပြောင်းရွှေ့တိုးချဲ့ထုတ်လုပ်လာမှု (geographical dispersion)ကို လုပ်ဆောင်ခဲ့သည်။ ဆိုလိုသည်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ပြင်ပမှ သွင်းအားစုများ ပိုမိုအသုံးပြုလာခြင်း (outsourcing)ကို အလေးပေးလာသလို ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်လည်း နိုင်ငံတကာလုပ်ငန်းကြီးများ ပိုမိုဝင်ရောက်လာရေးနှင့် ပေါင်းစပ်လုပ်ရေး (offsharing)ကို ဦးစားပေးလာကြသည်။ ကမ္ဘာ့ထုတ်လုပ်မှုပုံစံမှာလည်း ကမ္ဘာအရပ်ရပ်သို့ ပြောင်းရွှေ့ထုတ်လုပ်လာခြင်း (dispersion of production) အပြင် ထုတ်လုပ်မှုအဆင့်များ (processes)လည်း ပိုမိုများလာခဲ့သည်။ နှိုင်းယှဉ်လုပ်ခသက်သာသည့်နိုင်ငံများသို့ ပြောင်းရွှေ့လာမှုကြောင့် အဆိုပါနိုင်ငံများ စက်မှုထွန်းကားလာခဲ့ကြသည်။ ထုတ်လုပ်မှုလုပ်ငန်းများတွင် အဆင့်မြင့်နည်းပညာ သုံးရမည့်အပိုင်းများကို အထူးကျွမ်းကျင်သူများသည့် ဖွံ့ဖြိုးပြီးနိုင်ငံများ တစ်နည်းအားဖြင့် "headquater economies"များတွင် လုပ်ဆောင်ပြီး ထုတ်လုပ်မှု၊ တပ်ဆင်မှု စသည့်အပိုင်းများတွင် ကျွမ်းကျင်မှု သိပ်မလိုသောကြောင့် လုပ်သားပေါပြီး လုပ်ခသက်သာသည့် တောင်ပိုင်းနိုင်ငံများ တစ်နည်းအားဖြင့် "factory economies"များသို့ ပြောင်းရွှေ့ထုတ်လုပ်လာကြသည်။ ကမ္ဘာ့ထုတ်လုပ်မှုပုံစံ ပြောင်းလဲလာမှုကြောင့် ကမ္ဘာတစ်

> **အသွားအပြန်ကုန်သွယ်ရေးဖြစ်သည့်အတွက်ကုန်သွယ်မှုပမာဏသိသိသာသာမြင့်မားလာ . . .**

ဝှမ်းနှင့် အကျုံးဝင်သည့် ကမ္ဘာ့ကုန်ထုတ်လုပ်မှုလမ်းကြောင်း ဖြစ်ပေါ်လာသလို အဆိုပါလမ်းကြောင်းတစ်ခုလုံး အကျုံးဝင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းကုန်သွယ်မှု (global supply chain trade)ပေါ်ပေါက်လာခဲ့သည်။ တောင်ပိုင်းဖွံ့ဖြိုးဆဲနိုင်ငံများသည် အဆိုပါ chain ထဲသို့ များများဝင်ရောက်နိုင်သည့် နိုင်ငံများ လျင်မြန်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်ခဲ့၍ ယခုအခါ ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံပေါင်း Group ၂၀ ဖြစ်လာသလို ထင်ရှားလာသည့် BRICS ဟုခေါ်သည့် ဘရာဇီး၊ အာရှ၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့ ကမ္ဘာ့စီးပွားရေးမျက်နှာစာတွင် ပိုမိုအရေးပါလာကြသည်။

ကမ္ဘာ့ထုတ်လုပ်မှုပုံစံ ပြောင်းလဲလာမှုတွင် ကမ္ဘာအရပ်ရပ်သို့ စက်မှုလုပ်ငန်းများ ပျံ့နှံ့လာမှုကြောင့်လည်း အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသည် ယခင်ကကဲ့သို့ စက်မှုကုန်စည်များ၊ လယ်ယာနှင့် အခြေခံကုန်စည်များသာမကတော့ဘဲ ကုန်ကြမ်းများ၊ တစ်ဝက်တစ်ပျက်ပြီး ကုန်စည်များ၊ အစိတ်အပိုင်းနှင့် အပိုင်းအစများ (parts and componients)ပါ အကျုံးဝင်သောကြောင့် ယခင်ကကဲ့သို့ တစ်ကြောင်းတည်း (one way trading)သာမကတော့ဘဲ ထုတ်လုပ်မှုလမ်းကြောင်း တစ်လျှောက် ကုန်သွယ်မှုများပါ ပါဝင်သည့် (two way trading)နှစ်ကြောင်း(သို့မဟုတ်) အသွားအပြန်ကုန်သွယ်ရေးဖြစ်လာသည့်အတွက် ကုန်သွယ်မှုပမာဏသိသိသာသာမြင့်မားလာခဲ့သည်။ တစ်ဆက်တည်းမှာပင် ကုန်သွယ်မှုလုပ်ငန်းများနှင့် ဆက်စပ်နေသည့် telecom, internet၊ အမြန်ချောပို့လုပ်ငန်း ကုန်သွယ်မှုနှင့်ဆိုင်သည့် ငွေပေးငွေယူလုပ်ငန်းများ၊ အာမခံလုပ်ငန်းများ၊ သင်္ဘောတင်လုပ်ငန်းများ စသည်တို့ အကျုံးဝင်သည့် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ (process trading)ပါ သိသိသာသာတိုးတက်လာခဲ့သည်။ ဆိုလိုသည်မှာ နိုင်ငံများဖွံ့ဖြိုးလာစေဖို့ (global supply chain)ထဲသို့ ဝင်ရောက်နိုင်မှသာ (global supply chain trade)လည်း သိသိသာသာ တိုးတက်လာမှုမှတစ်ဆင့် စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်းနှင့် ကုန်သွယ်မှုတန်ဖိုး သိသိသာသာ တိုးလာမှုတို့ကြောင့် စီးပွားရေးဖွံ့ဖြိုးလာနိုင်မည်ဖြစ်သည်။

Globalization **ခေတ်**(global supply chain)**ကြောင့် စီးပွားရေးအကျိုးသက်ရောက်မှုများ။ မြောက်ပိုင်းနှင့် တောင်ပိုင်း ဝင်ငွေကွာဟမှုလျော့နည်းလာခြင်း** (reduction of income gap between north & south)

global supply chainပေါ်ပေါက်လာသည့်အတွက် အသိသာဆုံးပြောင်းလဲမှုမှာ တောင်နှင့်မြောက်နိုင်ငံဖွံ့ဖြိုးမှုအဆင့်ကွာဟချက် သိသိသာသာ လျော့နည်းလာပြီး ယခင်ဆင်းရဲသည့်နိုင်ငံများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်းတွေ့ရသည်။ ဆိုလိုသည်မှာ ယခင် globalization မတိုင်မီ ခုနစ်နိုင်ငံများ၏ GDP သည် ကမ္ဘာစုစုပေါင်း GDP ၏ ၁၉၈၈ ခုနှစ်တွင် အများဆုံးဖြစ်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၆၇ ရာခိုင်နှုန်းထိရှိခဲ့ပြီး ကျန်နိုင်ငံများအနေဖြင့် ၃၃ ရာခိုင်နှုန်းသာရှိခဲ့သောကြောင့် ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းခန့်သာရှိသည်။ ခုနစ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုသည် ကျန်နိုင်ငံများနှင့် အလွန်အမင်းကွာခြားခဲ့သော်လည်း globalization ခေတ်တွင် ယခင်ဆင်းရဲသည့်နိုင်ငံများ ပိုမိုဖွံ့ဖြိုးလာသောကြောင့် ၂၀၁၀ ခုနှစ်တွင် ကမ္ဘာ့စုစုပေါင်း GDP ၏ ၅၀ ရာခိုင်နှုန်းဝန်းကျင်သာရှိသောကြောင့် ကျန်နိုင်ငံများ၏ ဝင်ငွေ သိသိသာသာ တက်လာကြောင်း တွေ့ရသည်။

**တောင်ပိုင်းနိုင်ငံများ စက်မှုထွန်းကားလာခြင်းနှင့် မြောက်ဘက်နိုင်ငံများ စက်မှုထွန်းကားမှုလျော့နည်းလာခြင်း** (industralization of south and deindustrialization of north)

Globalization ကြောင့် ၁၉၇၀ ခုနှစ်လောက်မှစ၍ တောင်ပိုင်းနိုင်ငံများတွင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ စက်မှုလုပ်ငန်းများ ပြောင်းရွှေ့ထုတ်လုပ်လာမှုကြောင့်လည်း တောင်ပိုင်းနိုင်ငံများအနက် ၁၂ နိုင်ငံခန့်တွင် စက်မှုလုပ်ငန်းများ သိသိသာသာ ထွန်းကားလာခဲ့ပြီး ကမ္ဘာ့ဒေသကြီးအလိုက်ကြည့်သော် အာရှနိုင်ငံများဒေသက အများဆုံးဖြစ်ခဲ့သည်။ ဆိုလိုသည်မှာ global supply chain ပေါ်ပေါက်လာပြီးနောက်ပိုင်း ဖွံ့ဖြိုးပြီးနိုင်ငံများမှ စက်မှုလုပ်ငန်းများ၊ တောင်ပိုင်းနိုင်ငံများသို့ ပြောင်းရွှေ့ထုတ်လုပ်မှုကြောင့် ၁၉၇၀ ခုနှစ် ခုနစ်နိုင်ငံများ၏ စက်မှုတန်ဖိုးသည် စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်ခဲ့သော်လည်း ၂၀၁၀ ခုနှစ်တွင်မှ ၄၇ ရာခိုင်နှုန်းအထိ သိသိသာသာ ကျဆင်းလာခဲ့သလို ထွန်းသစ်စနိုင်ငံများ (emerging economies)၏ စက်မှုထုတ်လုပ်မှုတန်ဖိုး သိသိသာသာ များလာခဲ့ခြင်းကြောင့် globalization ခေတ်တွင် ယခင်ဖွံ့ဖြိုးပြီးနိုင်ငံများစက်မှုထွန်းကားလာမှု လျော့နည်းလာပြီး တောင်ပိုင်းနိုင်ငံများ စက်မှုပိုမိုထွန်းကားလာခဲ့သည်။ အထူးသဖြင့် ဒေသအလိုက်ကြီးမားသည့် စက်ရုံကြီးများစုဝေးရာ နိုင်ငံများပေါ်ပေါက်ခဲ့ရာ အာရှတွင် တရုတ်နိုင်ငံသည် အာရှစက်ရုံကြီးဖြစ်လာသလို တောင်အမေရိကတွင် မက္ကစီကိုနှင့် ဥရောပတွင် ပိုလန်နိုင်ငံများသည်လည်း ဒေသအတွင်း အဓိကစက်မှုထွန်းကားသည့် နိုင်ငံများဖြစ်လာသည်။

**၂၁ရာစု** global supply chain Trade **ပေါ်ပေါက်လာခြင်း**

globalization နှင့် global supply chain ပေါ်လာမှုနှင့် တစ်ဆက်တည်း global supply chain trade ပေါ်ပေါက်လာမှုကြောင့် ကုန်သွယ်မှုတန်ဖိုး သိသိသာသာမြင့်တက်လာသလို ကုန်သွယ်ရာတွင်လည်း တစ်ကြောင်းတည်းကုန်သွယ်မှုမှ အသွားအပြန်ရှိသည့် ကုန်သွယ်မှုဖြစ်လာခဲ့သည်။ ဆိုခဲ့သည့်အတိုင်း ကုန်သွယ်မှုပြုသည့် ကုန်စည်များမှာလည်း စက်မှုနှင့် အခြေခံကုန်စည်များသာမကတော့ဘဲ ကုန်ကြမ်းများ၊ တစ်ဝက်တစ်ပျက်ပြီးကုန်စည်များ၊ အစိတ်အပိုင်းများပါ အကျုံးဝင်လာခဲ့သည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်စည်များ (investment goods)၊ နည်းပညာများ၊ သင်တန်းများနှင့် ရေရှည်စီးပွားရေးလုပ်ငန်းများပါ အကျုံးဝင်လာသည်။ ကမ္ဘာတစ်ဝှမ်းလုံး ပျံ့နှံ့နေသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆက်သွယ်နိုင်ရေး ဝန်ဆောင်မှုများဖြစ်သည့် Telecom၊ အမြန်ချောပို့၊ air-cargo၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ၊ အကောက်ခွန်ရှင်းလင်းမှုများ၊ Logistic ဝန်ဆောင်မှုများ ထွန်းကားလာခဲ့သည်။ နိုင်ငံရပ်ခြား နည်းပညာသစ်များ၊ စီမံအုပ်ချုပ်မှုနည်းလမ်းကောင်းများ အကျုံးဝင်လာသည့်အတွက်လည်း ဉာဏဆိုင်ရာ ပစ္စည်းမူပိုင်ခွင့်များပါ အကျုံးဝင်လာသည့်အတွက် ၂၁ ရာစု၏ ကုန်သွယ်မှုသည် ကျယ်ပြန့်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းကုန်သွယ်ရေး (GSC trade)ဖြစ်ပေါ်နေပြီဖြစ်သည်။

**ဖြေလျော့မှုများဖြင့် နိုင်ငံရေးဘောဂဗေဒအမြင်သစ်**

၂၁ ရာစု global supply chain မတိုင်မီ ဖွံ့ဖြိုးဆဲနိုင်ငံအစိုးရများအနေဖြင့် စက်မှုထူထောင်ရေးလမ်းစဉ် ရွေးချယ်ရာတွင် သွင်းကုန်အစားထိုးပေါ်လစီ (import substitution policy)ဖြင့်သာ လုပ်ဆောင်ခဲ့ကြသော်လည်း အောင်မြင်မှုမရကြတော့သည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် ယခင်ပေါ်လစီဟောင်းကို စွန့်လွှတ်ကာ နိုင်ငံရပ်ခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင်သစ်များဖန်တီးပေးမှုများ ပိုမိုလုပ်ဆောင်နိုင်ရေးအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖြေလျော့မှုများနှင့်အတူ ဆွဲဆောင်မှုရှိသည့် ပေါ်လစီများ ချမှတ်လုပ်ဆောင်နေကြပြီဖြစ်သည်။ globalization မတိုင်မီ ကုန်သွယ်မှုဖြေလျော့မှုဆိုင်ရာ နိုင်ငံအချင်းချင်း ညှိနှိုင်းမည်ဆိုလျှင် "မင်းဈေးကွက်ဖွင့်လျှင် ငါ့ဈေးကွက်ဖွင့်မည်" ဟူသောမူဖြင့်သာ လုပ်ဆောင်ခဲ့ကြသော်လည်း ယခုအခါတွင် ဈေးကွက်ဖွင့်ရုံမကတော့ဘဲ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးရေးအတွက် ကုန်သွယ်မှုအတားအဆီးများလျှော့ချလာသလို စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများကို အားပေးသည့် ပေါ်လစီများကို လုပ်ကိုင်နေပြီဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (၁၈)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ပါသည်။

ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ မျှော်လင့်ချက်တို့ထားနိုင်ရာသတင်းစကားလေးတစ်ခုပါ၊ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ (Ame-ssage of hope; drug use disorders are preventable and treatable)၊ မူးယစ်နွံတွင်းကျွံ၍ဆင်း သေမင်းအမြန်ခေါ်လိမ့်မည်၊ စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး မူးယစ်ဆေးကိုရှောင်ပါမနှေး၊ ဝန်းကျင်လှပသာယာဖို့ ဆေးစွဲသူကို ဝိုင်းကူစို့နှင့် မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်တို့ဖြစ်သည်။

ဝတ္ထုတိုနှင့်ဆောင်းပါး စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း နှစ်စောင်ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

ကဗျာစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့်မိတ္တူ ပေါင်းနှစ်စောင် ပေးပို့ရမည်။ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀၊(ပါဒ ၁၀၀ မှ ၂၀၀)အတွင်း ရှိရမည်။

တေးသီချင်းသည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့်သီဆိုနိုင်ပြီးပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ်ထိရောက်ရမည်။ အပြီးသတ်အချောသွင်းထားသော သီချင်းCD Masterနှင့် အတူ စာသားကို ကွန်ပျူတာ သို့မဟုတ် လက်နှိပ်စက်ဖြင့်ရေးသားပြီး မူရင်းတစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။

ဓာတ်ပုံသည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် Monochrome ဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေးသုံးပုံမှ ငါးပုံအထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပုံငယ်များ၏ Original Files များနှင့် 12"x18" အရွယ်ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင်ထည့်သွင်းပေးပို့ရမည်။

ကွန်ပျူတာပိုစတာသည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား7"x 9" အရွယ် A4Size စက္ကူနှင့်ပုံထုတ်ပြီး CD ဖြင့်ကူးယူပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသော ပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ သုံးဆင့်ယှဉ်ပြိုင် ခွင့်ပြုသည်။ မူလတန်းအဆင့် (၃/၄ တန်း)၊ အလယ်တန်းကျောင်းအဆင့် (၅/၆/၇တန်း)နှင့် အထက်တန်းအဆင့် (၈/၉/၁၀တန်း)ဖြစ်ပါသည်။ ရေးဆွဲမည့်စက္ကူယူလာရန်မလိုပါ။ ၁၅"×၂၀" အရွယ် ရေးဆွဲရမည်။ခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာ ဆေးကိုယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာ၊ ရေးဆွဲချိန် သုံးနာရီ၊ ကာတွန်းရေးဆွဲချိန်နှစ်နာရီသတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (၅/၆/၇တန်း)နှင့် အထက်တန်းအဆင့် (၈/၉/၁၀တန်း)ဖြစ်ပါသည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံမပါစေရ။ Software Programme ကို Corel draw, Photoshop, Claris office ကြိုက်ရာ တစ်မျိုးမျိုးဖြင့်ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန်သုံးနာရီ သတ်မှတ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် Jpeg Formatဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်း မပြုရ။

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုဒ်၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ၊ယှဉ်ပြိုင်ခွင့်ရှိသည်။

ဓာတ်ပုံပြိုင်ပွဲဝင်တစ်ဦးလျှင် ၁၂"×၁၈" အရွယ် Photo Essayလေးပုံအထိယှဉ်ပြိုင်နိုင်သည်။ ပုံများ၏ အကြောင်းအရာ Caption ကို စာကြောင်းရေ ငါးကြောင်းခန့်ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင် တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် နှစ်သိမ့်ဆု နှစ်ဆု ခံစားခွင့်ရှိသည်။

ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ခွင့်များမှ တစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ပြည်နယ်များမှ သင့်လျော်သည့်နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန်ဖုန်းအမှတ်မှာ ၀၁၅၀၅၂၆၁ ဖြစ်ပါသည်။

ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ တေးသီချင်း ၄-၅-၂၀၁၅ ရက်နေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ၁၃-၅-၂၀၁၅ ရက်နေ့ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ ၂-၆-၂၀၁၅ ရက်နေ့ ပန်းချီ၊ ကာတွန်း၊ ပိုစ-တာ၊ ကွန်ပျူတာပန်းချီ ၈-၆-၂၀၁၅ ရက်နေ့ ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုသုံးဆုရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ အလွတ်တန်းပြိုင်ပွဲများမှ ပထမဆုရရှိသူ ခြောက်ဦးကို နေပြည်တော်တွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည်မဟုတ်သိရှိရသည်။

(ကြေးမုံ)

# တာချီလိတ်၊ ဗန်းမော်၊ ရွှေကူ၊ မိုးကောင်း၊ တနိုင်း၊ ဘိုကလေးနှင့် ရှင်ဗွေယန် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ ဒစ်ဂျစ်တယ်စနစ် (DVD-T2)ဖြင့် စတင်၍စမ်းသပ်ထုတ်လွှင့်လျက်ရှိကြောင်း အသိပေးတင်ပြခြင်း

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Analogue စနစ်နှင့် Digital စနစ်သို့ အသွင်ကူးပြောင်း ထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် စစ်ကိုင်း၊ ပျဉ်းမနား(နေပြည်တော်)၊ တပ်ကုန်း(နေပြည်တော်)နှင့် ရန်ကုန်တို့တွင် DVB-T2 စနစ်ဖြင့် (၁၅-၁၀-၂၀၁၃) ရက်နေ့တွင် စတင်ထုတ်လွှင့်ခဲ့သည်။ ဒုတိယအဆင့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၂၂ ရုံဖြစ်သည့် မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊ တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောင်းကုန်း၊ မင်းဘူး၊ ပုပ္ပား၊ စစ်တွေ၊ ပြည်၊ ပဲခူး၊ လွိုင်ကော်၊ လားရှိုး၊ ညောင်လေးပင်၊ မုံရွာ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မြိတ်၊ ကနေဒီ၊ ဖလမ်းနှင့် ဟသ်ာတရုပ်သံစက်ရုံတို့တွင် DVB-T2 စနစ်ဖြင့် ထုတ်လွှင့်မှုများဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တတိယအဆင့် ဆောင်ရွက်သွားမည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၆၉ရုံအနက် တာချီလိတ်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၂၆-၁-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၂-၂-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 300 W၊ လိုင်းနံပါတ် (E-27) ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိ သည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့ဘက် ဝှေ့လေဟန်၊ ပါခုတ်နိုး၊ ဝမ်တုံစံပြကျေးရွာအထိ လည်းကောင်း၊ အရှေ့မြောက်ဘက်တွင် ဖန်မင်၊ ပန်အန်၊ တောင်သုံးလုံး ကျေးရွာအထိ လည်းကောင်း၊ မြောက်ဘက်တွင် ယမ်းခမ်း၊ ရန်နိုင်၊ ပန်ဟတ်ကျေးရွာအထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ဗန်းမော်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို ၁၄-၂-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၆-၂-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့၍ ၎င်းရက်နေ့မှ စတင်ပြီး ၎င်းရက်နေ့မှစတင်၍ လွှင့်အား 300W၊ လိုင်းနံပါတ်ချန်နယ် (E-22) ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ် လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက် တွင် မိုးမောက်မြို့၊ ကျောက်စခန်း၊ ၇ မိုင်ကျေးရွာအထိ လည်းကောင်း၊ အရှေ့ တောင်ဘက်တွင် စီမံမြို့၊ ဗန်းမော်-မန္တလေး-နန်းခမ်း လမ်းဆုံ၊ မံရွတ် ကျေးရွာ များအထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ရွှေကူစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို ၁၇-၂-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀-၂-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့၍ ၎င်းရက်နေ့မှ စတင်ပြီး လွှင့်အား 100W၊ လိုင်းနံပါတ် ချန်နယ် (E-21) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင်မှုကို စက်ရုံ၏ အနောက်တောင်ဘက်တွင် နောင်လတ်ကြီး၊ စီမူလေးကျေးရွာအထိ လည်းကောင်း၊ တောင်ဘက်တွင် တုံးကောက်၊ စီသာကျေးရွာအထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

မိုးကောင်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၁၈-၂-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၂-၂-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 300W၊ လိုင်းနံပါတ် (E-22) ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့ဘက်တွင် ပင်းခါးကျေးရွာအထိ လည်းကောင်း၊ အနောက်ဘက်တွင် (၈)မိုင်လမ်းဆုံအထိ လည်းကောင်း၊ တောင်ဘက်တွင် ပင်းဘောကျေးရွာအထိ လည်းကောင်း၊ မြောက်ဘက်တွင် နမ့်မတီးကျေးရွာ၊ နမ့်မတီးကျောက်တောင်အထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

တနိုင်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၂၅-၂-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၁-၃-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 100 W၊ လိုင်းနံပါတ် (E-21) ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့ဘက်တွင် အောင်လွတ်ကျေးရွာအထိ လည်းကောင်း၊ အနောက်ဘက်-တွင် မိုင်းခွန်းကျေးရွာအထိ လည်းကောင်း၊ တောင်ဘက်တွင် ကောင်ရာကျေးရွာအထိ လည်းကောင်း၊ မြောက်ဘက်တွင် မကောကျေးရွာအထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ဆက်လက်ဖော်ပြပါမည်။




**ကန့်ကွက်ရန်ကြေညာချက်**

ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အကွက်ကြီးအမှတ်-၅၄၊ မြေကွက်အမှတ်-၂၇၇(ခ)၊ ပေ(၂၀×၆၀)၊ အကျယ်အဝန်းမြေ၏ မူလပိုင်ရှင် ဦးမြင့်ဝင်း [၁၂/တမန(နိုင်)၀၅၀၂၉၆]အမည်ပေါက် မြေချပါမစ် ပျောက်ဆုံးခဲ့ပါသည်။ ယခုအခါ သက်ဆိုင်ရာသို့ အမည်ပေါက် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါ၍ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးမြင့်ဝင်း
[၁၂/တမန(နိုင်)၀၅၀၂၉၆]
ဖုန်းနံပါတ်-၀၉-၂၆၀၆၂၉၄၈၄၊
၀၉-၂၅၀၀၇၁၅၃၂

**ဦးလှညွန့်(ဘ)ဦးဖိုးစီ[၁၂/သကတ(နိုင်)၁၀၀၆၃၁]နှင့် သက်ဆိုင်သူများ သိရှိစေရန် ကြော်ငြာခြင်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ ဇမ္ဗူသီရိ(၉)လမ်း၊ အမှတ်(၂၆၁) နေ ဦးကျော်ဆန်းဝင်းနှင့် ဒေါ်အေးချမ်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ(၉)လမ်း၊ အမှတ်(၂၆၁)ရှိ အလျား ပေ၄၀×အနံပေ၆၀ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်တို့ကို ဦးလှညွန့်က ကျွန်ုပ်၏မိတ်ဆွေများသို့ ၂၇-၆-၂၀၀၇ရက်တွင် ရောင်းချခဲ့ပါသည်။

၂။ အထက်အပိုဒ်(၁)တွင် ဖော်ပြထားသည့် မြေအိမ်နှင့်ပတ်သက်၍ အရောင်းအဝယ် ပြု-စဉ်ကပင် ပိုင်ဆိုင်ခွင့်အထောက်အထားများနှင့်တကွ မြေနှင့်အိမ်ကို လက်ရောက်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် လိုအပ်လျက်ရှိပါသည်။ သို့သော်ဦးလှညွန့်နှင့်အဆက်အသွယ်မရရှိခဲ့ပါ။

၃။ ရောင်းချခဲ့သော မြေအိမ်နှင့်ပတ်သက်၍ ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အ-တွင်း တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန် အကြောင်းကြားပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့် အညီဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးကျော်ဆန်းဝင်း၊ ဒေါ်အေးချမ်း

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်တင်ချိုလတ်(အောင်လံ)**LL.B.,**
အထက်တန်းရှေ့နေ(စဉ်-၃၅၂၃၂)
အမှတ်(၃၇)၊ ပထမထပ်၊ လမ်း(၃၀)အောက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၁၁၃၂၀

# ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး သင်တန်း ကယားပြည်နယ် လွိုင်ကော်မြို့၌ ဖွင့်လှစ်

**လွိုင်ကော် မတ် ၁၁**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၉ ရက် မွန်းလွဲ ၂ နာရီက လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြသင်းက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းမှပို့ချပေးမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့် ပတ်သက်သည့် ဘာသာရပ်များကို သိရှိနားလည်သဘောပေါက်အောင် ကြိုးစားသင်ယူသွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

သင်တန်းပြီးဆုံးပါက မိမိလက်အောက်တပ်ဖွဲ့ဝင်များကို ထပ်ဆင့် ဆင့်ပွားသင်တန်း ပြန်လည်ပို့ချပေးရမည်ဖြစ်သည့်အတွက် မိမိကိုယ်တိုင် သိရှိနားလည်သဘောပေါက်ရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲပြီးစီးသည့်ကာလစသည့်ကာလသုံးခုတွင် မိမိတို့တာဝန်ထမ်းဆောင်ရာ မဲဆန္ဒနယ်အသီးသီး၌ လုံခြုံရေးကျိုးပေါက်မှုမရှိစေရန် သင်ခန်းစာများကို လက်တွေ့အသုံးချရန် အရေးကြီးကြောင်း ၎င်းကပြောသည်။

အဆိုပါသင်တန်းသို့ လွိုင်ကော်ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ၊ အရာရှိများ စုစုပေါင်း ၅၀ ဦးတက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကြီးတွင် ဆေးရုံသုံးပစ္စည်းများနှင့် ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားရန် လိုအပ်နေ

**စဉ့်ကူး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ထုံးကြီးကျေးရွာ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံကြီးကို ကျန်းမာရေးဝန်ကြီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ်သိန်း ၆၀၀၀ အကုန်အကျခံကာ ၂၀၁၃ ခုနှစ်တွင် စတင်ဆောက်လုပ်စေခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ထည်ဝါခံ့ငြားစွာ ဖွင့်လှစ်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ထုံးကြီးကျေးရွာတိုက်နယ်ဆေးရုံသည် ၁၉၇၆ ခုနှစ်က ဖွင့်လှစ်ခဲ့သော ကျေးလက်ကျန်းမာရေးဌာနမှကူးပြောင်း၍ တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်းကြောင့် ဆေးရုံသုံးပစ္စည်းများမှာ နှစ်ပေါင်း ၄၀ ကျော်ကြာပြီဖြစ်သည်။

ထိုသို့နှစ်ပေါင်းများစွာကြာမြင့် နေ၍ ဟောင်းနွမ်းလျက်ရှိရာ အဆောက်အအုံသစ်နှင့် လိုက်ဖက်မှုမရှိခြင်း၊ တိုက်နယ်ဆရာဝန်တစ်ဦး၊ အထက်တန်းသူနာပြုတစ်ဦးနှင့် အခြေခံဝန်ထမ်း လေးဦးသာရှိရာ တိုက်နယ်ဆေးရုံနှင့် လိုက်ဖက်စွာ ကျန်းမာရေးဝန်ထမ်းများတိုးချဲ့ ခန့်ထားရန် လိုအပ်နေကြောင်း သိရသည်။

ထုံးကြီးတိုက်နယ်ဆေးရုံသည် စဉ့်ကူးမြို့နယ်၏ အလယ်ဗဟိုတွင်တည်ရှိနေပြီး တိုက်နယ်အတွင်းနေထိုင်သည့်လူဦးရေမှာ ၂၀၀၀၀ ကျော်ခန့်ရှိသော်လည်း အမှန်တကယ်မှီခိုလူဦးရေမှာ ၄၀၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ နှစ်စဉ် အတွင်းလူနာ ၁၅၀၀ နှင့် ၂၀၀၀ အတွင်း လက်ခံကုသပေးနေရပြီး လူနာနှင့် ဝန်ထမ်းဦးရေမမျှတသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လစ်ဟာမှုများရှိနေကြောင်း ဒေသခံပြည်သူတစ်ဦးထံမှ သိရသည်။

သို့ဖြစ်ရာ ထုံးကြီးကျေးရွာ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံကြီးတွင် ပြည်သူများအား ထိရောက်သောကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် ဝန်ထမ်းအင်အားများ တိုးချဲ့ခန့်ထားပေးရန်နှင့် ဆေးရုံသုံးပစ္စည်းများကိုလည်း တိုက်နယ်ဆေးရုံသစ်နှင့်လိုက်ဖက်ညီစွာ ချထားပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

# နန့်ပုတ် – ဆယ်ကုန်း တံတားကိုယ့်အား ကိုယ်ကိုး တည်ဆောက်ပြီးစီး

**ဖားကန့် မတ် ၁၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းကျေးရွာ ဆယ်ကုန်းရပ်ကွက်နှင့် နန့်ပုတ်ကျေးရွာတို့ ဆက်သွယ်ထားသည့် နန့်ပုတ်-ဆယ်ကုန်း တံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက် ပြီးစီးခဲ့သဖြင့် ဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့လျက်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာနှင့် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းကျေးရွာ ဆယ်ကုန်းရပ်ကွက်တို့ ဆယ်သွယ်ထားသည့် အဆိုပါတံတားကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီမှစတင်၍ နေ့ရောညပါ တည်ဆောက်ခဲ့ရာ ဖေဖော်ဝါရီလကုန်တွင် ပြီးစီးသွားခဲ့သည်။

အဆိုပါတံတားဆောက်လုပ်နိုင်ရန်အတွက်အလှူရှင်များဖြစ်သည့် ဦးမြေပုံ၊ ဦးချစ်ကိုတို့မှ ကနဦးမတည်လှူဒါန်းကာ ဆယ်ဇင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ဒေသခံများ၏ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၂၅၀ ဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတား၏ အရှည်မှာ ပေ ၁၈၀၊ အကျယ် ၁၂ ပေရှိ သစ်သားတံတားအမျိုးအစားဖြစ်ပြီး နန့်ပုတ်ချောင်းအားဖြတ်လျက် တည်ဆောက်ထားခြင်းဖြစ်ကာ တံတားတည်ဆောက်ပြီးစီးခဲ့၍ မိုးညှင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်များသို့ နွေမိုးဆောင်း ရာသီမရွေး မော်တော်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ၊ မော်တော်ဆိုင်ကယ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

ယခင်က တံတားမရှိသဖြင့် မိုးရာသီတွင် ဒေသခံများသည် လှေကူးတို့များဖြင့် သွားလာခဲ့ရပြီး ယခုအခါ တံတားတည်ဆောက်ပြီးစီးခဲ့သဖြင့် သွားလာရေး လွယ်ကူချောမွေ့ပြီး အဆင်ပြေစွာသွားလာနိုင်ကြောင်း သိရသည်။ **(၀၅၈)**

# မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဂျုံမျိုးယှဉ်ပြိုင် စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲ ကျင်းပ

**ချောင်းဦး မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် မှန်ချိုကျေးရွာတွင် ဂျုံမျိုးကောင်းမျိုးသန့်ရရှိနိုင်ရေး၊ အထွက်နှုန်းကောင်းပြီး ဒေသနှင့်ကိုက်ညီသော မျိုးများရရှိစေနိုင်ရေးအတွက် ဂျုံမျိုးသစ်များ စမ်းသပ်စိုက်ပျိုးသည့် ကွင်းသရုပ်ပြပွဲကို မှန်ချိုကျေးရွာ တောင်သူဦးပေါက်စ၏ စိုက်ခင်းတွင် မတ် ၉ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲကို မှန်ချိုကျေးရွာ တောင်သူဦးပေါက်စ၏ စိုက်ခင်းတွင် စမ်းသပ်စိုက်ပျိုးခဲ့ရာ တောင်သူများအနေဖြင့် စိုက်ပျိုးပြသထားသည့် ၅၃/၁၄၊ ၅၄/၁၄၊ ၅၅/၁၄၊ ၅၆/၁၄၊ ၅၇/၁၄၊ ရေဆင်း ၈၊ ရေဆင်း ၉၊ ရေဆင်း ၁၀ စသည့် ဂျုံမျိုးများ၏ အောင်မြင်ဖြစ်ထွန်းမှုကို လေ့လာခဲ့ကြပြီး မိမိတို့နှစ်သက်သည့် ဂျုံမျိုးများကို ဆန္ဒပြု၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်သန်းလှက ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းလှနှင့် ဝန်ထမ်းများ၊ မှန်ချိုကျေးရွာမှ ဒေသခံတောင်သူများ စုစုပေါင်း ၅၀ ဦး တက်ရောက်ကြသည်။

မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ် ဂျုံစိုက်ဧက ၁၈၉၈၀ ဧက စိုက်ပျိုးခဲ့ရာ ဂျုံမျိုးများအနေဖြင့် ရေဆင်းသုံးမျိုး ၁၃၆၈၀ ဧက၊ မုံရွာဂျုံဖြူ ၅၃၀၀ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ယုယုဝင်း**

# ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူတို့၏ထောက်ပံ့ငွေဖြင့် ပညာ့ဗိမာန်ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**ဘီးလင်း မတ် ၁၁**

ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူတို့၏ထောက်ပံ့ငွေဖြင့် JOHN ကုမ္ပဏီမှ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဘီးလင်းမြို့နယ် တောင်စွန်ကျေးရွာ သောကမြောင်ကျောင်းတွင် ဆောက်လုပ်ပြီးစီးသွားသော ပညာ့ဗိမာန်နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၉ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပခဲ့သည်။

ယင်းနောက် ဂျပန်စစ်သံမှူး Mr .Taro Watanable က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတန်းများကို ဂျပန်စစ်သံမှူးမှ ကျေးရွာကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ RC နှစ်ထပ်ဆောက်အအုံသည် အလျား ၁၀၂ ပေ၊ အနံ ပေ ၃၀၊ စာသင်ခုံ ၁၀၇ စုံ၊ ဘလက်ဘုတ် ၆ စုံ၊ စတိတ်ခုံ ၁၂ ခုံ၊ ဗီရို ၆ စုံ၊ စာရေးစာပွဲ ၆ စုံ၊ ကုလားထိုင် ၆ စုံပါရှိပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၀၁၂၅ ကုန်ကျခဲ့ကြောင်း သိရသည်။ **ထူးနောင်(ပြန်/ဆက်)**

# မုံရွာမြို့ မဟာဗောဓိ တစ်ထောင် သာသနာ့နယ်မြေရှိ လေးကျွန်းစကြာ ထိုင်တော်မူဘုရားကြီး အောက်ဌာပနာတော်သွင်းမင်္ဂလာ ကျင်းပမည်

**မုံရွာ မတ် ၁၁**


စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်တောင်ရွာ မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေတွင် ကျေးဇူးတော်ရှင် မဟာဗောဓိတထောင် ဆရာတော်ကြီး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ တည်ထားပူဇော်တော်မူခဲ့သည့် လေးကျွန်းစကြာ ရပ်တော်မူမြတ်စွာဘုရားကြီးနှင့် လျောင်းတော်မူမြတ်စွာဘုရားကြီးတည်ရှိရာ ဗန္ဓဝကုန်းတော်ပေါ်၌ မဟာဗောဓိတစ်ထောင် ဆရာတော်ကြီး၏ဆန္ဒအရ အမြင့် ၂၃၄ ပေရှိ ကမ္ဘာ့အကြီးဆုံး လေးကျွန်းစကြာ ထိုင်တော်မူမြတ်စွာဘုရားကြီးအား ထပ်မံတည်ထားကိုးကွယ် တည်ဆောက်လျက်ရှိသည်။

ယင်းသို့ တည်ဆောက်လျက်ရှိရာ၌ (၁၃၇၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်) မတ် ၂၂ ရက် နံနက် ၉ နာရီတွင် လေးကျွန်းစကြာ ထိုင်တော်မူမြတ်စွာဘုရားကြီး ပလ္လင်တော်အတွင်းတွင် အောက်ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားကို သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဒုတိယအကြိမ်မြောက် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကိုပါ တပါတည်းကျင်းပသွားမည်ဖြစ်သည်။

သို့ဖြစ်၍ လေးကျွန်းစကြာ ထိုင်တော်မူမြတ်စွာဘုရားကြီး အောက်ဌာပနာတော်သွင်းမင်္ဂလာနှင့် ဒုတိယအကြိမ်မြောက် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားသို့ အနယ်နယ်အရပ်ရပ်ရှိ စေတနာရှင်ပြည်သူများ၊ ဆရာတော်ကြီး၏ တပည့်သာဝက၊ ဒါယကာ၊ ဒါယိကာမများနှင့် ကုသိုလ်ရှင်များအနေဖြင့် ပါဝင်လှူဒါန်း ကုသိုလ်ယူနိုင်ရန်ဖိတ်ကြားထားကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကော့ကရိတ်မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြ

**ကော့ကရိတ် မတ် ၁၁**



ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်စည်ပင်သာယာရေးနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ကော့ကရိတ်မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်နှင့် မီးဘေးအန္တရာယ်ကျရောက်လာပါက လျင်မြန်စွာငြိမ်းသတ်နိုင်ရန်၊ ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရန်ရည်ရွယ်၍မီးငြိမ်းသတ်ရေးသရုပ်ပြပွဲ နှင့် ပညာပေးဟောပြော ပွဲကို မတ် ၉ရက် နံနက်၉နာရီက မြို့မဈေးကြီးရှေ့၌ ကျင်းပခဲ့သည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး၊ မီး၏အခြေခံသဘောသဘာဝနှင့် အခြေခံမီးငြိမ်းသတ်နည်းများ၊ မီးလောင်ကျွမ်းရသည့်အကြောင်းအရင်းများ၊ မီးလောင်ကျွမ်းတတ်သည့်ပစ္စည်းများနှင့် နေရာများ၊ မီးအတန်းအစားခွဲခြားနည်းများ၊ မီးအတန်းအစားအလိုက်မီးငြိမ်းသတ်နည်းများ၊ မီးလောင်မှုကြောင့် လူ့အသက်အန္တရာယ်ဖြစ်ခဲ့သော သာဓကများ၊ လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် မီးဘေးအန္တရာယ်ကင်းရှင်းအောင် သတိပြုဆောင်ရွက်သင့်သည့်အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများ၊ မီးငြိမ်းသတ်ရာတွင် အလေးထားဆောင်ရွက်ရမည့်အချက်များကို မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ပညာပေးရှင်းလင်းပြောကြားပြီး မီးငြိမ်းသတ်ရေး သရုပ်ပြခဲ့ကြသည်။

အဆိုပါသရုပ်ပြပွဲကို ကော့ကရိတ်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ မီးသတ်ဦးစီးဌာနသို့ ထောက်ပံ့ငွေကျပ်တစ်သိန်းအား မီးသတ်ဦးစီးမှူးမှလက်ခံရယူခဲ့ပြီး သရုပ်ပြပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လူမှုရေးအသင်းအဖွဲ့များ၊ ဈေးရှိဆိုင်ခန်းများမှ ဆိုင်ရှင်များ၊ မြို့ပေါ်ရှိပြည်သူများမှ စိတ်ဝင်တစားလာရောက်လေ့လာခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**

# ကန့်ဘလူမြို့နယ် ကိုးထောင်ဘို့ဒေသ ကျောက်ပျဉ် ထုတ်လုပ်သူများ ယခင်ကထက် စျေးကွက်ကျယ်ပြန့်



**ကန့်ဘလူ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုးထောင်ဘို့ကျေးရွာတွင် တစ်နှစ်ပတ်လုံး ကျောက်ပျဉ်လုပ်ငန်းနှင့် ငရုတ်ဆုံလုပ်ငန်းများ အဓိကအားထား လုပ်ကိုင်လျက်ရှိပြီး ကျောက်ပျဉ်နှင့်အတူ ကျောက်ပျဉ်ထုတ်လုပ်သော ကျောက်အကြမ်းထည်ပါ ဝယ်ယူမှုရှိလာသဖြင့် စျေးကွက်ကျယ်ပြန့်လာကြောင်း ယင်းလုပ်ငန်း လုပ်ကိုင်သူများကပြောသည်။

ယခင်က မြန်မာနိုင်ငံတွင် ကျောက်ပျဉ်ထုတ်လုပ်ရန် နာမည်ကြီးသော စစ်ကိုင်းမြို့နယ် ကျောက်တာကျေးရွာသည် ကျောက်ပျဉ်ထုတ်လုပ်ရန် ကျောက်ကြမ်း လုံလောက်စွာမရရှိခြင်းကြောင့် မန္တလေး-မြစ်ကြီးနား သွားရာမီးရထားသံလမ်းဘေးရှိ ကိုးထောင်ဘို့ကျေးရွာမှ ထွက်ရှိသော ကျောက်များကို ကုန်ကြမ်းအဖြစ်ဝယ်ယူကာ ထုတ်လုပ်နေကြသောကြောင့် ကိုးထောင်ဘို့ဒေသထွက် ကုန်ကြမ်းကျောက်များသည် စျေးကွက်တွင် နေရာဝင်ယူကာ ကျယ်ပြန့်စွာ ရောင်းချနေရခြင်းဖြစ်သည်။

"ကျွန်မတို့ ကျောက်တာကျေးရွာက မြောက်ပိုင်းနဲ့ အရှေ့ပိုင်းရပ်တွေမှာ အိမ်တိုင်းအိမ်တိုင်းလို အိမ်တွင်းမှုလုပ်ငန်းအဖြစ် ကျောက်ပြင်လုပ်ငန်းကို ထုတ်လုပ်နေကြတာပါ။ ကျောက်ကြမ်းတွေကို မင်းဝံတောင်တန်းကထွက်တဲ့ ကျောက်နဲ့ပဲ ထုတ်လုပ်ခဲ့ကြပါတယ်။ မင်းဝံတောင်က ကျောက်တွေကို နှစ်ပေါင်းအတော်ကြာ ထုတ်လုပ်ခဲ့တာဆိုတော့ ကျောက်ရှားပါးလာတာနဲ့ အလုပ်မဖြစ်ကြတဲ့ ကျွန်မတို့ရွာက မိသားစုအချို့ ကျောက်ပျဉ်ထုတ်ဖို့ ကိုးထောင်ဘို့ကျေးရွာမှာ သွားရောက်လုပ်ကိုင်ကြရင်း ကျောက်ပျဉ်လုပ်ငန်းကို အခြေချလုပ်ကိုင်ခဲ့ကြတာပါ။ ကျွန်မတို့ ကျောက်ပျဉ်လုပ်တဲ့အရပ်ဆိုရင် ကျောက်တာကျေးရွာကလူတွေ အများဆုံးဖြစ်ပြီး ကိုးတောင်ဘို့ဒေသခံ လုပ်ကိုင်သူတွေနည်းပါတယ်" ဟု ကျောက်ပျဉ်ထုတ်လုပ်သူ တစ်ဦးက ပြောပြသည်။

ကိုးထောင်ဘို့ဒေသမှထွက်သော ကျောက်များသည် ကိုးထောင်ဘို့ကျေးရွာနှင့် နှစ်မိုင်ခန့်ဝေးသည့် သဖန်းလျှိုတောင်ကြော (ဒေသအခေါ်) ဓားသွေးကျောက်ချောင်းတောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းတို့တွင် မိသားစုတစ်ပိုင်တစ်နိုင်မှ ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ကိုးထောင်ဘို့ဒေသထွက်ကျောက်များသည် မင်းဝံတောင်တန်းကထွက်သည့် ကျောက်များနည်းတူ ကျောက်ပြင်အထွက်နူးန်းကောင်းပြီး ကျောက်သားအရည်အသွေးမြင့်ကြောင်းသိရသည်။ ကိုးထောင်ဘို့ကျေးရွာမှထွက်သော ကျောက်ပြင်နှင့် ငရုတ်ဆုံများအား ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်များသို့ ကျယ်ပြန့်စွာ ရောင်းချလျက်ရှိကြောင်း သိရသည်။ **စိုင်းလှူမင်း**

---

# ဂျပန်ရုပ်ရှင်ပွဲတော်ကို ဂျပန်-မြန်မာ ချစ်ကြည်ရေးအနေဖြင့် ကလေးများအတွက်ရည်ရွယ်၍ မတ် ၁၉ ရက်တွင် စတင်ပြသမည်

**ရန်ကုန် မတ် ၁၁**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးက အင်္ဂလိပ်စာတမ်းထိုး ဂျပန်ရုပ်ရှင်ပွဲတော်တွင် ဂျပန်ရုပ်ရှင်မင်းသမီး Rena Tanaka သရုပ်ဆောင်ထားသော အချစ်ဇာတ်လမ်းနှင့် ဆယ်ကျော်သက် ရုပ်ရှင်ဇာတ်ကားနှစ်ကားကို ဂျပန်-မြန်မာချစ်ကြည်ရေးအနေဖြင့် ကလေးများအတွက်ရည်ရွယ်၍ ပြသမည်ဖြစ်ကြောင်း ဂျပန်သံရုံးက သိရသည်။

ကြိုတင်စာရင်းပေးစရာမလိုဘဲ နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာပြီး ဝင်ကြေးအခမဲ့ဖြင့် ကြည့်ရှုနိုင်သည်။ဗဟန်းမြို့နယ်ရှိ Assembly Hall မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၌ မတ်၁၉ ရက် ညနေ ၅ နာရီခွဲတွင် အထက်တန်းကျောင်း သူလေးဆတိုးက၏ မိခင်ရောဂါသည်နှင့်အတူဖခင်နှင့် အဆက်အသွယ်ပြတ်ပြီး ဘဝကိုခက်ခဲစွာဖြတ်သန်းရသည့် ၁၁၅ မိနစ်ကြာ ဇာတ်လမ်း)ကို ပုံဖော်ထားသည့် First Love ဇာတ်ကားကိုပထမပြသမည်ဖြစ်ပြီး မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီတွင်မိနစ် ၁၂၀ ကြာမည့် Give it All ဇာတ်ကားကို ဆက်လက်ပြသသွားမည်ဖြစ်သည်။

"ဇာတ်ကားတွေကတော့ ကလေးတွေနဲ့ပတ်သက်ပြီး မိဘတွေနဲ့ နားလည်မှုရယ်၊ ပြီးတော့ ရိုမက်တစ်ဆန်ဆန်ပေါ့" ဟု ဂျပန်သံရုံးမှ ပြန်ကြားရေးတာဝန်ခံ မဝတ်ရည်က ပြောသည်။ **သန့်ဇင်ဝင်း**

---

## ဆယ်ဇင်းကျေးရွာ သာသနာ့ပါလဘုန်းတော်ကြီးကျောင်းတွင် နွေရာသီ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်လှစ်

**ဖားကန့် မတ် ၁၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းကျေးရွာ သာသနာ့ပါလဘုန်းတော်ကြီးကျောင်းတိုက်တွင် မတ် ၈ ရက် မွန်းတည့် ၁၂ နာရီက နွေရာသီ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းကို ဆယ်ဇင်းကျေးရွာ သာသနာ့ပါလဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တသုနန္ဒအား အကြီးအမှူးထား၍ ဆယ်ဇင်းဒေသ မဘသအဖွဲ့ ရန်ပုံငွေဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းနည်းပြအဖြစ် ဆရာတော်ဘဒ္ဒန္တသောဘနမှ ဦးစီးဆောင်ရွက် ပို့ချမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဆယ်ဇင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးချိုလွင်၊ စခန်းမှူး ရဲအုပ်ရန်အေး၊ ဆယ်ဇင်းဒေသ မဘသအဖွဲ့မှ ဆရာတော် သံဃာတော်များ၊ လူမှုအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြရာ သင်တန်းနည်းပြဆရာတော် ဘဒ္ဒန္တသောဘနမှ သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းမိန့်ကြားခဲ့သည်။

သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး ယခုဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းပြီးဆုံးသွားပါက အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဓမ္မသင်တန်းကို သင်တန်းဆရာမ ၁၄ ဦးတို့၏ အကူအညီဖြင့် ဆက်လက်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူများကို သင်တန်းစတင်သည့်ရက်မှ သင်တန်းပြီးဆုံးသည်အထိ အလှူရှင်များစုပေါင်း၍ တစ်ရက်လျှင် နှစ်သိန်းကျပ်တန်ဖိုးရှိ အာဟာရဒါနများကို ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၅၈)**

---

## ဒုတိယအကြိမ် ပြည်သူလူထုဗဟိုပြု ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေးများ ထိုးနှံပြီး

**ရန်ကုန် မတ် ၁၁**

ဒုတိယအကြိမ် ပြည်သူလူထုအခြေပြု ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်ထိ အသက် ကိုးလမှ ၁၅ နှစ်အတွင်း ကလေးငယ်များ ဝက်သက်နှင့်ဂျိုက်သိုးကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း လုပ်ငန်းအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် မြို့သစ်(၇) ရပ်ကွက်များ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနော်သန္တာဆွေနှင့် ဆရာဝန်များ၊ မြို့နယ် ကျန်းမာရေးဆရာမများ၊ ရပ်ကွက်ကျန်းမာရေး ဆရာမများသည် ဖေဖော်ဝါရီ ၂၀ရက်မှ ၂၈ ရက်ထိ နေ့စဉ်နံနက် ၈ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ရပ်ကွက်များတွင် လိုက်လံထိုးနှံပေးကြောင်းသိရသည်။

ဖော့ကန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအပါအဝင် အုပ်စု ရှစ်အုပ်စု၊ ရှစ်နေရာခွဲကာ အသက် ကိုးလမှ ၁၅ နှစ်အတွင်း ကလေးငယ် ၂၀၀၀ တို့အား ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးကြရန် ဆေးထိုးအုပ်စု တစ်ခုဖြစ်သော ရဲဘော် (၃) လမ်း၊ ဓမ္မာရုံတွင် ဝက်သက်၊ဂျိုက်သိုးကာကွယ်ဆေး ကိုကျန်းမာရေးဌာန ဆရာမများက ထိုးနှံပေးခဲ့သည်။

ထိုနည်းတူစွာ မြို့သစ်(၇)ရပ်ကွက်အတွင်းတွင်လည်း အသက် ကိုးလမှ ၁၅နှစ်အတွင်းရှိ ကလေးငယ် ၄၃၂ ဦးတို့ကို ရပ်ကွက်အုပ်ချုပ်ရေးရုံးတွင် ဒုတိယအကြိမ် ပြည်သူလူထုအခြေပြု ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေးများ၊ ထိုးနှံပေးခဲ့ကြောင်းသိရသည်။

ပြည်သူလူထုအခြေပြု ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(မြင့်)**

---

## မလှိုင်၌ ကြက်ငှက်တုပ်ကွေးရောဂါ အသိပညာပေး

**မလှိုင် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ကြက်မွေးမြူထုတ်လုပ်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများတွေ့ဆုံ၍ ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်သည့် အကြောင်းအရာများ အသိပညာပေးဆွေးနွေးပွဲကို မတ် ၅ ရက် ညနေ ၄ နာရီက မလှိုင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်က မိမိတို့မြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဝင်ရောက်လာမှုမရှိစေရေးအတွက် ကြက်မွေးမြူထုတ်လုပ်သူများအား အသိပညာပေးဆွေးနွေးရန်နှင့် ဝိုင်းဝန်းကာကွယ်နိုင်ရေး အစီအမံများ ကြိုတင်ချမှတ်ဆောင်ရွက်နိုင်ရန် ခေါ်ယူဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုက ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်သည့် အကြောင်းအရာများ ပညာပေးဟောပြောပြီး ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇီဝလုံခြုံရေးအစီအမံများအား ရှင်းလင်းပြောကြားကာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ယင်းနောက် မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးခင်မောင်မြင့်က မြို့မစျေးကြီးအတွင်း ကြက်သားရောင်းချသူများထံမှ ကောက်ယူထားသော စာရင်းများအရ ကြက်အရှင်ဒိုင်များသို့ ကြက်အရှင်များဝင်ရောက်ရာ ဝင်ပေါက်သည်လည်း ရောဂါဝင်ရောက်ရာလမ်းကြောင်းများဖြစ်သဖြင့် အထူးဂရုပြုရန် ဆွေးနွေးသွားခဲ့သည်။

ဆက်လက်၍ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများ၏ သိရှိလိုသည်များ မေးမြန်းခြင်း၊ ဝိုင်းဝန်းအကြံပေးခြင်းများ၊ ရှေ့ဆက်လုပ်ဆောင်သင့်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး အဆိုပါပညာပေးဆွေးနွေးပွဲသို့ ကြက်မွေးမြူထုတ်လုပ်သူ လုပ်ငန်းရှင် ၁၈ ဦး၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

---

## မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်းဆောင်ရွက်

**နတ်တလင်း မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ရွာမရပ်ကွက် အေးငြိမ်းသာကွက်သစ် အခြေခံပညာမူလတန်းကျောင်းတွင် မတ် ၉ရက် နံနက် ၈ နာရီက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ခေါင်းဆောင်၍ ရုံးဝန်ထမ်းများသည် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအုန်းကြိုင်၊ အထောက်အကူပြုကော်မတီနှင့် ဆရာ၊ ဆရာမများက ဝိုင်းဝန်းကူညီပံ့ပိုးပေးမှုဖြင့် အိမ်ထောင်စုဇယား ၉၆၅ ဦး၊ နိုင်ငံသားစိစစ်ရေးကပ်ပြား ၄၅၉ ဦးတို့အား ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ နတ်တလင်းမြို့နယ်တွင် မိုးပွင့်(အထူး) စီမံချက်ကာလအတွင်း အိမ်ထောင်စုပေါင်း ၄၁၁၈၂ ဦးနှင့် နိုင်သားစိစစ်ရေးကတ်ပြား ၁၃၁၂၀ ဦး ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း အမျိုးသားအမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ **တင်မြင့်(နတ်တလင်း)**

---

## ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေး ပူးပေါင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် မတ် ၁၁**

ဥတ္တရခရိုင်ရဲတပ်ဖွဲ့၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ပူးပေါင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို မတ် ၉ ရက် မွန်းလွဲ ၁ နာရီက ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် ကျင်းပခဲ့သည်။

ဆက်လက်ပြီး ဥတ္တရခရိုင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်လွင်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိများကို ရှင်းလင်းပြီး ရွေးကောက်ပွဲတွင် ပါဝင်ကူညီဆောင်ရွက်ကြမည့် အဖွဲ့အစည်းအသီးသီးနှင့် ဌာနဆိုင်ရာများမှ သက်ဆိုင်ရာကဏ္ဍများအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ဥတ္တရခရိုင်ရဲတပ်ဖွဲ့အသီးသီးမှ တပ်ဖွဲ့ဝင်အရာရှိ ၅၄ ဦး၊ မီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ရွှေရဲရင်**

# ဒေသမွေးမြူရေး တိုးတက်စေရေး တောင်ပေါ်တိုင်းရင်းသားများ နေပြည်တော်ရှိ မွေးမြူရေးဇုန်သို့ လာရောက်လေ့လာ

**နေပြည်တော် မတ် ၁၁**

ကျေးလက်တောင်ပေါ်ဒေသများ မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသအတွင်း မွေးမြူရေးလုပ်ငန်းများ စနစ်တကျမွေးမြူနိုင်ရေးအတွက် ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာစောထက်ဝင်းခေါင်းဆောင်သော မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့များမှ တောင်ပေါ်ဒေသတိုင်းရင်းသားမွေးမြူရေးဝါသနာရှင်များအဖွဲ့သည် မတ် ၈ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကံကြီးဇုန်ရှိ CP ဆိတ်မွေးမြူရေးခြံသို့ လာရောက်လေ့လာကြကြောင်း သိရသည်။

လေ့လာရေးအဖွဲ့သည် ကံကြီးဇုံရှိ CP ဆိတ်မွေးမြူရေးခြံသို့ လာရောက်လေ့လာရာ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာကြည်သာက မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးခြံများကို လိုက်လံပြသကာ မွေးမြူရေးနည်းပညာရပ်များနှင့် သက်ဆိုင်သော မွေးမြူနည်းဆေးဝါးကုသသုံးစွဲနည်းများကို ဆွေးနွေးပြောပြခဲ့သည်။

CP ဆိတ်မွေးမြူရေးခြံတာဝန်ခံ ဦးဆန်းဝင်းက စနစ်တကျ ခြံတင်ဆိတ်မွေးမြူခြင်းကြောင့် အောင်မြင်ဖြစ်ထွန်းမှု၊ တစ်နေ့တာအစာကျွေးနှုန်းနှင့် မွေးကင်းစဆိတ်ကောင်ပေါက်လေးများကို ပြုစုစောင့်ရှောက်နည်း၊ အစာရှားပါးရာသီများတွင် ဆိတ်စာအခက်အခဲမဖြစ်ပေါ်ရေးအတွက် မြက်ချဉ်ဖတ်များ ပြုလုပ်သိုလှောင်နည်းများအား ရှင်းပြပေးခဲ့သည်။

လာရောက်လေ့လာသောအဖွဲ့မှ မိုင်းတုံမြို့နေသူ မွေးမြူရေးဝါသနာရှင်တိုင်းရင်းသား ဦးကျဟယ်က "ကျွန်တော်တို့ဒေသတွေမှာ မွေးမြူရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိုင်းဆတ်၊ မိုင်းတုံမြို့များက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အခုလေ့လာရေးခရီးစဉ်ကို ဆောင်ရွက်ခဲ့တာပါ။ လေ့လာရေးခရီးစဉ်အနေနဲ့ ရန်ကုန်၊ နေပြည်တော်မြို့ကြီးတွေက မွေးမြူရေးဇုန်တွေကို သွားရောက်လေ့လာခဲ့တယ်။ လေ့လာခွင့်ရတဲ့အတွက်ကြောင့် ကျွန်တော်တို့ မွေးမြူရေးနည်းပညာများနဲ့ မွေးမြူရေးဗဟုသုတများစွာ ရရှိစေပါတယ်။

လက်ရှိလည်း ဒေသမှာ နွားကောင်ရေ ၁၂၀၊ ကျွဲကောင်ရေ ၂၅၀၊ ဒေသဆိတ်ကောင်ရေ ၂၀၀ စတင်မွေးမြူထားပါတယ်။ အခုခရီးစဉ်မှာ မြို့ကြီးများရဲ့ မွေးမြူရေးနည်းပညာနဲ့ အောင်မြင်ဖြစ်ထွန်းနေမှုတွေကို ကိုယ်တိုင်မြင်တွေ့ခွင့်ရတဲ့အတွက် မိမိမွေးရပ်ဒေသပြန်လည်ရောက်ရှိသည့်အခါ မွေးမြူရေးလုပ်ငန်းများကို ဆက်လက်တိုးချဲ့ လုပ်ကိုင်သွားမည်ဖြစ်ပြီး မိမိဒေသတွင်းရှိ မွေးမြူရေးဝါသနာရှင်များကိုလည်း ခရီးစဉ်တွင်ရိုက်ကူးခဲ့တဲ့ မှတ်တမ်းတွေကို လက်တွေ့ပြသပြီး လက်ဆင့်ကမ်းအကောင်အထည်ဖော်ဆောင်ပြီး ဒေသမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်မြှင့်တင်သွားမှာဖြစ်ပါတယ်" ဟု ပြောပြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကံကြီးဇုန်ရှိ ကြက်မွေးမြူရေးခြံ၊ နွား၊ ဆိတ်၊ ဝက် အစရှိသော မွေးမြူရေးခြံများသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# ရွှေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်း ဘားအံတွင်ဖွင့်

**ဘားအံ မတ် ၁၁**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်းကို ကရင်ပြည်နယ် ဘားအံခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ မတ် ၉ ရက် နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဘားအံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းအောင်က ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပသွားမည်ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ညွှန်ကြားချက်၊ ပြည်နယ်ရဲတပ်ဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲပြီးဆုံးကာလများတွင် ရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေးဆောင်ရွက်ရေးကိစ္စဖြစ်သည့်အားလျော်စွာ ရဲတပ်ဖွဲ့များအနေဖြင့်လည်း လုံခြုံရေးဆိုင်ရာ ညီညွတ်မျှတမှုနှင့် အခွင့်အရေးပိုင်းဆိုင်ရာညီညွတ်မျှတမှုများရှိပြီး လက်ရှိအာဏာရပါတီ၏အမတ်များကိုသော်လည်းကောင်း၊ အသစ်ယှဉ်ပြိုင်ကြမည့် ပါတီအမတ်ကိုယ်စားလှယ်လောင်းများကိုသော်လည်းကောင်း တမ်းတူညီမျှသော လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းကို ပြောကြားခဲ့သည်။

ယင်းနောက် တစ်ချို့နေရာများ၌ ငြိမ်းချမ်းရေးမပြည့်ဝ၍ မဲရုံဖွင့်ရန်မဖြစ်နိုင်သည့် အခြေအနေများတွင် သက်ဆိုင်ရာကော်မရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းကာ အချိန်နှင့်တစ်ပြေးညီ အထက်ဌာနများသို့ အဆင့်ဆင့်တင်ပြပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်များကို ဒုတိယရဲမှူးကြီး ဇော်မင်းအောင်က ဆက်လက်ပြောသည်။

ရဲတပ်ဖွဲ့ခရိုင်အဆင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်းသို့ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘားအံခရိုင်အတွင်းရှိ ရဲအရာရှိများ အင်အား၅၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## ကလေးဝမြို့နယ် မထုကျေးရွာ အလယ်တန်းကျောင်း၌ နွားနို့နှင့် ကြက်ဥများတိုက်ကျွေး

**ကလေးဝ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ကျောင်းနေအရွယ်ကလေးငယ်များ ဉာဏ်ရည်တိုးတက်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ အာဟာရပြည့်နွားနို့တိုက်ကျွေးခြင်းကို မတ် ၉ ရက် နံနက် ၁၀ နာရီက ကလေးဝမြို့နယ် မထုကျေးရွာအုပ်စု မထုကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့သည်။

အဆိုပါ အာဟာရပြည့်နွားနို့ တိုက်ကျွေးခြင်းအခမ်းအနားတွင် ကလေးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်သန်းက အမှာစကားပြောကြားပြီး ကလေးဝမြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးက ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ပြောကြားခဲ့သည်။

ထို့နောက်ကလေးမြို့ Myanmar C.P Livestock တာဝန်ခံမန်နေဂျာ ဒေါက်တာမျိုးမြင့်ဇော်က ကျောင်းနေအရွယ်ကလေးငယ်များ အာဟာရပြည့် နွားနို့တိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ငွေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှမင်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူကလေးငယ် ၂၈၆ ဦးတို့အား ကလေးမြို့ Myanmar C.P Livestock Co. Ltd. နှင့် ဂျပန်မွေးမြူရေးအစာဆိုင်တို့မှ အာဟာရပြည့်နွားနို့၊ ကြက်ဥတိုက်ကျွေးခဲ့ကြသည်။

ယင်းအပြင် ၎င်းတို့အဖွဲ့မှ ကျောင်းသား၊ကျောင်းသူလေးများအား ကျောင်းသုံးဗလာစာအုပ်များ၊ ခဲတံများထောက်ပံ့လှူဒါန်း ပေးခဲ့သည်။

အလားတူ ကလေးခရိုင်၊ မြို့နယ်အတွင်းရှိ ကျေးရွာပညာရေးကျောင်းများ၊ မိဘမဲ့ကလေးဂေဟာများနှင့် အခြားသောစာသင်ကျောင်းများသို့လည်း ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများလှူ ဒါန်းခြင်းနှင့် အာဟာရပြည့် နွားနို့၊ ကြက်ဥတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**







**ဓာတ်ပုံဆုပေးပွဲနှင့်အတူ မြန်မာအလှမယ် မေမြတ်နိုးအား မောင်တက္ကသိုလ်ဖောင်း မောင်မောင်သန်းမှ နတ်ရေကန်ရွှေစောင်းဆု ဂုဏ်ပြုချီးမြှင့်၍ အားကစားသမိုင်း မော်ကွန်းတင်**

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းကြီးကြပ်၍ ၈-၂-၂၀၁၅ရက် နတ်ရေကန်အလှမယ်ဓာတ်ပုံပြိုင်ပွဲ ပြုလုပ်ရာ မေမြတ်နိုးမှာ- ပထမဆု၊ ဒုတိယဆုကြီးများ ဆွတ်ခူးသည့်အပြင် စံချိန်မြောက် နှစ်သိမ့်ဆု(၈)ဆု ရရှိသူဖြစ်သည်။

အားကစားလောက လွန်ခဲ့သည့်အနှစ်(၅၅)နှစ်ခန့်မှစ၍ နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အလှမယ်-မစိန်အေး၊ သန်းသန်းအေး၊ မီ-နီပု၊ ခင်မြင့်မြင့်၊ ပဂ္ဂိုလွင်နှင့် ယနေ့ခေတ် မိုးစက်ဝိုင်၊ သျှားထွဋ်အိန္ဒြာ စသည်တို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဆုကြီးများမရရှိခဲ့ကြပါ။ အားကစားသမိုင်း မော်ကွန်းတင်ရလောက်အောင် ပြောရမည်ဆိုပါက အလှမယ်မေမြတ်နိုးသည် MISS ASIA PACIFIC WORLD 2014-SUPER TALENT သရဖူဆုကို ကိုရီးယား၊ မကာအို၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်းစသည့် အလှမယ်ပေါင်းများစွာကို ကျော်ဖြတ်၍ အားလုံးသော ဒိုင်လူကြီးများက ထိုက်ထိုက်တန်တန် ဂုဏ်ပြုရွေးချယ်ခြင်းခံရသူ တစ်ဦးဖြစ်သည်။

မေမြတ်နိုးအား နတ်ရေကန် ဦးတင်မောင်ထွေး၏ ရွှေစောင်းဆုနှင့် သရဖူကို တင်ပေးခဲ့သူမှာလည်း အားကစားသမိုင်းတွင် မော်ကွန်းတင်ရ မည့်သူ ဝါးခယ်မမောင်၊ မောင်တက္ကသိုလ်၊ မောင်ဒဂုံ၊ မောင်ဗမာ(အငယ်တန်း)ဆု ရရှိထားသူဖြစ်သည်။ (တက္ကသိုလ်ကျောင်းသားစတိုးပိုင်ရှင် ဦးတင်မောင်ထွေး၏ မောင်တက္ကသိုလ်ဆုကို- ၁၉၅၉ခုနှစ်၊ မြို့တော်ဝန် ဗိုလ်မှူးကြီးထွန်းစိန်မှ ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။)

မောင်တက္ကသိုလ် ကိုမောင်မောင်သန်းသည် တပ်မတော်တွင် ဗိုလ်မှူးကြီးရာထူးအထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ရဲသူရိန်(ငြိမ်း)ရဲမှူးချုပ်(ငြိမ်း)ဖြစ်ပါသည်။

- [ပုံ-(ဝဲ)၊ ဦးမောင်မောင်သန်း၊ မေမြတ်နိုး၊ မေစုုနိုင်း၊ ခင်မေခ၊ ဦးတင်မောင်ထွေး]
- (ဓာတ်ပုံ ဆရာမမေစောလွင်၏ ပထမဆု မေမြတ်နိုးပုံ)

ဆုများတက်ရောက်ရယူကြသော မေစောလွင်(ပ)၊ ပြည်စိုးထွန်း(ဒု)၊ မောင်မောင်ဝင်းကို(တ)နှင့် နှစ်သိမ့်-အောင်ဝဏ္ဏစိုး၊ လှမျိုးသွင်၊ စိုးနိုင်မင်း၊ မဝင့်ရည်မွန်၊ သန်းနိုင်၊ ဇေယျာမင်း၊ သွယ်သွယ်ထွန်း၊ လင်းသူအောင်၊ ဇော်မင်းဦး၊ စိုးနိုင်မင်း၊ ဦးထွန်းဝေ၊ ကျော်ဇေလှ၊ ဦးစိန်ငွေး၊ ရဲဇော်ဖြိုးနှင့် ဆုများချီးမြှင့်ပေးပါသော ဒုဥက္ကဋ္ဌ ဦးထင်လင်း၊ ဦးသန်းထွန်းဦး၊ ဦးဆန်နီတို့အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**သီဟသုမင်္ဂလာဓမ္မဇောတရေ**
**နတ်ရေကန်ဦးတင်မောင်ထွေး**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
(၂)ထပ်တိုက်ခံအိမ်၊ ဂရန်အမည်ပေါက် ပေ(၄၀×၆၀)၊ ရေ၊ မီးအစုံ(အရှုပ်အရှင်းကင်းသည်)။
ပျဉ်းကတိုးလမ်း၊ (၃၄)ရပ်ကွက်(သစ်တော)၊ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၁၆၃၅၆၆၃၊ ၀၉-၂၆၁၆၃၅၆၆၄

**ရောင်းမည်**
ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မြေညီထပ်တိုက်ခန်း။
**Ph:09-31286295, 09-421114668**

**ပျောက်ဆုံးကြောင်း**
ကျွန်မ ဒေါ်ဖြူဖြူ(အငြိမ်းစား) အထက်တန်းပြဆရာမ ပင်စင်စာအုပ်အမှတ်စဉ် 7937 ၏ ဆန်ဖိုးငွေထုတ်ယူရန် ဆန်စာအုပ် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန် သတိပေးကြော်ငြာအပ်ပါသည်။ ဒေါ်ဖြူဖြူ
အမှတ်(၈၂/က)၊ သရက်တော(၅)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

**အင်္ဂလိပ်စာ တတ်လိုသော်နှင့် WEBS ၏ရုပ်တည်ချက်**
➢ WEBS ရှိ အင်္ဂလိပ်စာသင်တန်းအားလုံးကို တက်ရောက်ပြီးပါက အင်္ဂလိပ်စာနှင့်ပတ်သက်၍ မည်သည့်သင်တန်းကိုမှထပ်မံ၍ တက်ရောက်ရန် မလိုတော့ပါ။
➢ သင်တန်းတစ်ခုပြီးတိုင်း Cambridge တက္ကသိုလ်ကအောင်လက်မှတ် ရရှိမည်။
သင်ကြားသည့်ဆရာ-ဓာတ်ုနိုးဝင်းစိုင်သည် လှည်းတန်း။ 095151398
➢ အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များဖြစ်သော The Open University, Cambridge, Business Schools များတွင် သွားရောက်၍ BA English, BSc, CAE, CPE, MBA အစရှိသည့်ဘွဲ့များကို ရယူခဲ့သည်။ အင်္ဂလန်တွင် (၁၀) နှစ်ကြာနေထိုင်ခဲ့သည့်အတွက် အင်္ဂလိပ်စာနှင့် ယဉ်ကျေးမှုကို ကိုယ်တိုင်ထိတွေ့ခွင့်ရခဲ့။ Four Skills, IELTS

**တိုက်ခန်းသစ်ရောင်းမည်**
ကမာရွတ်မြို့နယ်၊ ကင်ပွန်းခြံလမ်းသွယ်၊ ဆိတ်ငြိမ်ရပ်ကွက်၊ ၃ထပ်တိုက်၏"ပ"ထပ်၊ (၁၂၁/၂×၄၈)ပေ HALL TYPE၊ အရှေ့လှည့်၊ ဒေါင့်ခန်း၊ ဘိုထိုင်၊ ရေမီးအစုံ၊ ကြမ်းခင်းကိုရီးယားပါကေး၊ ကြွေပြားအပြည့်၊ အဆင့်မြင့်ပြင်ဆင်ပြီး (ပွဲစားမလို)(ညှိနှိုင်း) ကန်လမ်းမှဝင်ပါ။
ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၃၃၃၃၈၃၊ ၀၉-၇၃၀၆၅၂၉၂၊ ၀၉-၅၄၀၇၉၆၆

**ဆရာခန့်၏**
**ဝမ်းပျော့ အဆီကျဆေး**
**အန့်မရှိ၊ ဝမ်းမရစ် တစ်ခါစား (၂)ပြား**
**(မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာမေးဝယ်)**

**နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း**
ကျွန်ုပ်တို့၏မိတ်ဆွေ-ဒေါ်ဖြူစင်မွန်(ခ)မအားကြူ( ၁၃/မနန(နိုင်)၀၁၀၂၅၃ )နှင့် ၎င်း၏ခင်ပွန်းဦးရန်နိုင်ထွန်း(ခ)ဦးရဲလွန်း( MGN-၁၉၃၀၈၄ )တို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့၊ လွိုင်မြေရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖလူကြီးမင်းများ၏ ရှေ့မှောက်တွင်လက်မှတ်ရေးထိုး၍ တရားဝင်အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ဒေါ်ဖြူစင်မွန်(ခ)မအားကြူ နှင့် ဦးရန်နိုင်ထွန်း(ခ)ဦးရဲလွန်း တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ပတ်သက်ခြင်း မရှိတော့ပါကြောင်း အများသိစေရန်ကြေညာပါသည်။
လွှဲအပ်ညွှန်ကြားချက်များအရ
ဦးသန့်ဇင် (LL-B) အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) Ph-09 73170516 , 09 253995848
ဒေါ်ဟန်နွေနိုင် (LL-B) အထက်တန်းရှေ့နေ(စဉ်-၂၉၅၄၄) Ph-09-4200 73685
အမှတ်( ၅၀ )၊ ပထမထပ်၊ အခန်း( D-2 )၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

–ကျန်းမာရေးဆောင်းပါး–

# ခန္ဓာကိုယ်တွင်း အပူငြိမ်းစေမယ့် အအေးစာလေးများ

à တင်ထက်ထက်ဇော်

လူသားတစ်ယောက်အတွက် ကိုယ်တွင်းအပူချိန်ဟာ ပျမ်းမျှ ၉၈ ဒသမ ၆ ဒီဂရီဖြစ်ပြီး ရာသီဥတုပေါ် မူတည်၍ ၎င်းပမာဏထက် အပူချိန် အတက်၊ အကျ အနည်းငယ် ပြောင်းလဲတတ်ပါတယ်။

ကိုယ်တွင်းအပူများတာကို ဆေးပညာလောကမှာ "heat stress" လို့ ခေါ်ကြပြီး ခန္ဓာကိုယ်တွင်းအပူချိန်က သူ့အလိုလိုအေးသွားမျိုး မရှိတတ်ပါဘူး။

လိုအပ်တာထက် အပူချိန်များနေတဲ့အခါ၊ ပိန်ချုံးလာခြင်း၊ ကြွက်တက်ခြင်း၊ လျှာ-နှုတ်ခမ်းတွေသာမက အရည်ပြားပေါ်မှာ အဖုအပိမ့်တွေထွက်လာခြင်း၊ ဝက်ခြံထွက်ခြင်း၊ ခေါင်းမူးဝေခြင်း၊ ပျို့အန်ခြင်းတို့အပြင် ခန္ဓာကိုယ်တွင်း ကလီစာတွေကိုပါ ပျက်စီးစေနိုင်တယ်လို့ လေ့လာချက်အရသိရပါတယ်။

ရေခဲရေများ၊ ရေနွေး၊ စွပ်ပြုတ် စတဲ့အရည်ပူပူများ၊ နေပူပူထဲ အချိန်အကြာကြီးသွားလာခြင်း၊ ငရုတ်သီး၊ ဂျင်း၊ မှုစ်ချဉ်၊ ငရုတ်ကောင်း၊ ပတဲကောစတဲ့ ပူပူလောင်လောင် အစပ်တွေစားခြင်း၊ ရေသောက်နည်းခြင်းတို့က ကိုယ်တွင်းအပူရှိန် မြင့်တက်လာစေလို့ (အထူး) ရှောင်ကျဉ်ပေးရမယ့် အစားအသောက်တွေဖြစ်ပါတယ်။

ခန္ဓာကိုယ်တွင်း အပူငြိမ်းအေးစေဖို့အတွက် အဓိကဆေးကတော့ ရေဝဝသောက်၍ တစ်နေ့ကို ရေနှစ်ကြိမ်ချိုးပေးခြင်းပါပဲ။

မိုးရာသီမှလွဲ၍ ချမ်းအေးတဲ့ ဆောင်းရာသီနဲ့ နွေပူပူတို့မှာ ခန္ဓာကိုယ်တွင်း အပူဓာတ်များသူတွေအနေဖြင့် ယခင်ကထက် ရေပိုသောက်ရင်း၊ နေ့စဉ်စားသမျှ အစားအစာတွေထဲမှာ ရေဓာတ်ကြွယ်ဝတဲ့ အအေးစာလေးတွေကို ဖြည့်စွက်စာအဖြစ် စားသုံးသင့်ပါတယ်။

**ဖရဲသီး** –

လူ့ခန္ဓာကိုယ်ရဲ့ ၃ ပုံ ၂ ပုံကို အရည်ဓာတ်နဲ့ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ ဖရဲသီးထဲမှာ ရေဓာတ် ၉၀ ရာခိုင်နှုန်းကျော် ပါရှိတာကြောင့် အပူငြိမ်းအေးစေတဲ့ အကောင်းဆုံးသီးနှံဖြစ်ပါတယ်။

**သခွားသီး** –

သခွားသီးလေးတွေမှာ ရေဓာတ်ကြွယ်ဝစွာပါရှိလို့ ခန္ဓာကိုယ်ကို ထိထိရောက်ရောက် အေးမြစေပါတယ်။ ဒါကြောင့် တန်ဖိုးနည်း သခွားသီးလေးတွေကို နေ့စဉ်စားပေးသင့်ပါတယ်။

**ပူစီနံရွက်** –

ပူစီနံရွက်ဟာ ခန္ဓာကိုယ်တွင်းကို အေးမြစေတာကြောင့် မြန်မာ၊ အိန္ဒိယ၊ ဗီယက်နမ်၊ မကာအိုစတဲ့ အာရှတိုက်တခွင်ရှိ ရှေးတိုင်းရင်းဆေးဆရာကြီးများက ပူစီနံပင်များကို အပူငြိမ်းဆေးအဖြစ် ဆေးဝါးဖော်စပ်လာခဲ့ကြပါတယ်။

**မုန်လာဥအဖြူ** –

အဖြူရောင် မုန်လာဥလေးတွေမှာ ဗီတာမင်စီပါရှိတဲ့အပြင် ကိုယ်တွင်းအပူရှိန်ကို တိုက်ထုတ်ပေးနိုင်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ အလုံအလောက်ပါရှိနေပါတယ်။ ဒါကြောင့် "heat stress" ကို တိုက်ထုတ်ပေးနိုင်တဲ့ မုန်လာဥအဖြူတွေကို စားဖြစ်အောင်စားပေးပါ။

**နှမ်း** –

နှမ်းစေ့လေးတွေက အပူငြိမ်းအေးစေတဲ့ အိမ်တွင်းဆေးဝါးတစ်မျိုးဖြစ်တာကြောင့် နှမ်းစားရင်း ရေများများသောက်ပါ။ နှမ်းပျစ်၊ နှမ်းယိုလေးတွေကလည်း အပူငြိမ်းအေးစေအောင် အထောက်အပံ့ပေးပါတယ်။

**စမုံစပါး** –

စမုံစပါးအစေ့လေးတွေကို သောက်ရေခွက်ထဲ တစ်ညအိပ်စိမ်ထားပြီး နံနက်အိပ်ယာထတဲ့အခါ ရေသောက်ရင်း အဖတ်တွေပါ ကုန်အောင်ဝါးစားပေးပါ။ တနေ့တာလုံး အပူငြိမ်းအေးစေနိုင်တဲ့အပြင် ခံတွင်းရနံ့ကိုပါ ရှင်းသန့်စေပါတယ်။

**အုန်းစိမ်းရေ** –

အုန်းသီးစိမ်းနုနုမှရတဲ့ အုန်းစိမ်းရည်ဟာလည်း ခန္ဓာကိုယ်တွင်း အပူငြိမ်းစေတဲ့ ဆေးကောင်းတစ်လက်ဖြစ်တာမို့ ကိုယ်တွင်းအပူဓာတ်များသူတွေနဲ့ ကိုယ်ဝန်ဆောင်မိခင်လောင်းများ မှီဝဲသင့်ပါတယ်။ ရေဓာတ်ခမ်းခြောက်ခြင်းမှလည်း ကာကွယ်ပေးပါတယ်။

**သလဲသီး** –

သလဲသီးနဲ့ သလဲသီးဖျော်ရည်တွေက ခန္ဓာကိုယ်ကို အေးမြပြီး ကိုယ်တွင်းအပူတွေကို သူ့အလိုလိုစုပ်ယူပစ်တာမို့ နေ့စဉ်စားသုံးသင့်တဲ့ သီးနှံတစ်ခုပါပဲ။

**ဘိန်းစေ့** –

ဥပမာ-ဘိန်းမုန့်၊ ဆန္ဒင်းမကင်းစတဲ့ သရေစာမုန့်တွေမှာ အသုံးပြုလေ့ရှိတဲ့ ဘိန်းစေ့လေးတွေကလည်း ကိုယ်ပူရှိန်ကို ပုံမှန်ဖြစ်အောင် အထောက်အပံ့ပေးပါတယ်။ ညအိပ်ယာဝင်ခါနီး ဘိန်းစေ့လက်တစ်ဆုပ်စာဝါးစားပြီး ရေသောက်အိပ်တဲ့အခါ နှိုပ်ခြိုက်စွာအိပ်မောကျစေတဲ့အပြင် နောက်တစ်နေ့တာလုံး အပူငြိမ်းအေးစေပါတယ်။

**ပဲနံ့သာပင်အစေ့** –

ရှေးရှေးကစလို့ ယနေ့ထိတိုင် အိန္ဒိယနိုင်ငံမှာ အပူငြိမ်းဆေး တိုင်းရင်းကုထုံးဖြင့် ပဲနံ့သာပင်အစေ့တွေကို အသုံးပြုလျက်ရှိပါတယ်။ (ပဲနံ့သာပင်အစေ့လေးတွေကို အိန္ဒိယပရဆေးဆိုင်တွေမှာ ဝယ်ယူရရှိနိုင်ပါတယ်။)

**နွားနို့** –

ကိုယ်တွင်းအပူငြိမ်းလိုသူများ ကျိုချက်ပြီးနွားနို့ကို အအေးခံ၍ နံနက်တိုင်းသောက်ပေးပါ။ (သို့မဟုတ်) နွားနို့ကို ပျားရည်အနည်းငယ်ခတ်၍ သောက်နိုင်ပါတယ်။ (ရေခဲဖြင့် အအေးခံထားတဲ့ နို့အေးမျိုးကို မဆိုလိုပါ။)

**သံပုရာသီး** –

နံနက်အိပ်ယာထ သံပုရာရည်တစ်ခွက်သောက်ခြင်းကလည်း ကိုယ်တွင်းအပူငြိမ်းအေးစေရုံမျှမက နေရထိုင်ရပေါ့ပါးလန်းဆန်းလာပြီး တစ်နေကုန် သက်လုံကောင်းစေပါတယ်။ **ကိုးကား - American "Health Digest"**

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ အသိပေးဆွေးနွေးပွဲ မကွေးတွင် ကျင်းပ

**မကွေး မတ် ၁၁**

မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် Save the Children တို့ ပူးပေါင်းကျင်းပသော မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ အသိပေးဆွေးနွေးပွဲကို မတ် ၉ ရက် နံနက် ၉ နာရီက မကွေးဟိုတယ်ခန်းမ၌ ကျင်းပခဲ့သည်။

ယင်းနောက် Save the Children အဖွဲ့၊ Magway Region, Head of Regional Office ဦးနေမျိုးထွန်းက Save the Children အကြောင်း ရှင်းလင်းတင်ပြပြီး Save the Children အဖွဲ့၊ ပညာရေးအစီအစဉ်၊ ဇုန်နယ်မန်နေဂျာ ဦးစိုးသောင်းက မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေများကို တင်ပြဆွေးနွေးကာ Save the Children အဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအစီအစဉ်မှ Senior Project Officer ဦးအောင်ကိုနိုင်က မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော ကလေးသူငယ်များအား အရွယ်မတိုင်မီ စစ်မှုထမ်းရန် စုဆောင်းခြင်းမှ ကာကွယ်ခြင်းနှင့်ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ စီမံချက်လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို တင်ပြခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးစီမံချက်မှ စီမံချက်မန်နေဂျာ ဒေါက်တာဦးလှိုင်းဝေအောင်က ကျန်းမာရေးစီမံချက်များအကြောင်း ဆွေးနွေးပြီး ဒေါက်တာဦးတင့်လွင်ဦးက ငှက်ဖျားရောဂါနှင့် HIV၊ AIDS အကြောင်း ဆွေးနွေးခဲ့သည်။

လူမှုရေးဝန်ကြီးက လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တိုးတက်မှုများ၊ နှိုင်းယှဉ်ချက်များပြုလုပ်ထားရန်နှင့် ထိရောက်သည့် ညှိနှိုင်းပွဲ၊ ဆွေးနွေးပွဲများ လုပ်ဆောင်ရန်ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ဖိတ်ကြားထားသောတိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် Save the Children မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**သိမ့်ဝါ**


**ပို့ဆောင်ရေးဝန်ကြီးဌာန**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**
**အိတ်ဖွင့်လေလံ(Open Bidding)ခေါ်ယူခြင်း**

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ကြာရှည်ရပ်နားထားပြီး ပြန်လည်ပြုပြင်သုံးစွဲရန် မသင့်လျော်တော့သည့် ရေယာဉ်/တွဲယာဉ်ဟောင်း(၄၀)စီးကို တစ်စီးချင်းအလိုက် ဈေးပြိုင်စနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့် လေလံတင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ရေယာဉ်/တွဲယာဉ်ဟောင်း(၄၀)စီး၏ အိတ်ဖွင့်လေလံဖွင့်ပွဲကို ၂၃-၃-၂၀၁၅ရက် ၁၄း၀၀နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၂-၃-၂၀၁၅ရက်မှ ၂၀-၃-၂၀၁၅ရက် ၁၄း၃၀နာရီအတွင်း အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ပြည်တွင်းရေ ကြောင်းပို့ဆောင်ရေး (ရုံးချုပ်)ပထမထပ်၊ စီမံရေးရာဌာနတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးကော်မတီ

**ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)**

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ၂၉-၃-၂၀၁၅ရက်တွင် ရွှေတိဂုံဘုရားတောင်ဘက် ခေမာသီဝံကျောင်းတိုက်တွင်းရှိ အသင်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သဖြင့် ၂၀၁၄ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူများ ၂၃-၃-၂၀၁၅ရက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။
ဖုန်း-၀၁-၅၄၂၉၈၆၊ ၀၉-၅၀၅၀၂၈၇၊ ၀၉-၅၁၀၈၈၃၉၊ ၀၉-၃၆၂၂၄၄၀၀

**ရွှေမြင့်မိုရ်ဆရာတော်မိုးကုတ်ဝိပဿနာတရားစခန်းပွဲ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁)ဝိုင်းကျောင်းတိုက်၊ ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် (၁၇-၃-၂၀၁၅) ၁၃၇၆ခုနှစ်၊ တပေါင်းလပြည့်ကျော်၁၃ရက်မှ (၂၇-၃-၂၀၁၅) ၁၃၇၆ခုနှစ်၊ နှောင်းတန်ခူးလဆန်း၈ရက်ထိ (၁၀)ရက်တရားစခန်းပွဲနှင့် ရွှေတိဂုံဘုရားအနောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်း၌ရှိသော ပခုက္ကူဓမ္မာရုံကြီးတွင် ၂၈-၃-၂၀၁၅မှ ၃-၄-၂၀၁၅ရက်ထိ (၇)ရက်အချိန်ပိုင်း မွန်းလွဲ၁၂း၃၀နာရီမှ ညနေ၄း၃၀နာရီအထိ တရားစခန်းပွဲတို့ကို ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ(ပိဋကတစ်ပုံအောင်) ဒီဃနိကာယဓမ္မာစရိယ၊ သာသနဇောတိကာဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်သူမြတ်မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းစသော အာဟာရတို့ကို ဆက်ကပ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။

ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့ — ဖုန်း-၀၉-၇၀၇၇၃၂၈၊ ၀၉-၄၂၁၀၇၇၂၃၁၊ ၀၉-၄၂၀၀၉၈၇၃၊ ၀၉-၅၀၀၉၄၃၃
ပခုက္ကူဓမ္မာရုံအကျိုးဆောင်အဖွဲ့ — ဖုန်း-၀၉-၅၀၇၇၃၂၈၊ ၃၈၃၅၁၁

**သုခလမ်းညွှန် Travels & Tours**

| | |
|---|---|
| ◆ပုဂံ(ဆီမီး၁၀၀၀၀ပန်း၁၀၀၀၀)+ပုပ္ပါး+ပခုက္ကူ (Scania ၂ထပ်ကား) | Mar 26, Apr 17 |
| ◆တောင်ကြီး+အင်းလေး+ပင်းတယ+ကလော+လွိုင်ကော်+ဒီမောဆိုး | Mar 26 , Apr 12,18 |
| ◆မြင်ဦးလွင်+ဒီးဗုတ်ရေတံခွန် နှင့် ရေပြာတိုင်+ဂုတ်ထိပ်တံတား | Mar 13,26,27,Apr13,12,18 |
| ◆ချင်းပြည်နယ်+နတ်မတောင် | Mar 26, Apr 12,18 |
| ◆ချင်းပြည်နယ်(ရိဒ်ရေကန်)+ကလေး+တမူး(မိုးရေး) | Mar 26, Apr 12,18 |
| ◆မန္တလေး+မြင်ဦးလွင်+စစ်ကိုင်း+မုံရွာ+အလောင်းတော်ကဿပ | Apr 13 |
| ◆ထားဝယ်ရှင်ကိုးရှင်+မောင်းမကန်+စက်စဲ | Apr 12,18 |
| ◆ရွှေစက်တော် + ပုဂံ + ပုပ္ပါး + ပခုက္ကူ | Apr 12 |

Ph : 01 539459, 09 252929722,33,44,55,66 .

**7Stars**(ရာထူးဝင်သင်တန်းကြီး)
✪ ဧတွ/အုပ် ( အနီးကပ် )

| Sec - A | Sec - B |
|---|---|
| (14 . 3 . '15)စမည်။ | (20 . 3 . '15)စမည်။ |

✪ (6 . 6 . 2015) တွင် ဖြေဆိုမည့်ရာထူးများ
တိုက်(18 / 3B) ၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံး၀) မရှိပါ ■
09.421052736, 09.49282366, 09.799860155

**b . r . i . d . g . e**
**Supply Chain & Logistics**
Recruitment, Management Consultancy & Capacity Training Centre
www.bridgesupplychain.com
❋Supply Chain နှင့် Logistics လုပ်ငန်းနယ်ပယ်များတွင် လက်တွေ့လုပ်ငန်းခွင် ဝင်ရောက်နေကြသည့်/ကြမည့်သူများအတွက် အထူး ရည်ရွယ်ဖွင့်လှစ်သော . . .
"လက်တွေ့လုပ်ငန်းခွင်အခြေပြု (၁၀၀%)အသုံးချ"
Fully Applied/Certificate in Management Courses (30 hrs)
◆ Warehousing ◆ Procurement
◆ Transportation ◆ Stock / Distribution
❋လက်တွေ့လုပ်ငန်းခွင်မှ Case Studies များဖြင့် သင်ကြားပြီး Job Interview ဖြေဆိုမည့်သူများအတွက် အခမဲ့ပြင်ဆင်ပံ့ပိုးပေးပါသည်။
❋ကုမ္ပဏီများနှင့် အဖွဲ့အစည်းများအတွက် Recruitment /Job Interview/ Management Consultancy Services & Corporate Training များကို စီစဉ်ဆောင်ရွက်ပေးပါသည်။
Centre (1) : ပထမထပ်(ဝဲ)၊ တိုက် (၁၁) ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
Centre (2) : ပထမထပ်(ဝဲ)၊ တိုက် (၂၄၂) ဆိပ်ကမ်းသာလမ်း (အထက်)ကျောက်တံတားမြို့နယ်။
Contact : 09- 5058986
Enroll Now!
စနေ/တနင်္ဂနွေနှင့် ရုံးချိန်လွတ် လစဉ်သင်တန်းများ

**b . r . i . d . g . e**
**Supply Chain & Logistics**
Recruitment, Management Consultancy & Capacity Training Centre
www.bridgesupplychain.com
❋Import &Export/Freight Forwarding နှင့် Supply Chain လုပ်ငန်းနယ်ပယ်များတွင် လက်တွေ့လုပ်ငန်းခွင် ဝင်ရောက်နေကြသည့်/ကြမည့်သူများအတွက် အထူး ရည်ရွယ်ဖွင့်လှစ်သော . . .
"လက်တွေ့လုပ်ငန်းခွင်အခြေပြု (၁၀၀%)အသုံးချ"
Fully Applied/Certificate in Management Course (30 hrs)
**"Applied Trading"**
❋Import &Export/ Licence & Tax Application/ Trade Policy/ Banking & Finance/ Shipping/ Cargo Insurance/ Port & Custom/ Risks & Problems Encountered/ Case Studies & Solutions.
Centre (1) : ပထမထပ်(ဝဲ)၊ တိုက် (၁၁) ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
Centre (2) : ပထမထပ်(ဝဲ)၊ တိုက် (၂၄၂) ဆိပ်ကမ်းသာလမ်း (အထက်)ကျောက်တံတားမြို့နယ်။
Contact : 09- 5058986
Enroll Now!
စနေ/တနင်္ဂနွေနှင့် ရုံးချိန်လွတ် လစဉ်သင်တန်းများ

မစ္စတာမြန်မာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ
Mr. Myanmar
9D8N (11 - 19 April) Japan USD 3200
8D7N (11 - 18 April) Korea USD 2190
ဒူဘိုင်း(၁၃-၁၈ ဧပြီ) ဟောင်ကောင်(၁၄-၂၁ ဧပြီ) စင်ကာပူ(၁၂-၁၆ ဧပြီ) ဝန်ကောက်(၁၂-၁၇ ဧပြီ) ဖူးခက် ဗီယက်နမ်
*** မတ်လ ၁ ရက်နေ့ မတိုင်မီ ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် EARLY BIRD DISCOUNT များ ရယူခံစားနိုင်ပါပြီ ***
TEL: 228828, 09799753144, 09799753155

OD TOUR Oriental Dragon Travels & Tours Co.,Ltd. Since 1997
Mar 26 , April 12
April 12, 13, 18
April 13, 18
April 13, 18
April 12, 13
April.11,12,13
April.13
April.12,13
April.12
April.12
April.12
April.12
Ph: 01-536855, 523187, 526349, 504808, 09-73022688, 09-5187045

CitiAvenue Travels & Tours
www.facebook.com/citiavenue
ဘန်ကောက်-ပတ္တရား April 12,13 (USD 750)
ဗီယက်နမ် April 13 (USD 880)
စင်ကာပူ April 12,13 April 13 (USD 985)
ဒူဘိုင်း April 12 (USD 2750)
ဟောင်ကောင်-ဘာလီ April 11 (USD 1770)
ဟောင်ကောင်-ရှန်ဟိုင်း-ပီကင်း April 13 (USD 1890)
ကွမ်ကျိုး-ရှန်းကျန့်-ဟောင်ကောင်-မကာအို-ကျူးဟိုင် April 14 (USD 1595)
ကိုရီးယား April 12 (USD 1730)
ဂျပန် April 12 (USD 2650)
ဩစတြေးလျ April 10 (USD 3400)
အမှတ် ၁၃၉(က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
09 732356 12 , 09 732356 21 , 09 25090 1188 , 09 25090 1199 , 01 211609
Service From Our Hearts !!

"၂၉ နှစ်ပြည့် ငွေရတု မင်္ဂလာဆုတောင်း"
သမီးကြီး - အေးမို့မို့လွင်ဦး
သမီးငယ်- ဝိုင်းတုံ့ချစ်

## ယဉ်ကျေးမှုဝန်ကြီးဌာန
### အနုပညာဦးစီးဌာန
### အနုပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင် (ပထမ)နှစ် ပန်တျာနှင့် ပန်းချီပန်းပုသင်တန်းသို့ တက်ရောက်ရန်အတွက် လျှောက်လွှာများခေါ်ယူလျက် ရှိပါသည်။

၂။ အခြေခံပညာအလယ်တန်း (သတ္တမတန်း) အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီပန်းပု ပညာရပ်များအပြင် အခြေခံပညာ (အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ် ဝင်တန်း) စာပေပညာများကို ပူးတွဲသင်ကြားခွင့် ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဌာနခွဲများတွင် စုံစမ်းမေးမြန်း၍ ၃၀-၄-၂၀၁၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာများ

| | | |
|---|---|---|
| ၁။ | အနုပညာဦးစီးဌာန<br>ရုံးအမှတ်(၃၅)၊ နေပြည်တော်။ | ဖုန်း-၀၆၇-၄၀၈၀၃၇၊ |
| ၂။ | လေ့ကျင့်ရေး၊ သုတေသနနှင့် ပြည်ပဆက်ဆံရေးဌာနခွဲ<br>ရုံးအမှတ်(၃၅)၊ နေပြည်တော်။ | ဖုန်း-၀၆၇-၄၀၈၁၆၅<br>ဖုန်း-၀၆၇-၄၀၈၄၄၃ |
| ၃။ | အနုပညာအထက်တန်းကျောင်း (ရန်ကုန်)<br>အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့။ | ဖုန်း၀၁- ၅၅၅၆၄၂<br>ဖုန်း-၀၁-၅၅၄၆၉၅ |
| ၄။ | အနုပညာအထက်တန်းကျောင်း (မန္တလေး)<br>၂၀×၂၁ လမ်းကြား၊ ၆၆လမ်း၊ နန်းရှေ့၊ မန္တလေးမြို့။ | ဖုန်း-၀၂-၆၁၁၆၉<br>ဖုန်း-၀၂-၆၁၁၇၀ |

ပလုတ်တုတ်
ဝက်ဝံမြို့လေးဖုံလုံဖုံရဲ့
တုံတုံနဲ့ဆုံဆုံရဲ့
ဒီဂျေဟာဟာ၊ ဒိုဒိုနဲ့အီကွေး
Children's Encyclopedia၊ ဝက်ပါ၊
ချစ်စရာပုံတူဆွဲပွဲ၊ ဆေးရောင်လှလှခြယ်ရအောင်၊
စသည့်ကဏ္ဍပေါင်းများစွာနှင့်
တစ်နှစ်စာ ကြိုတင်ငွေပေးသွင်းပြီးသူများထံ ဆိုင်များသို့ မပြန့်မီ
ငါးရက်ကြိုတင်ပြီး (အိမ်တိုင်ရာရောက်) ပို့ဆောင်ပေးနေပါပြီ။
၂၀၁၅ ခုနှစ်၊ ဧပြီလ ထွက်ပြီ။
၁,၂၀၀ ကျပ်
တွေးစာအုပ်တိုက်က ထုတ်ဝေသည်။


သန့်ရှင်းခြင်းအပ်နှင့်ရောင်းရင်းများ ၇ သကြၤန်ခရီးစဉ်များ
MAR - 6/13/20/26/27, APR - 3/10/11/12/နှစ်ဆန်းတစ်ရက် -17/24
ကြိုတင်လက်မှတ်ရောင်းပြီ။
Ph : 380141, 241863, 09 43043109, 09 73251422

၂၀၁၅ ခုနှစ် (၉)နှစ်မြောက် နှစ်သစ်ကူးမဟာသင်္ကြန် ခရီးစဉ်
ထားဝယ်ရှင်ကိုးရှင် နှင့် ထီးဒီး (တန်ချောင်းရုံ /ဖြူ ဘုရား)
၁၁ - ၄ - ၂၀၁၅ မှ ၂၀ - ၅ - ၂၀၁၅ ထိ

## ကန်ထရိုက်တာ ဦးညွန့်တင်နှင့် အများသိစေရန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ ဇမ္ဗူမဏ္ဍိုင်လမ်း၊ အမှတ် (၁၈)ဖြစ်သည့် အလျား(၅၀)ပေ×အနံ (၁၃½) ပေရှိ မြေပေါ်တွင် (၃) ထပ်ခွဲ အဆောက်အအုံသစ် ဆောက်ရန် မြေရှင် ဒေါ်သန်းသန်းအေး[၁၂/သဃက(နိုင်)၀၀၃၂၅၄]နှင့် ကန်ထရိုက်တာ ဦးညွန့်တင်[၁၂/သဃက(နိုင်)၀၀၉၃၇၈]၊ ဒေါ်ဖြူမာလတ်တို့ ချုပ်ဆိုထားသည့် ၂၃-၄-၂၀၁၂ ရက် သဘောတူကတိစာချုပ်အရ (၁၂)လပြည့်သည့် သတ်မှတ်ကာလနှင့် ထပ်တိုးကာလတွင်လည်း မပြီးစီးသည့်အပြင် အဆောက်အအုံ ပြီးစီးရန် ၁၀-၁-၂၀၁၅ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက်တာတို့ ထပ်မံခွင့်ပြုသဘောတူကတိစာချုပ်ပါ ကတိအတိုင်းလည်း ၃-၃-၂၀၁၅ရက်ထိတိုင် အဆောက်အအုံမပြီးခြင်းတို့ကြောင့် ၄-၃-၂၀၁၅ ရက်မှစ၍ ကန်ထရိုက်တာ ဦးညွန့်တင်အား ယခုအဆောက်အအုံ၏ ကန်ထရိုက်တာအဖြစ်မှ ရပ်ဆိုင်းလျက် အဆောက်အအုံကို မြေရှင်မှ ပြန်လည်သိမ်းဆည်းကာ အဆောက်အအုံသစ်အတွက် မြေရှင်မှသက်ဆိုင်ရာ စည်ပင်သာယာရေး ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကန်ထရိုက်တာထံမှ အခန်းဝယ်ယူထားသူများအနေဖြင့် ကန်ထရိုက်တာနှင့်သာ တွေ့ဆုံရှင်းလင်းပါရန်နှင့် မြေရှင်မှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မြေရှင်ဒေါ်သန်းသန်းအေး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မြင့် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(၈၃)၊ အခန်း(၇)၊ ပထမထပ်၊**
**ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၁၀၈၈၄။**

ဂုဏ်ထူးဦးသိန်းနိုင်
အဆင့်အတန်းကြီးမားလှသော ငွေမြန်မာစာ
မတ် (၉) ဖွင့်မည်

ချစ်ပိုင်သစ္စာ 562829,09-73198239 569782,09-450006779
မန်းရွှေစက်တော်(သီးသန့်)
ပုဂံ(ရွှယ်တော်လေးဆူ)ပုပ္ပါးမဟာဂီရိ
တောင်ကြီး၊ အင်းလေး၊ ပင်းတယ
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
www.chitpaithitsar.blogspot.com

Travel Palace
အဆင့်မြင့်ဘုရားဖူးနှင့်ခရီးသွားလုပ်ငန်း
Mar 26th
| | |
|---|---|
| တောင်ကြီး၊အင်းလေး၊ ပင်းတယ၊ထမ့်ဆင်း၊ ပွေတော်ကတ္တူ | 4N/5D 140000 |
| ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး | 4N/5D 150000 |
| အလောင်းတော်ကဿပ၊ | 4N/5D 160000 |
| စစ်ကိုင်း၊မန္တလေး၊ပြင်ဦးလွင် | Hotel 3 N |
01 577795, 09 253981795
09 448025596, 09 5155170
Hotelတည်း၊Restaurantကျွေး



ကြော်ငြာ

B.L.T Travels
ကျိုက်ထီးရိုး 8000
ချောင်းသာ 13000
YUTONG (or) SCANIA
09-73163538, 09-31785622

သိုးရောသီ ဝမ္မဒါန
ရွှေစက်တော်၊လပ်းဘုရားစုံ စရိတ်ငြိမ်း-၃၅၀၀၀
တောင်ကြီး-အင်းလေး-ပင်းတယ-၅၀၀၀၀
မန္တလေး-မေမြို့-အလောင်းတော်ကဿပ-၅၀၀၀၀
ပုဂံ၊ ပုပ္ပါး၊ ပဒက္ကူ-ထမင်းကျွေး-၄၀၀၀၀
Mar-20,27
420144148, 421153797

ငွေဆောင်သကြိန်
စရိတ်ငြိမ်း
120000/
Ph: 09-4210 78600
09-252641923

ရင်းနှီးမြှုပ်နှံသူများအတွက် သီးသန့်အခွင့်အရေး

(ရန်ကုန်/မန္တလေး) CONDO ဈေးကွက်နှင့် မသက်ဆိုင်သော
အောင်မြင်ဖွံ့ဖြိုးသော ဈေးကွက်ဖြစ်လာတော့မည်....

တောင်ကြီးမြို့နှင့် ရှမ်းပြည်နယ်၏
'ပထမဦးဆုံးသော'

နိုင်ငံတကာအဆင့်မီ(၁၆)ထပ်
နန်းထိုက်ရွှေစင်
CONDO

အထူးဈေးနှုန်းဖြင့်
(အခန်းအရေအတွက် ကန့်သတ်၍)
ရောင်းချပါမည်...



ယနေ့(၁၂)လွှာထိ တည်ဆောက်ပြီးစီး၍
အခန်းအတွင်းပိုင်းပြင်ဆင်ထားမှု ကြည့်ရှုနိုင်ပါပြီ...
မြကန်သာမြောက်ဘက်-အရှေ့မြို့ပတ်လမ်း၊ ညောင်ရွှေဟော်ကုန်းရပ်၊ တောင်ကြီးမြို့။

LIKE US ON facebook
www.facebook.com/TaunggyiNangHtikeShweSin
Ph: 09-5211622, 09-5211655
09-5210496

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဗိုလ်ချုပ်လှမြင့်ရွှေ(ငြိမ်း)၊ (သံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ချိုချိုသန်းတို့၏သားငယ်

**မောင်ဖြိုးဇာနည်ရွှေ**

နှင့်

ရန်ကုန်မြို့နေ
ဦးထင်ကျော်ကျော်(MD,Teach-Ware International Co.,Ltd)-ဒေါ်သီရိကလျာ
(စိန်စံအိမ်၊ Diamond Villar Gems & Jewelry)တို့၏သမီးဦး

**မဆက်လက်ကောင်းထင်ကျော်ကျော်**

တို့၏ ၈-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် Novotel Yangon Max Hotel၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး၊ လက်ထပ်မင်္ဂလာလက်စွပ်တို့အား ချီးမြှင့်ခြင်းနှင့် မင်္ဂလာရေစင်သွန်းလောင်းပေးပါသော အမှတ်(၃)စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး လှမင်းနှင့်ဇနီး ဒေါ်နိုင်နိုင်မော်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေးနှင့် တေးသံသာများ ဖျော်ဖြေပေးပါသော(First Music Agency)မှ မဟေမာနေဝင်းနှင့် Plus Three အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မလင်းလက်လက်အောင်၊ မရတနာဝင်း၊ မင်္ဂလာပန်းကိုင် မမြသူဇာခင်၊ မင်္ဂလာလက်စွပ်ကိုင် မခိုင်သဇင်ယုဝါ၊ သတို့သားအရံ မောင်ဇော်မိုးထက်၊ မောင်ထွန်းကျော်သက်၊ သတို့သမီးအရံ မသျှားထွဋ်အိန္ဒြာ၊ မမိုမိုကို၊ မင်္ဂလာဝတ်စုံများကို ပြင်ဆင်ပေးပါသော SLK Collections မှ အဖွဲ့သားများ၊ မိတ်ကပ်အလှပြုပြင်ပေးပါသော မိတ်ကပ် မေဦးနှင့်အဖွဲ့သားများ၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော Diamond Villar Gems And Jewelry၊ ပန်းအလှဆင်ပေးပါသော Eternal flowers၊ မင်္ဂလာဧည့်ခံပွဲတွင် မှတ်တမ်းဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးပါသော ဓာတ်ပုံ ဝဏ္ဏခွာနီး၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်မှ မခင်ဘုန်းကြွယ်၊ Novotel Yangon Max မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ အခမ်းအနားသို့ ကြွရောက်ပေးပါသော အနယ်နယ်အရပ်ရပ်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဖြိုးဇာနည်ရွှေ-မဆက်လက်ကောင်းထင်ကျော်ကျော်**

POPULAR STAR Travel & Services
Find us on Facebook
လန်းဆန်းပျော်ရွှင် သကြိန်ခရီးစဉ်

| တောင်ကြီး - အင်းလေး - ပင်းတယ | မန္တလေး - မင်းကွန်း |
| --- | --- |
| ကလော - ထမ့်ဆမ်း - ရွှေတော်ကဏ္ဍ | ပြင်ဦးလွင် - စစ်ကိုင်း |
| Mar 26 - 130000 ကျပ် | Mar 26 - 130000 ကျပ် |
| Apr 11,12,13,17 - 190000 ကျပ် | Apr 12,17 - 150000 ကျပ် |

Scania (2+2) Bus, 3 Stars Hotel, Restaurants
အမှတ် ၇၄ (ပထမထပ်)၊ နှံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်။
Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၂)လမ်း၊ အမှတ်-၁၁၇ (မြေညီထပ်)နေ ဦးအောင်ဝင်းနိုင် [၁၂/လသန(နိုင်)၀၀၀၆၃၁]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းသော မူပိုင်ရှင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်-၂၂၆၁/၂၀၁၅နှင့်၂၂၆၂/၂၀၁၅ တို့ဖြင့် မှတ်ပုံတင်သွင်းကာ အဆိုပါကုန်အမှတ်တံဆိပ်များဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အမျိုးသား၊ အမျိုးသမီး အဝတ်အစားအမျိုးမျိုး၊ ကလေးဝတ်အမျိုးမျိုး၊ ကျောင်းဝတ်စုံအမျိုးမျိုး၊ တူညီဝတ်စုံအမျိုးမျိုး၊ ဦးထုပ်၊ ထီး၊ မိုးကာ၊ အိတ်အမျိုးမျိုး၊ အဝတ်အထည်နှင့်ပတ်သက်သော ကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

| COLLIMATE ® | SKYWARD ® |
| --- | --- |
| **Reg-IV**/၂၂၆၁/၂၀၁၅ | **Reg-IV**/၂၂၆၂/၂၀၁၅ |

ထိုသို့ ဦးအောင်ဝင်းနိုင်၏ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ဖန်တီးကာ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိသော အဆိုပါကုန်အမှတ်တံဆိပ်များ၊ ပစ္စည်းများအား မူပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အဆိုပါကုန်အမှတ်တံဆိပ်များ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း အသုံးပြုခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အခြားနည်းတစ်စုံတစ်ရာဖြင့် သုံးစွဲခြင်း အစရှိသည်တို့ကို အသုံးချဆောင်ရွက်ခြင်းတို့ မပြုလုပ်ကြပါရန် သတိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ခင်စောဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၀၂)**
**အမှတ်-၅၆၁၊ (MAC Tower)၊ အခန်း-၃၀၂၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြည်ကြည်**

**အသက်(၉၄)နှစ်**

ဦးဆွေလင်း(CEO-ကောင်းမြန်မာအောင်သင်္ဘောကုမ္ပဏီလီမိတက်)- Rajati Hudaja(ခ)ဒေါ်စံပယ်တို့၏မိခင်ကြီး ဒေါ်ကြည်ကြည်သည် ၈-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကောင်းမြန်မာအောင်သင်္ဘောကုမ္ပဏီလီမိတက်ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ၊ ဒုတိယညွှန်ကြားရေးမှူး(သုတေသန)၊ ဒေါက်တာဝင်းမော်ထွန်းနှင့် ညွှန်ကြားရေးမှူး (သုတေသန)ဒေါက်တာလှိုင်မြတ်သူတို့၏မိခင် ဒေါ်အေးအေးသစ် (၇၅)နှစ်သည် ၉-၃-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၂း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးညီညီ (မိုးကုတ်)**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ မေခလမ်း၊ အမှတ်(၁၂-စီ)နေ ဒေါ်ပိုးဖြူ၊ ဒေါ်မို့မို့တို့၏ဖခင်ကြီး ဦးညီညီ (မိုးကုတ်) အသက်(၉၂)နှစ်သည် ၇-၃-၂၀၁၅ ရက် (စနေနေ့) ည ၉း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရွှေပါရမီ အလုပ်အမှုဆောင်အဖွဲ့**
**ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း**
**ရွှေပါရမီ ပညာရေးဖောင်ဒေးရှင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကြင်မောင်**

**အသက်(၉၁)နှစ်**

**ပန်းတနော်**

သူငယ်ချင်း ဒုရဲမှူးခင်နိုင်(ငြိမ်း)၏ ချစ်လှစွာသောဖခင်ကြီး ဦးကြင်မောင်သည် ၆-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နယ်ဖြစ်ဒုရဲအုပ်လောင်းသင်တန်း**
**(၉/၈၄)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလင်းဘ(ခ)ဦးဘအောင်(ခ)ကျန်လင်ဝှါ**

**နာယကကြီး (စိန်ဂေဟာ Group)**

**အသက်(၈၆)နှစ်**

ဦးအောင်ဝင်း-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးမောင်ဝင်း-ဒေါ်တင်တင်အေးတို့၏အစ်ကိုကြီး၊ ဦးအောင်ဇော်မြင့်-ဒေါ်တီတီလေး၊ ဦးအောင်ဇော်ခင်-ဒေါ်မြင့်မြင့်ဆွေတို့၏ ဖခင်ကြီး ဦးလင်းဘ(ခ)ဦးဘအောင်(ခ)ကျန်လင်ဝှါ သည် ၆-၃-၂၀၁၅ (သောကြာ)နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**TRI မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြည်ကြည်**

**အသက်(၉၄)နှစ်**

KMA Shipping Co.,Ltd, CEO **ဦးဆွေလင်း**၏မိခင်ကြီး **ဒေါ်ကြည်ကြည်** သည် ၈-၃-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးရွှေဖြိုး-ဒေါက်တာမေသက်ထားကြည်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဘအောင်(ခ)ကျန်လျင်ဝှါ**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်(၂)လမ်း၊ အမှတ်(၆)နေ ဦးအောင်ဇော်မြင့်-ဒေါ်တီတီလေးတို့၏ဖခင် ဦးဘအောင်(ခ)ကျန်လင်ဝှါ နာယကကြီး(စိန်ဂေဟာGroup) အသက်(၈၆)နှစ်သည်(၆-၃-၂၀၁၅)ရက်နေ့ညနေတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးမြင့်(CEO)**
**M.K.T Construction Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးငွေ**

**အသက်(၇၉)နှစ်**

ဒေါ်ဝင်းရီလှ(ကထိ၊ ရှေးဟောင်းသုတေသနပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၏မိခင် ဒေါ်အေးငွေသည် ၈-၃-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှေးဟောင်းသုတေသနပညာဌာန (မိသားစု)**
**ရန်ကုန်တက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးလင်းဘ(ခ)ဦးဘအောင်(ခ)ကျန်လင်ဝှါ**

**အသက်(၈၆)နှစ်**

**နာယကကြီး(စိန်ဂေဟာ Group)**

သူငယ်ချင်း ကိုကာခင်၏ဖခင် ဦးလင်းဘ(ခ)ဦးဘအောင်(ခ)ကျန်လင်ဝှါသည် ၆-၃-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**1981 BATCH ENGLISH MAJOR သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလင်းဘ(ခ)ဦးဘအောင်(ခ)ကျန်လင်ဝှါ**

**အသက်(၈၆)နှစ်**

**နာယကကြီး(စိန်ဂေဟာ Group)**

ဦးအောင်ဝင်း-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးမောင်ဝင်း-ဒေါ်တင်တင်အေးတို့၏ အစ်ကိုကြီး ဦးကာခင်-ဒေါ်ညွန့်ရီ၊ ဦးအောင်ဇော်မြင့်-ဒေါ်တီတီလေး တို့၏ဖခင် ဦးလင်းဘ(ခ) ဦးဘအောင်(ခ)ကျန်လင်ဝှါ(၈၆)နှစ်သည် ၆-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**The Management and staff of-**
**Advanced Vision Co., Ltd.(Panasonic AV)**

## အများသိစေရန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဆင်အင်းကျေးရွာနေ (ဘ)ဦးချို၏သား မောင်ဖြိုးမောင်မောင်နှင့် မြင်းစီးကျေးရွာနေ (ဘ) ဦးစိုးသိန်း၏ သမီး မကြည်ဆောင်တို့ ဇနီးမောင်နှံသည် မြစ်ကြီးနားမြို့၊ ဂျာမိုင်ကောင်း ရပ်ကွက်၊ အိမ်အမှတ်(၃၁၆)နေ [၁/မကန(နိုင်)၀၄၃၂၉၇] ကိုင်ဆောင်သူ ကျွန်မ ဒေါ်လုတောင်၏ ငွေကြေးများကို လိမ်လည်ယူဆောင်သွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ပေးရန်နှင့် လာရောက်ပေးဆောင်ခြင်းမပြုပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လုတောင်**
[၁/မကန(နိုင်)၀၄၃၂၉၇]

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလင်းဘ(ခ)ဦးဘအောင်(ခ)ကျန်လင်ဝှါ**

**စိန်ဂေဟာ Group နာယကကြီး**

**အသက်(၈၆)နှစ်**

စိန်ဂေဟာ Group မှ ဒါရိုက်တာဦးအောင်ဇော်မြင့်-ဒေါ်တီတီလေးတို့၏ မွေးသဖခင် ကျေးဇူးရှင် ဦးလင်းဘ(ခ)ဦးဘအောင်(ခ)ကျန်လင်ဝှါသည် ၆-၃-၂၀၁၅ရက် (သောကြာနေ့)ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်ထူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ**

**ကုံကော်တောဦးမျိုးအောင်-ဒေါ်တင်မာရီ**
**ဦးမင်းဒင်-ဒေါ်ဖြူဖြူဟန်**
**ဦးအေးဝင်း-ဒေါ်နွယ်နီတင်**
**ဦးဝင်းမြင့်-ဒေါ်ခင်မေလွင်**
**ဦးစိုင်းနော်ခမ်း-ဒေါ်နန်းအွမ်း**
**ဦးအောင်ကျော်ကျော်-ဒေါ်သန်းသန်းအေး**
**ဦးဝင်းငွေ-ဒေါ်အေးအေးသက်**
**ဦးသိန်းနိုင်-ဒေါ်မြင့်မြင့်**
**ဦးမောင်မောင်ထွန်း-ဒေါ်သီတာစိန်ညွန့်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလင်းဘ(ခ)ဦးဘအောင်(ခ)ကျန်လင်ဝှါ**

**အသက်(၈၆)နှစ်**

**နာယကကြီး (စိန်ဂေဟာ Group)**

ဦးအောင်ဝင်း-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးမောင်ဝင်း-ဒေါ်တင်တင်အေး တို့၏အစ်ကိုကြီး၊ ဦးကာခင်-ဒေါ်ညွန့်ရီ၊ ဦးအောင်ဇော်မြင့်-ဒေါ်တီတီလေးတို့၏ဖခင် ဦးလင်းဘ(ခ)ဦးဘအောင်(ခ)ကျန်လင်ဝှါ (၈၆)နှစ်သည် ၆-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**The Management and staff of-**
**Fujitsu General Ltd. & Golden Orchid Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလင်းဘ(ခ)ဦးဘအောင်(ခ)ကျန်လင်ဝှါ**

**စိန်ဂေဟာ Group နာယကကြီး**

**အသက်(၈၆)နှစ်**

စိန်ဂေဟာ Group မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဝင်းနှင့် ဒါရိုက်တာ ဦးမောင်မောင်ဝင်းတို့၏အစ်ကိုကြီး၊ ဒါရိုက်တာ ဦးအောင်ဇော်မြင့်-ဒေါ်တီတီလေးတို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးလင်းဘ(ခ) ဦးဘအောင်(ခ)ကျန်လင်ဝှါသည် ၆-၃-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**The Management & Staff of Nikon and Special Style Family**

ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ စည်းကမ်းရှိသော ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

ယနေ့

**မာတိကာ**

ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းစေချင်

စာမျက်နှာ - ၅

တက္ကသိုလ်ဝင် စာမေးပွဲ စတင်ကျင်းပ ကျောင်းသား ကျောင်းသူများ ငြိမ်းချမ်းစွာ ဖြေဆို

စာမျက်နှာ - ၉

# နှစ်နိုင်ငံအကြီးအကဲများ၏ အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုအားကောင်းစေခဲ့



**နေပြည်တော် မတ် ၁၁**

ဒုတိယသမ္မတဦးညဏ်ထွန်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ် ငုယင်သီဇွမ်းနှင့်တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ယင်းသို့တွေ့ဆုံစဉ် ဒုတိယသမ္မတဦးညဏ်ထွန်းက မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု စတင်ထူထောင်ခဲ့ချိန်မှစ၍ နှစ်နိုင်ငံအကြား နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုခိုင်မြဲလာပါကြောင်း၊ နှစ်နိုင်ငံအကြီးအကဲများ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များသည်လည်း နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုအားကောင်းစေခဲ့ပါကြောင်း။

နှစ်နိုင်ငံကုန်သွယ်ရေးပမာဏမှာ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၈၁ သန်းကျော်ရှိလာခဲ့ပြီး ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍတွင် အဆင့်(၉)ရှိသည့် နိုင်ငံဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း နှစ်နိုင်ငံကုန်သွယ်ရေးမြှင့်တင်ရန် မြန်မာ-ဗီယက်နမ် ပူးတွဲကော်မတီအနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်ပြီး နှစ်စဉ်ပုံမှန်အစည်းအဝေးများ ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလအတွင်း၌ နေပြည်တော်တွင် (၈)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကို ကျင်းပရန်ရှိသည်ဟု ကြားသိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏

**စာမျက်နှာ ၈ ကော်လံ ၄ သို့✻**

## သက်ဆိုင်ရာမိဘများအားခေါ်ယူ၍ ထိန်းသိမ်းခဲ့သည့် ကျောင်းသား ကျောင်းသူများကို ပြန်လည်အပ်နှံမည်

**နေပြည်တော် မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် ဆန္ဒပြခဲ့သောအဖွဲ့သည် မတ် ၁၀ ရက်က တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တားမြစ်ထားသည့် အတားအဆီးများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖောက်ထွက်ရန် ကြိုးစားခဲ့ပြီး လုံခြုံရေးအတားအဆီးများအား ဆွဲဖျက်ခြင်း၊ အမိုးအကာတဲများအား ဖျက်ဆီးခြင်း၊ တုတ်များ၊ ခဲများ၊ ရေသန့်ဘူးများဖြင့် ပစ်ပေါက်ခဲ့ခြင်း စသည့် ဥပဒေမဲ့လုပ်ဆောင်လာမှုများကြောင့် ဥပဒေနှင့်အညီ သတိပေးကြေညာကာ ဖမ်းဆီးထိန်းသိမ်း၍ လူစုခွဲခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်တွင် ကျား ၁၀၇ ဦး၊ မ ၂၀ စုစုပေါင်း ၁၂၇ ဦးအား ခေါ်ယူထိန်းသိမ်း စစ်မေးလျက်ရှိပြီး တက္ကသိုလ်၊ ကောလိပ်များ၌ အမှန်တကယ် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအား ဆက်လက်ပညာသင်ကြားနိုင်ရေး စေတနာထားရှိသောအားဖြင့် လည်းကောင်း၊ မိဘများအပေါ် စာနာထောက်ထားသောအားဖြင့် လည်းကောင်း၊ ကျူးလွန်သည့်ပြစ်မှုများအပေါ် သက်ညှာသောအားဖြင့်လည်းကောင်း ဒေသအသီးသီးရှိ သက်ဆိုင်ရာမိဘများအား ခေါ်ယူ၍ စနစ်တကျ ပြန်လည်အပ်နှံနိုင်ရေး ဆက်သွယ်အကြောင်းကြားလျက်ရှိကြောင်းနှင့် ကျန်ပြစ်မှုကျူးလွန်သူများနှင့် တိုင်းပြည်မငြိမ်မသက်ဖြစ်စေရန် နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားသူများ၊ အားပေးအားမြှောက်ပြုလုပ်သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည် ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာအမျိုးသမီးအသင်း သီရိလင်္ကာအား ၁၆ ဂိုးသွင်း

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

၂၀၁၆ အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ အာရှဇုန် ပထမအဆင့် ခြေစစ်ပွဲအုပ်စု(က)ပထမနေ့အဖြစ် မြန်မာအသင်းနှင့် သီရိလင်္ကာအသင်းတို့သည် ယနေ့ ညနေ ၅ နာရီက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားသည်။

**မြန်မာအမျိုးသမီးအသင်း - ၁၆ ဂိုး**
**သီရိလင်္ကာအမျိုးသမီးအသင်း - ဂိုးမရှိ**

မြန်မာ အမျိုးသမီးအသင်း၏ အိုလံပစ်ခြေစစ်ပွဲအဖွင့်ပွဲမှာ အခက်အခဲမရှိဘဲ ခြေစွမ်းပြပြီး ဂိုးပြတ်အနိုင်ယူနိုင်ခဲ့သည်။ မြန်မာအသင်းမှာ အနိုင်သုံးမှတ်အပြင် ဂိုးပြတ်သွင်းယူနိုင်ခဲ့သောကြောင့် ဒုတိယအဆင့်တက်ရောက်ရန် အခြေအနေ

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့✪**



မြန်မာအသင်း သီရိလင်္ကာအသင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းနေစဉ်။

themirror.npt@gmail.com
www.facebook.com/themirrordaily



